Voice of Burma

*Published by Voice of Burma Information Group*     *Issue No. 726  SEPTEMBER 6, 2009*

**1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN**
**Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , koko@gol.com**

# ဒေါ်အောင်ဆန်းစုကြည် အမှုကြားနာလက်ခံဘို့ တရားရုံးကဆုံးဖြတ်

**BBC ၊ စက်တင်ဘာ ၄ ။ ။** ဒေါ်အောင်ဆန်းစုကြည်ကို အင်းစိန်ထောင်အတွင်း မြောက်ပိုင်းခရိုင်တရားရုံးကချမှတ်ထားတဲ့ပြစ်ဒဏ် အလုပ်ကြမ်းနဲ့ထောင်ဒဏ် ၃ နှစ်အတွက် အယူခံကို ခရိုင်ထက်တဆင့်မြင့်တဲ့ ရန်ကုန်တိုင်းတရားရုံးကို မနေ့တုန်းက သူ့ရှေ့နေတွေကတင်ခဲ့ရာမှာ ဒီအမှုကို ကြားနာလက်ခံမယ်ဆိုပြီးတော့ တရားရုံးက ဒီကနေ့ဆုံးဖြတ်လိုက်ပါတယ်။

ဒီအကြောင်းအသေးစိတ်ကို ဒေါ်အောင်ဆန်းစုကြည်ရဲ့ရှေ့နေကြီးဦးဉာဏ် ဝင်းကိုမေးကြည့်တဲ့အခါ…

"ဟုတ်ကဲ့၊ ဒီနေ့မနက် ၁၀ နာရီ ဒေါ်အောင်ဆန်းစုကြည်အတွက် ဆရာဦးကြည်ဝင်းက လျှောက်လဲချက်ပေးပါတယ်၊ ဒေါ်ခင်ခင်ဝင်းနဲ့ ဒေါ်ဝင်းမမ အတွက် ကိုလှမျိုးမြင့်ကလျှောက်လဲချက်ပေးပါတယ်။ အဲဒီအတွက် လျှောက်လဲချက်ပေးပြီးတဲ့အခါကျတော့ တိုင်းတရားသူကြီးက အမှုကိုလက်ခံတယ်၊ နှစ်ဘက်ကြားနာဘို့ စက်တင်ဘာ ၁၈ ရက် မနက် ၁၀ နာရီ ကြားနာမယ်ဆိုပြီး ရုံးချိန်းပေးပါတယ်။"

**BBC ။ ။** ဟုတ်ကဲ့၊ ၁၈ ရက်နေ့ကျရင်နှစ်ဘက်ကြားနာမယ်ဆိုတော့ ဦးဉာဏ်ဝင်းတို့ဘက်ရယ်၊ တခြားဘက်ကဘယ်သူလာမလဲ။

"ဟုတ်ကဲ့၊ ကျနော်တို့ကအယူခံတရားလို၊ အယူခံတရားခံကတော့ နိုင်ငံတော်ပေါ့။ အစိုးရရှေ့နေလာမှာပေါ့။"

**BBC ။ ။** ဟုတ်ကဲ့၊ ၁၈ ရက်နေ့ကျရင် အဲဒီနေ့မှာဘဲအမိန့်ကျမယ့်သဘော မျိုးလားခင်ဗျ။

"ပုံမှန်အားဖြင့် လက်တွေ့ကျနော်တို့အတွေ့အကြုံအရတော့ အဲဒီနေ့ချက်ချင်းအမိန့်ကျမယ်လို့မထင်ဘူး။ ဒီဥစ္စာနှစ်ဘက် ကျယ်ကျယ်ပြန့်ပြန့်ပြောမယ်၊ ကျယ်ကျယ်ပြန့်ပြန့် တရားရုံးကလည်းစဉ်းစားမယ်ဆိုတော့ အဲဒီရက်တော့မဖြစ်လောက်ဘူးလို့ခန့်မှန်းပါတယ်။"

**BBC ။ ။** ဟုတ်ကဲ့၊ ဒီပဲယင်းအရေးအခင်းနောက်ပိုင်း အယူခံမှာတုန်းက ဒေါ်အောင်ဆန်းစုကြည်တို့အမှုမှာ အပယ်ခံရတယ်၊ အခုအယူခံကိုလက်ခံတယ်ဆိုတော့ ဒါထူးခြားတယ်လို့ ပြောနိုင်သလားခင်ဗျ။

"အယူခံရုံးချင်းတော့မတူဘူး၊ ဒီဥစ္စာကတော့ ဒီနေ့ကျနော်တို့သွားတာက တရားရုံး၊ ဟိုဘက်မှာက တရားရုံးမဟုတ်ဘူး၊ အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့ဖြစ်တယ်၊ အစိုးရအဖွဲ့၊ အဲဒီတော့ အစိုးရအဖွဲ့မှာ လျှောက်လဲချက်တောင်မှ ဆရာဦးကြည်ဝင်းတို့ပေးခွင့်မရခဲ့ဘူး။ အဲဒီတော့ အခြေအနေချင်းမတူဘူးလို့တော့ ကျနော်ပြောချင်တယ်။"

**BBC ။ ။** ဟုတ်ကဲ့၊ ဒီနေ့အယူခံကိုကြားနာမယ်လို့လက်ခံတဲ့အပေါ်မှာရော ဦးဉာဏ်ဝင်းတို့ဘယ်လိုမြင်ပါသလဲ။

"ဟုတ်ကဲ့၊ ဒီဥစ္စာကတော့ လက်ခံသင့်လက်ခံထိုက်တဲ့ ဥပဒေအချက်အလက်တွေရှိနေလို့လက်ခံတာလို့ကျနော် အဲဒီလိုဘဲနားလည်ပါတယ်။"

**BBC ။ ။** ဟုတ်ကဲ့၊ လက်ခံသင့်တဲ့အချက်ဆိုတဲ့နေရာမှာ ပြောပြလို့ရပါသ လားခင်ဗျ။

"ဥပမာအားဖြင့် ဒါအားလုံးပြောနေကြတဲ့ စိတ်လည်းဝင်စားနေကြတဲ့ ၁၉၇၄ ခု ပြည်ထောင်စုဆိုရှယ်လစ်ဖွဲ့စည်းပုံအခြေခံဥပဒေ အဲဒီအခြေခံဥပဒေထဲက ပုဒ်မတွေကို ယူသုံးပြီးတော့ ဒေါ်အောင်ဆန်းစုကြည်အပေါ်မှာ ကန့်သတ်တယ်။ ကျနော်တို့က အဲဒီလိုသုံးခွင့်မရှိဘူး၊ ကန့်သတ်တဲ့ တားဆီးတဲ့အမိန့်တွေဟာ တရားမဝင်ဘူး၊ အဲဒီလို တရားမဝင်ဘူးဆိုရင် ဒေါ်အောင်ဆန်းစုကြည်ဟာ အပြစ်မရှိဘူး။

ဒါနဲ့ပတ်သက်ပြီးတော့ ဥပဒေဆိုင်ရာ အဆုံးအဖြတ်ကို တရားရုံးကပေးရမှာဘဲ၊ မူလရုံးက ဒီဟာနဲ့ပတ်သက်ပြီးတော့ ချန်လှပ်သွားတယ်။ မဆွေးနွေးခဲ့ဘူး၊အဲဒါကြောင့် ဒီဥစ္စာဟာအရေးကြီးတဲ့အချက်ဖြစ်ကြောင်း ကျနော်တို့ပြောခဲ့ပါတယ်။ ကျနော်တို့အမှုက ဥပဒေဆိုင်ရာအချက်အလက်က ဟိုဘက်ဒီဘက်စဉ်းစားရမှာမဟုတ်ဘူး၊ ကျနော်တို့ဘက်က လုံးဝအသာစီးရနေတဲ့ ဥပဒေအချက်အလက်တွေရှိတယ်လို့ ကျနော်အဲဒီလိုပြောချင်ပါတယ်။"

မေလဆန်းပိုင်းတွင် အမေရိကန်နိုင်ငံသား ဂျွန်ဝီလီယံယက်တော နေအိမ်အတွင်း ရေကူးဝင်ရောက်လာသည်ကို မတရားအမှုဆင်တရားစွဲဆိုပြီး ဒေါ်အောင်ဆန်းစုကြည်နှင့်အတူနေသူ သားအမိနှစ်ဦးက နေထိုင်ခွင့်ပြုခဲ့သဖြင့် အကျယ်ချုပ်စည်းကမ်းဖောက်ဖျက်သည်ဟုဆိုကာ ပြီးခဲ့တဲ့လ ၁၁ ရက်နေ့မှာ အင်းစိန်ထောင်တွင်း မြောက်ပိုင်းခရိုင်တရားရုံးက အလုပ်ကြမ်းနဲ့ထောင်ဒဏ် ၃ နှစ်စီရင်ချက်ချခဲ့တာဖြစ်ပါတယ်။

☆☆☆☆☆

**ရွှေဝါရောင်နှစ်ပတ်လည်နီးလာတာနဲ့ အမျှ နအဖစစ်အုပ်စု သွေး လေ ချောက်ခြား** — **စာမျက်နှာ ၂**

**နအဖနဲ့ ဒီကေဘီအေတပ်များ ကေအန်ယူပိုင် မဲ့ကသာဒေသကို ဝင်ရောက် တပ်စွဲ** — **စာမျက်နှာ ၄**

**ကိုးကန့် တပ်နှင့် နအဖစစ်တပ် တိုက်ပွဲအပေါ် နိုင်ငံရေးအဖွဲ့အစည်းများ အမြင်** — **စာမျက်နှာ ၁၀**

**စက်တင်ဘာလအတွင်း စာသင်သား သံဃာများကို နယ်ပြန်လွှတ်ရန် အစီအစဉ်ရှိ** — **စာမျက်နှာ ၁၃**

**အဖွဲ့ ချုပ် အမျိုးသမီး အဖွဲ့ စည်းရုံးရေးလုပ်ငန်းများ တားဆီးခံနေကြရ** — **စာမျက်နှာ ၁၆**

VOB အာဘော်

# တရားဥပဒေမစိုးမိုးသော တိုင်းပြည်

ဒေါ်အောင်ဆန်းစုကြည်က သူမအပေါ်ချမှတ်ခဲ့သောပြစ်ဒဏ်သည် ကြောင်းကျိုးဆီလျော်မှုမရှိ၊ တရားစီရင်မှုသည်မမျှတဟုဆိုကာ အယူခံဝင်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်၏အယူခံလွှာကို တရားရုံးလက်ခံခြင်း ငြင်းပယ်ခြင်းမပြုပဲ နောက်တနေ့တွင်မှ လက်ခံကြောင်းအကြောင်းပြန်ခဲ့သည်။ မြန်မာနိုင်ငံတွင် မည်သူမျှ တရားဥပဒေ၏အထက်တွင်မရှိစေရဟူသောစကားရပ်ကို နအဖအဖွဲ့ဝင်ထိပ်တန်းဗိုလ်ချုပ်ကြီးတဦးက ပြောဆိုခဲ့သည်။ သို့သော်လည်း လက်တွေ့တွင်မူ မြန်မာပြည်တွင်းအခြေအနေများက ထိုပြောဆိုချက်နှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေသည်။ အာဏာရှင်များ၏ထင်တိုင်းကြဲနေသောလုပ်ရပ်များက မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ဆိုးကျိုးများကို ဖြစ်ပေါ်နေသည်။ ရုပ်ပိုင်းဆိုင်ရာဆိုးကျိုးများ သက်ရောက်နေသကဲ့သို့ စာရိတ္တပိုင်းဆိုင်ရာပျက်စီးမှုများလည်း ကြုံနေရသည်။ ဤသည်က တရားဥပဒေစိုးမိုးမှုမရှိခြင်းရလဒ်ဖြစ်သည်။

ဒီမိုကရေစီခေါင်းဆောင်အား မတရားသောနည်းလမ်းများဖြင့် အကွက်ချစီမံကာ မြန်မာ့နိုင်ငံရေးလောကတွင် မပါဝင်နိုင်ရန်၊ စစ်အုပ်စုက ကျင်းပရန်စီစဥ်ထားသည့် ၂၀၁၀ ရွေးကောက်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည် မပါဝင်နိုင်ရန်လုပ်ဆောင်လျက်ရှိသည်။ ဤအခြေအနေသည် ၁၉၈၉ ခုနှစ်တွင် သူမအား နေအိမ်အကျယ်ချုပ်ချခဲ့ခြင်းနှင့် ထပ်တူအကြောင်းရင်းဖြစ်သည်။ နအဖစစ်အာဏာရှင်များသည် နှစ် ၂၀ လုံးလုံး တရားဥပဒေကိုလေးစားလိုက်နာခြင်းမရှိပဲ တိုင်းပြည်အား အမိန့်ဖြင့်အုပ်ချုပ်နေခဲ့သည်။ ဤသည်ကို မြန်မာပြည်သူပြည်သားများသာမက မြန်မာ့အရေးကို ထဲထဲဝင်ဝင်လေ့လာလုပ်ကိုင်နေသည့်နိုင်ငံခြား သားများလည်း သိကြသည်။

ဒေါ်အောင်ဆန်းစုကြည်အား တရားစွဲဆိုကာ ရုံးတင်စစ်ဆေးမှုများပြုလုပ်ခဲ့ခြင်းကို အမျိုးသားဒီမိုကရေစီအဖွဲ့သည် တရားဥပဒေကိုလေးစားလိုက်နာသည့် သိက္ခာရှိအဖွဲ့အစည်းဖြစ်သည်နှင့်အညီ ဥပဒေလမ်းကြောင်းဖြင့် မတရားစွဲချက်များကိုချေဖျက်ရန်အစွမ်းကုန်ကြိုးပမ်းခဲ့သည်။ သို့သော်လည်း ဒီမိုကရေစီခေါင်းဆောင်အား နိုင်ငံရေးလောကအတွင်းမှဖယ်ရှားရန် အပြီးတိုင်ဆုံးဖြတ်ထားပုံရသည့် စစ်အာဏာရှင်ဗိုလ်ချုပ်ကြီးများက ဒေါ်အောင်ဆန်းစုကြည်၏ရှေ့နေအဖွဲ့ ကြိုးပမ်းချက်များကိုအရာမရောက်စေရန်လုပ်ကိုင်ခဲ့သည်။ ဥပဒေကြောင်းအရကြည့်မည်၊ အဖြေထုတ်မည်ဆိုလျှင် ဒေါ်အောင်ဆန်းစုကြည်၏ရှေ့နေများကဆိုသည့်အတိုင်း သေချာပေါက်အနိုင်ရမည့်အမှုဖြစ်သည်။ သို့သော် တရားဥပဒေစိုးမိုးမှုမရှိသောတိုင်းပြည်တွင် အာဏာရှင်ဗိုလ်ချုပ်ကြီးများ၏အမိန့်ကသာ အပြီးသတ်ဆုံး ဖြတ်ချက်ဖြစ်သောကြောင့် ရှေ့နေများ၏ကြိုးပမ်းချက်များ အရာမရောက်ခဲ့ရခြင်းဖြစ်သည်။

ယခုတဖန် ဒေါ်အောင်ဆန်းစုကြည်၏သဘောဆန္ဒအတိုင်း ဥပဒေကြောင်းနှင့်အညီ အယူခံဝင်လိုက်ပြီဖြစ်သည်။ လိုအပ်ချက်ဖြစ်သည်၊ မှန်ကန်သည့်လုပ်ရပ်ဖြစ်သည်။ မှတ်တမ်းတင်ခံရမည့်လုပ်ရပ်ဖြစ်သည်။ သို့သော် အောင်မြင်မည့်လုပ်ရပ်မဟုတ်ပေ။ အကြောင်းရင်းရှိနေသည်။ အထက်တွင်ဆိုခဲ့သည့်အတိုင်း ဒေါ်အောင်ဆန်းစုကြည်အား ၂၀၁၀ ရွေးကောက်ပွဲမတိုင်မီကာလအတွင်း မည်သည့်နည်းနှင့်မျှမလွှတ်ပေးဟု နအဖစစ်အာဏာရှင်များက ဆုံးဖြတ်လုပ်ကိုင်နေသည့်အချက်ပေါ်လွင်နေသောကြောင့်ဖြစ်သည်။ ထိုမျှမကသေး ယနေ့ထက်တိုင် ဒီမိုကရေစီအင်အားစုများကို ဆက်လက်နှိပ်ကွပ်နေဆဲဆိုသည်ကလည်း အကြောင်းရင်း တရပ်ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်အား စစ်အာဏာရှင်များက ဥပဒေကြောင်းအရ ထိုးနှက်ခြင်းမဟုတ်ပဲ နိုင်ငံရေးအရ ထိုးနှက်ခြင်းဖြစ်သည်ကို တကမ္ဘာလုံး သိကြသည်။ ထို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ဥပဒေကြောင်းအရ တန်ပြန်တိုက်ပွဲဝင်ရုံဖြင့် ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်လာမည်မဟုတ်ပဲ၊ နိုင်ငံရေးအရပါ ပူးတွဲတိုက်ပွဲဝင်မှသာ လူထုခေါင်းဆောင်လွှတ်မြောက်လာမည်ဟု ယုံကြည်ကြောင်း ရေးသားလိုက်ရပေသည်။

---

# ရွှေဝါရောင်နှစ်ပတ်လည်နီးလာတာနဲ့အမျှ နအဖစစ်အုပ်စု သွေး လေ ချောက်ခြား

**RFA | စက်တင်ဘာ ၃ ။** ။ စက်တင်ဘာ ရွှေဝါရောင်အရေးအခင်း နှစ်ပတ်လည် ကာလနီးကပ်လာသလို သံဃာ့လှုပ်ရှားမှုအဖွဲ့တွေ ဖွဲ့စည်းတယ်ဆိုတဲ့သတင်းတွေ ထွက်လာပြီးတဲ့နောက်မှာ အထက်မြန်မာပြည်မှာ သံဃာတချို့ကို ဖမ်းဆီးတာတွေ လုပ်နေသလို ရန်ကုန်နဲ့မန္တလေးမြို့က စာသင်တိုက်ကြီးတွေက စာသင်သံဃာတော် တွေကို နေရပ်ရင်းပြန်ကြွခိုင်းလိမ့်မယ်ဆိုတဲ့သတင်းတွေ ထွက်ပေါ်နေပါတယ်။

မန္တလေးစာသင်တိုက်တခုက တပါးကတော့ လောလောဆယ် ပုံမှန်စာသင် စာချလုပ်နေဆဲရှိပြီး တချို့တိုက်တွေမှာတော့ သီတင်းကျွတ်ပြီးတာနဲ့ ပြန်ကြွကြဘို့ အာဏာပိုင်တွေက လာလျှောက်သွားတာရှိတယ်လို့ ခုလိုမိန့်ပါတယ်။

“ကြားတော့ကြားနေတာပေါ့၊ ဟုတ်တယ်။ တခြားကျောင်းတွေပေါ့။ တိုက်သစ်မှာ ဘုန်းကြီးတွေလာလျှောက်တယ်ပြောတာဘဲ။ သီတင်းကျွတ်လို့ရှိရင်ပြန်လွှတ်ဘို့ ကိုယ်တော်တွေကိုအဲဒီလိုပြောတာဘဲ။ အဲဒါ အတိအကျတော့မဟုတ်ဘူး။ ခုကတော့ ပုံမှန်ဘဲစာသင်စာချဘဲလုပ်နေတယ်။ ဒကာကြီးရေ အတွင်းကတော့ ဒီလိုဘဲ ကိုယ့်ဟာကိုယ်နေကြရတာဘဲ။”

တခြားကျောင်းတိုက်ကြီးတခုက စာချဆရာတော်တပါးကတော့ တရားဝင်စာထွက်တာ မတွေ့ရပေမယ့် ဒီအကြောင်းကိုပြောဆိုနေကြတာ တော်တော်ကြားနေရတယ်လို့ မိန့်ပါတယ်။ တကယ်သာ အဲဒီလိုလုပ်ခိုင်းခဲ့ရင်လည်း ဆရာတော်ကြီးတွေကတော့ လိုက်လုပ်လိမ့်မယ်မထင်ဘူးလို့ မိန့်ပါတယ်။

“တိုက်မှာက ထုံးစံမရှိဘူး။ သူတို့ပို့ခိုင်းလည်း မပို့ဘူးလေ။ တိုက်ရဲ့အနေအထားက ပရိယတ္တိပညာရေး စာသင်တိုက်ဘဲလေ။ ဒီကလေးတွေရဲ့ပညာရေးကိုအဓိကထားတယ်။ ဘယ်သူတွေကပို့ခိုင်းခိုင်း ပို့ချင်မှပို့မှာ ဒါဆရာတော်တွေကဘဲ ဟုတ်တယ်မလား။” ရန်ကုန်မှာလည်း အလားတူသတင်းတွေထွက်နေပြီး ဒီနှစ်စာမေးပွဲကလည်း မသေချာဘူးလို့ ပြောဆိုနေတာတွေရှိတဲ့အကြောင်း စမ်းချောင်းမြို့နယ်က သံဃာတပါးကအခုလိုမိန့်ပါတယ်။

“ဦးဇင်းတို့ကို အခုစက်တင်ဘာလမှာ ပြန်လွှတ်မယ်လို့လုပ်နေကြတယ်။ အခု စက်တင်ဘာမှာပြန်လွှတ်ရင်လွှတ် အဲလိုမှ မလွှတ်ဘူးဆိုရင် ဦးဇင်းတို့သီတင်းကျွတ်ရင် ပြန်ရမယ်။ နယ်တွေကိုပြန်ရမယ်။ စာမေးပွဲကမကျိမ်းသေဘူး။ ဦးဇင်းတို့မြို့ပေါ်မှာရှိနေတယ်ဆိုရင် ရွှေဝါရောင်တော်လှန်ရေးကြီးကို ပြန်ပြီးလုပ်မှာကိုကြောက်လွန်းလို့ အကြောက်လွန်လွန်းလို့ နယ်တွေကိုပြန်ပြီး အရှင်ဘုရားတို့ ပြန်သီတင်းသုံးပါလို့ ပြောတာနဲ့အတူတူဘဲ။”

လာမယ့် သီတင်းကျွတ်လပြည့်နေ့မှာ သံဃာတော်တွေကနေ တတိယအကြိမ် ပတ္တနိက္ကုဇ္ဇနကံဆောင်မယ်ဆိုတဲ့ သတင်းတွေကြောင့်လည်း အာဏာပိုင်တွေ ပူပန်နေတာဖြစ်နိုင်တယ်လို့ထင်ကြောင်းလည်း ပြောပါတယ်။ ဝါမကျွတ်ခင် နေရပ်

**တဖက်သို့**

# ကိုးကန့် စစ်ဖြစ်နေတဲ့ ပြဿနာကို ပြည်မထဲသို့ ဆွဲသွင်းရန် ဗကပ ပြောဆို

**DVB၊ စက်တင်ဘာ ၄။** ။ ကိုးကန့် အပစ်ရပ်အဖွဲ့အပေါ် နအဖက ထိုးစစ်ဆင်တာဟာ အနှစ် ၂၀ အတွင်း နအဖရဲ့ကြီးမားတဲ့နိုင်ငံရေးမူဝါဒ အပြောင်းအလဲပဲလို့ ကိုးကန့်အဖွဲ့ကို တချိန်တုန်းက ထိန်းချုပ်ခဲ့ဖူးတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ပြောခွင့်ရပုဂ္ဂိုလ် ရဲဘော်ဖိုးသံချောင်းက ပြောပါတယ်။

ကိုးကန့်ပြဿနာက နယ်စပ်မှာ ဖြစ်နေတာမှန်ပေမယ့် အားလုံးနဲ့ဆက်စပ်နေတာကြောင့် ပြည်မနိုင်ငံရေးနဲ့ဆက်စပ်မှုရှိအောင် လုပ်ရမယ်လို့ ရဲဘော်ဖိုးသံချောင်းက ပြောပါတယ်။ အနှစ် ၂၀ အတွင်း နဝတ၊ နအဖစစ်အုပ်စုအဆက်ဆက်ရဲ့ နိုင်ငံရေးမူဝါဒပြောင်းလဲသွားပုံကို ရဲဘော် ဖိုးသံချောင်းကရှင်းပြပါတယ်။

“နအဖစစ်အုပ်စု အရင်နဝတခေတ်တုန်းက – နံပါတ်တစ်က ဗမာပြည်ကွန်မြူနစ်ပါတီကို အလဲထိုးဖို့၊ နံပါတ်နှစ်က တောခိုလာတဲ့ ၈၈ မျိုးဆက်ကျောင်းသားတွေနဲ့တရုတ်ပြည်ဘက်က လက်နက်ကိုင်တပ်တွေကို အဆက်အစပ်မရှိအောင်ဖျက်ဖို့၊ ဗမာပြည်က ပင်မနိုင်ငံရေးနဲ့ သူတို့ကို ကင်းကွာသွားအောင် လုပ်ဖို့။ နံပါတ်သုံးက တရုတ်ပြည်အစိုးရနဲ့ ပြန်လည်ရင်ကြားစေ့ရေးဖြစ်ပါတယ်။ နှစ် ၂၀ ကွာလာတဲ့ စစ်အုပ်စုရဲ့နိုင်ငံရေးလိုအပ်ချက် နံပါတ်တစ်က အမျိုးသားဒီမိုကရေစီအင်အားစုကို အလဲထိုးဖို့။ နံပါတ်နှစ်အချက်က ကမ္ဘာအနှံ့ပျံ့နှံ့နေတဲ့ ၈၈ မျိုးဆက်အုပ်စုကို ယုံကြည်ချက်တွေ စွန့်လွှတ်ပြီး မြန်မာနိုင်ငံကိုပြန်လာဖို့။ နောက်တခုက အမေရိကန်အစိုးရနဲ့နီးစပ်အောင် ရင်ကြားစေ့ဖို့ဖြစ်ပါတယ်။”

စစ်အုပ်စုနဲ့ အပစ်အခတ်ရပ်စဲထားတဲ့ ငြိမ်းချမ်းရေးအဖွဲ့တွေရဲ့ရပ်တည်ချက်နဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ရွှေဂုံတိုင်ကြေညာချက် တိုက်တိုက်ဆိုင်ဆိုင်တူနေတာကြောင့် နအဖစစ်အုပ်စုဟာ နိုင်ငံရေးမူဝါဒပြောင်းပြီး တရုတ်နယ်စပ်က ကိုးကန့်ကို ထိုးစစ်ဆင်တာပဲလို့လည်း ရဲဘော်ဖိုးသံချောင်းက ပြောပါတယ်။

“၂၀၁၀ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ငြိမ်းအဖွဲ့တွေ ရပ်တည်ချက်၊ အထူးသဖြင့် တရုတ်နယ်စပ်မှာရှိတဲ့ အဖွဲ့တွေရဲ့ရပ်တည်ချက်ဟာ ဖွင့်မပြောပေမယ့် အမျိုးသားဒီမိုကရေစီအင်အားစုရဲ့ ရွှေဂုံတိုင် ကြေညာချက်ရပ်တည်ချက်နဲ့သွားတူနေတယ်။ အဲ့ဒါကို နအဖက နည်းနည်းလေးမှ မခံနိုင်တာကြောင့် တဖွဲ့ပြီးတဖွဲ့ ခြေမှုန်းချင်တာနဲ့ ပထမဆုံးကိုးကန့်အဖွဲ့ကို အပြစ်ရှာပြီး စတိုက်တာဖြစ်ပါတယ်။ ကျန်တဲ့ ငြိမ်းအဖွဲ့တွေကို အနေးနဲ့အမြန်ကိုင်တွယ်မှာပဲ။”

ငြိမ်းချမ်းရေးအဖွဲ့တွေဟာ ပထဝီအနေထားအရ တရုတ်နိုင်ငံနဲ့ဆက်စပ်နေပေမယ့် သဘောတရားအရ အရင်ကွန်မြူနစ်ခေတ်တုန်းကလို အပေးအယူမရှိဘူးလို့လည်း ပြောပါတယ်။ အခု တိုက်ပွဲတွေဟာ တရုတ်အစိုးရပြောတာကို နအဖက နားမထောင်တဲ့သဘော၊ တရုတ်မုန်းတီး ရေးကို ဖန်တီးလိုက်တဲ့သဘောပဲလို့ ရဲဘော်ဖိုးသံချောင်းက ထောက်ပြပါတယ်။

“ဗမာအစိုးရဟာ သန္ဓေအရကိုက လူမျိုးရေးရှိတယ်။ တိုင်းပြည်ထဲမှာလည်း တိုင်းရင်းသားတွေအပေါ် လူမျိုးရေးမုန်းတီးတာ၊ နှိမ်တာရှိတယ်။ တရုတ်၊ ကုလားကိုမုန်းတယ်။ ထိုင်းကို အထင်သေးတယ်။ အခု တရုတ်ကလည်း သူတို့ပြောလို့ရမှာမဟုတ်ဘူး။”

ကိုးကန့်–နအဖ ပဋိပက္ခတိုက်ပွဲကို သင်ခန်းစာယူပြီး နအဖစစ်အုပ်စုကို ရင်ဆိုင်တဲ့နေရာမှာ တိုင်းရင်းသားတွေ လက်တွဲကြဖို့ ရဲဘော်ဖိုးသံချောင်းက တိုက်တွန်းပြောကြားပါတယ်။

“ကျနော်တို့ ဖြစ်စေချင်တာက ကရင်အဖွဲ့တွေ အနေနဲ့ နအဖနဲ့ရင်ဆိုင်တဲ့နေရာမှာ သူတို့ချည်းရင်ဆိုင်နေလို့ မရပါဘူး။ နေရာယူပြီး စစ်ကိုအသေတိုက်နေလို့ မရပါဘူး၊ ဗမာပြည်က နိုင်ငံရေးနဲ့ပေါင်းမှ၊ ဗမာပြည်ပြည်သူလူထုနဲ့ ပေါင်းမှရမှာ။ ဒါ တိုင်းရင်းသားအင်အားစုတွေအားလုံး သတိထားသင့်ဆုံးအချိန်ပါ။ ကိုယ့်ဒေသအတွက်၊ ကိုယ့်အမျိုးသားအတွက် ဆိုပေမယ့် ကိုယ့်နေရာလေးထဲတင်တိုက်နေလို့မရဘူး။ တပြည်လုံးမှာရှိတဲ့ တိုင်းရင်းသားပေါင်းစုံ ပြည်သူတွေနဲ့လက်တွဲရမယ်။ အဲ့ဒီ နိုင်ငံရေးတွေနဲ့ဆက်စပ်မှရမယ်၊ ရန်သူဒေသသံလွင်မြစ်အနောက်ဘက်ခြမ်းမှာ ပြောက်ကျားတွေလှုပ်ရှားတာတွေ သိနေတာပဲ၊ သူတို့လည်း စစ်ရေးအမြင်ရှိနေတာပဲ။”

---

ပြန်ရမယ်ဆိုရင်တော့ ဝါကျိုးမှာဖြစ်တဲ့အတွက် ဘယ်ဘုန်းကြီးကမှ လက်ခံမှာမဟုတ်ဘူးလို့လည်း ဆက်ပြီးမိန့်ပါတယ်။

“ဦးဇင်းတို့ကို တကယ်လို့ အခုစက်တင်ဘာလမှာ ပြန်လွှတ်ခဲ့မယ်ဆိုရင် ဦးဇင်းတို့အနေနဲ့ ဝါကျိုးမယ်။ သာသနာ့သံဃာတွေ ဖြစ်တဲ့အတွက်ကြောင့် ပညာတွေကလည်း တပိုင်းတစနဲ့ဆိုရင် ဒါမဖြစ်သင့်တဲ့အလုပ်ဘဲ။ စာမေးပွဲတောင်မှမဖြေရဘူးလို့တောင်ပြောတယ်။ ဦးဇင်းတို့စာသင်သားသံဃာတွေအတွက်ကတော့ ဘေးကျပ်နံကျပ် ကျပ်တာပေ့ါဒကာကြီး။ ဝါလည်းကျိုးဦးမယ်။ အဲဒီတော့ ဦးဇင်းတို့အနေနဲ့က ဘယ်လိုလုပ်ပြီးခံနိုင်ပါ့မလဲ။”

သင်္ကန်းကျွန်းမြို့နယ်က သံဃာတော်တပါးကတော့ သံဃာတော်တွေရဲ့ လှုပ်ရှားမှုတွေကို အာဏာပိုင်တွေက အဆက်မပြတ်စောင့်ကြည့်နေတာရှိသလို ရန်ကုန်မြို့တွင်းမှာလည်း လုံခြုံရေးတွေတင်းတင်းကျပ်ကျပ် ချထားတာကြောင့် သံဃာတော်တွေမှာလည်း သွားလာလှုပ်ရှားမှုတွေမှာ အကျပ်တွေ့လာနေရတယ်လို့ မိန့်ကြားပါတယ်။

“လုံခြုံရေးတွေကတော့ အရမ်းတင်းကျပ်နေတယ်။ ငွေကြာယံထဲကို စစ်ကားတွေများကြီး ကျောင်းရှေ့မှာရပ်ထားတာ၊ ကျိုက္ကဆံဘုရားမှာလည်း လုံခြုံရေးတွေကအပြည့်ဘဲ။ ရှေ့မှာ ယူနီဖောင်းတွေကရော မာဖီတွေကရော အမျိုးမျိုးဘဲ။ ရှုပ်ယှက်ခတ်နေတယ်။ အခုအပြည့်ဘဲ။ အရမ်းတင်းကျပ်တာပေ့ါဒကာကြီး။ စစ်ကားတွေကို နည်းတာမှမဟုတ်ဘဲ။ ဓမ္မာရုံထဲမှာဆို သူတို့စစ်သားတွေ စတည်းချနေတာ။ ဓမ္မာရုံအပေါက်ဝပေ့ါ။ ဟိုဘက်ဒီဘက် အကုန်လုံးထိုင်ခုံလေးတွေနဲ့ သေနတ်အပြည့်နဲ့ ထိုင်နေကြတာ။ ဘုရားအပေါက်ဝတွေမှာလည်းရှိတယ်။”

မကြာသေးခင်က မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီးကနေ မတရားဖမ်းဆီးအကျဉ်းချထားတဲ့ သံဃာတော်တွေကို အမြန်ဆုံးပြန်လွှတ်ပေးဘို့နဲ့ နှိပ်စက်ညှဥ်းပမ်း သတ်ဖြတ်ခဲ့မှုအပေါ် စစ်အစိုးရအနေနဲ့ ဝန်ချတောင်းပန်ဘို့ တောင်းဆိုခဲ့ပြီး မလိုက်နာရင် လာမယ့်သတင်းကျွတ်လပြည့်နေ့မှာ တတိယအကြိမ် ပတ္တနိက္ကုဇ္ဇန ကံဆောင်မယ်လို့ ကြေညာထားတဲ့အပေါ် စစ်အစိုးရအနေနဲ့ စိုးရိမ်နေတာဖြစ်နိုင်ကြောင်း လေ့လာသူတွေကသုံးသပ်နေကြပါတယ်။

---

# လောက်ကိုင်တွင် ကုလဝန်ထမ်းများကို နအဖပိတ်ဆို့

**DVB၊ စက်တင်ဘာ ၃။** ။ စစ်မက်ဖြစ်ပွားခဲ့တဲ့ ရှမ်းပြည်မြောက်ပိုင်းက ကိုးကန့်ဒေသ လောက်ကိုင်မှာ ကုလသမဂ္ဂဝန်ထမ်း ၈၀ ခန့်ကို နအဖတပ်တွေက ပိတ်ဆို့ထားတယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့လ ၂၇ ရက်နေ့က ဖြစ်ပွားခဲ့တဲ့ နအဖစစ်တပ်နဲ့ ဖုန်ကျားရှင် ဦးဆောင်တဲ့ အပစ်အခတ်ရပ်အဖွဲ့တို့ တိုက်ပွဲကာလမှာ အဲဒီဝန်ထမ်းတွေက စားနပ်ရိက္ခာသွားရောက်ထုတ်ပေးချိန်နဲ့ တိုက်ဆိုင်နေတာလို့ ဝန်ထမ်းနဲ့ နီးစပ်သူတဦးက ပြောပါတယ်။ အခု လောက်ကိုင်ဒေသမှာ တိုက်ခိုက်မှုမရှိတော့ပေမယ့် အဲဒီဝန်ထမ်းတွေ လောက်ကိုင်ကနေ ပြန်မထွက်လာနိုင်သေးပါဘူးလို့သိရပါတယ်။

အခုလို ထွက်မလာနိုင်တာက တိုက်ပွဲဖြစ်ပွားချိန် အခြေအနေနဲ့ လူ့အခွင့်ရေးချိုးဖောက်တဲ့ စစ်တပ်ရဲ့လုပ်ရပ်တွေကို ဖော်ထုတ်ပြောဆိုမှာ စိုးတာကြောင့်လို့ဆိုပါတယ်။ တောင်ကြီးရုံးခွဲက WFP အရာရှိတဦးလည်း အဲဒီဒေသကို လိုက်သွားတာ အခုအထိပြန်မရောက်သေးဘူးလို့ သိရပါတယ်။ ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် WFP က ဘိန်းအစားထိုးသီးနှံစိုက် ပျိုးရေးစီမံကိန်းအရ ဒေသခံအတွင်း ကူညီလုပ်ဆောင်ပေးနေတာဖြစ်ပါတယ်။

# နအဖနဲ့ ဒီကေဘီအေတပ်များ ကေအန်ယူပိုင် မဲ့ကသာဒေသကို ဝင်ရောက်တပ်စွဲ

**DVB၊ စက်တင်ဘာ ၁။** ။ မွန်ပြည်နယ် ဘုရားသုံးဆူမြို့မြောက်ဘက်ရှိ ကရင်အမျိုးသားအစည်းအရုံး ထိန်းချုပ်ရာ မဲ့ကသာနယ်မြေထဲကို တိုးတက်သော ကရင်ဗုဒ္ဓဘာသာတပ်ဖွဲ့ဝင်တွေက ပြီးခဲ့တဲ့ ရက်ပိုင်းက ဝင်ရောက်တပ်စွဲထားပြီလို့သိရပါတယ်။

ဘုရားသုံးဆူနဲ့ ၈ ကီလိုမီတာခန့် ကွာဝေးတဲ့ ကေအန်ယူ ထိန်းချုပ်ရာ မဲ့ကသာရွာကို ဒီကေဘီအေတပ်ဖွဲ့ဝင်တွေက ပြီးခဲ့တဲ့ ဩဂုတ် ၃၀ ရက်နေ့ညက ဝင်ရောက်တပ်စွဲလိုက်တာလို့ တပ်မဟာ ဖ ၆ က ကေအန်ယူ တာဝန်ရှိသူ တဦးကပြောပါတယ်။ ဒီကေဘီအေ အမှတ် ၉၀၇ တပ်ဖွဲ့က ဒုဗိုလ်မှူးကြီး စောနော်တယာ ဦးဆောင်တဲ့အဖွဲ့က ဝင်ရောက်တပ်စွဲလိုက်တာဖြစ်တယ်လို့ အဲ့ဒီလူက ပြောပါတယ်။

"ဩဂုတ် ၃၀ ရက်နေ့ ည ၁၀ နာရီမှာ ဒီကေဘီအေ ၉၀၇ က မဲ့ကသာကိုဝင်သွားတယ်၊ အေးအေးဆေးဆေးပဲ ဘာမှမဖြစ်ဘူး။ ဒီမနက် တချို့ရွာသားတွေပြောတာက ဒီကေဘီအေက ပြန်မဆုတ်ဘူးတဲ့။ အခုလက်ရှိအခြေအနေမှာ မဲ့ကသာရွာရဲ့ အရှေ့ဘက်တောင်ကုန်းမှာ နေရာယူပြီး စခန်း ၃ ခု ချထားပြီးပြီ။ ရွာက သူတို့ပြန်ဆုတ်ဖို့ မရှိတော့ဘူး။ သူတို့အဲ့ဒီမှာ အသေထိုင်ထားလိုက်ပြီ။"

မဲ့ကသာမှာ ကေအန်ယူတပ်ရင်းတွေမရှိပေမယ့် တခါတရံ ချထားတဲ့ ဂိတ်နဲ့ ကရင် နေ့ကြီးရက်ကြီးတွေရှိရင် အဲဒီဒေသမှာ ပြုလုပ်လေ့ရှိတယ်လို့သူက ပြောပါတယ်။ အဲဒီဒေသဟာလည်း စီးပွားရေးအရ ကောင်းတဲ့နယ်မြေတခုဖြစ်တယ်လို့ သူကပြောပါတယ်။ ဒီကေဘီအေတပ်ဖွဲ့ဝင်တွေ အခုလိုဝင်ရောက်တပ်စွဲလိုက်ပေမယ့် ကေအန်ယူအနေနဲ့ ရွာသားတွေ သွေးထွက်သံယိုဖြစ်မှာ စိုးရိမ်တဲ့အတွက် တိုက်ခိုက်မှုမလုပ်ဘဲ နေရာဖယ်ပေးလိုက်တာလို့ အဲဒီအရာရှိက ပြောပါတယ်။

"ဩဂုတ် လဆန်းတုန်းက ဒီကေဘီအေ ၉၀၇ ဗိုလ်မှူးစောနော်တယာက ဘုရားသုံးဆူကိုရောက်လာပြီး မဲ့ကသာသွားမယ်ဆိုတော့ မဲ့ကသာက ဘုန်းကြီးတွေ၊ ရွာသားတွေက တိုက်ပွဲဖြစ်မယ်ဆိုရင် ကျနော်တို့ရွာက အခြေအနေမကောင်းတော့ဘူး။ ဒီကေဘီအေက မဲ့ကသာကို လာပြီး ထိုင်မယ်ဆိုရင် ကေအန်ယူအနေနဲ့ ဘယ်လိုစီစဉ်ပေးမလဲတဲ့။ အဲ့ဒါ ကျနော်တို့က မိခင်ကေအန်ယူအနေနဲ့ရွာသားတွေ အလန့်တကြားမဖြစ်အောင်၊ ဒီကေဘီအေအပေါ် သဘောထား ကြီးကြီးနဲ့ကြိုတင်ပြီး နေရာပြောင်းပေးတာပါ။"

ကေအန်ယူ တပ်ဖွဲ့တွေ ထိန်းချုပ်တဲ့ မဲ့ကသာဒေသရဲ့ ရွာသစ်မှာ အိမ်ခြေ ၄၀ ခန့်နဲ့ ရွာဟောင်းမှာ အိမ်ခြေ ဖ၀ ခန့်ရှိပြီး တခါတရံ အကောက်အခွန်ဂိတ်တွေ ဖွင့်ထားတယ်လို့ အဲ့ဒီအရာရှိက ပြောပါတယ်။ ဒီကေဘီအေ တပ်ဖွဲ့ဝင်တွေက မဲ့ကသာဒေသကို လိုလားရခြင်း အကြောင်းအရာကို အဲဒီအရာရှိက ပြောပါတယ်။

"အဲ့ဒီ မဲ့ကသာကို လိုချင်တယ်ဆိုတာ ကျိုင်းတုံ၊ ကြာအင်းဆိပ်ကြီးနဲ့ မယ့်ကသာ ဒေသက ထွက်ရှိတဲ့ ပျားရည်တို့ ကြိမ်တို့ သစ်တို့ ပြီးတော့ မိုင်းတို့က အကောက်အခွန်တွေလိုချင်လို့ပေါ့။ လမ်းက ဘယ်နေရာမှ သွားစရာမရှိဘဲ လမ်းဆုံးဖြစ်နေတော့ အကောက်ကောက်ဖို့နဲ့ နယ်မြေထိန်းချုပ်တဲ့ အနေနဲ့ အဲ့ဒီနေရာကို ဝင်ထိုင်လိုက်ပြီး အကောက်အခွန် စုစုစည်းစည်းရရှိနိုင်ရေးအတွက် ဒီနေရာကို သူတို့ယူရခြင်း ဖြစ်တယ်ပေါ့။"

အခုလို ဒီကေဘီအေတပ်တွေ ကေအန်ယူ ထိန်းချုပ်ရာ နယ်မြေထဲကို ဝင်ရောက်လာခြင်းအားဖြင့် တိုက်ပွဲဖြစ်မှာကို ဘုရားသုံးဆူမြို့အပါအဝင် အနီးအနားကျေးရွာတွေက စိုးရိမ်နေကြပြီး နအဖတပ်တွေလည်း တိုးမြှင့်ချထားတယ်လို့ ဘုရားသုံးဆူမြို့ခံ တဦးက ပြောပါတယ်။

## တနင်္သာရီတိုင်းအတွင်းသတင်းပေးသင်တန်းအတွက်ကြံ့ဖွံ့လူစု

**NEJ၊ စက်တင်ဘာ ၃။** ။ နယ်မြို့များတွင် နအဖ စစ်အစိုးရအားဆန့်ကျင်သည့် လှုပ်ရှားမှုတို့ကို အချိန်မီသတင်းပေးနိုင်ရန်ရည်ရွယ်၍ သတင်းပေးသင်တန်းဖွင့်လှစ်ရန်အတွက် လူငယ်များအား စိစစ်ရှာဖွေပေးရန် တနင်္သာရီတိုင်း၊ မြိတ်မြို့နှင့်ထားဝယ်မြို့မှ ရပ်ကွက်လူကြီးတို့ကို မြို့နယ်ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ညွှန်ကြားထားကြောင်း သိရပါတယ်။

"မြို့နယ်ကြံ့ဖွံ့ရုံးကရာခိုင်းတာ၊ ၁၀ တန်းအောင်ပြီးတဲ့သူတွေနဲ့ ကိုယ့်ဘက်ပါနိုင်မယ့်လူတွေကိုဘဲ ရွေးချယ်ဘို့ညွှန်ကြားထားတယ်။ မိန်းကလေးတွေလည်းရတယ်တဲ့။ ဒီလ ဒုတိယပတ်မှာ ရွေးထားတဲ့လူတွေရဲ့ စာရင်းတင်ပြရမယ်။ ဘယ်တော့ဖွင့်မလည်းတော့ အတိအကျမသိသေးဘူး။ သင်တန်းက ၄ ရက်လောက်ဘဲကြာမယ်လို့တော့ပြောတယ်။" လို့ ထားဝယ်မြို့ပေါ်ရပ်ကွက်လူကြီးတဦးက ခေတ်ပြိုင်ကိုပြောပါတယ်။

ယင်းသင်တန်းကို 'စွမ်းရည်မြှင့်တင်ရေးနှင့် စည်းရုံးရေးသင်တန်း' လို့ ညွှန်ကြားချက်တွင်ဖော်ပြထားသော်လည်း စင်စစ်မှာ နအဖ ဆန့်ကျင်ရေးလှုပ်ရှားမှုတို့ကို ထောက်လှမ်းပြီး သတင်းပေးနိုင်ရန်အတွက်သာ သင်ကြားပေးမည်ဖြစ်ကြောင်း ညွှန်ကြားချက်လက်ခံရရှိထားတဲ့ အဆိုပါရပ်ကွက်လူကြီးက ပြောပါတယ်။ အလားတူ သတင်းပေးသင်တန်းဖွင့်လှစ်ရန် တနင်္သာရီတိုင်း၊ မြိတ်မြို့တွင်လည်း ကြံ့ဖွံ့အသင်းကညွှန်ကြားထားကြောင်း သိရပါတယ်။

သတင်းပေးသင်တန်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ မြိတ်မြို့မှကြံ့ဖွံ့အဖွဲ့ဝင်တဦးက "အခုသင်တန်းက ကိုယ့်မြို့ထဲမှာဘာဖြစ်နေလဲဆိုတာတွေကို ထောက်လှမ်းပြီး အခြေအနေထူးရင် အချိန်မီသတင်းပေးနိုင်ဘို့အတွက် ဖွင့်တာပါ။ လူရွေးတဲ့နေရာမှာလည်း ၁၀ တန်းအောင်ပြီးသား၊ အရင်က ကြံ့ဖွံ့အခြေခံသင်တန်း တက်ထားတဲ့သူတွေထဲကဘဲ ရွေးရမယ်ပေါ့။ ဒီလလယ်ပိုင်းလောက်ဆို ဖွင့်ဖြစ်မယ်ထင်တယ်။" လို့ ပြောပါတယ်။

သင်တန်းအားပို့ချမည့်သူများတွင် နယ်မြေခံစစ်တပ်မှအရာရှိတဦးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှ အရာရှိတဦးလည်း ပါဝင်မည်ဟုပြောပါသည်။ အခုလိုသင်တန်းပေးခြင်းသည် ပြီးခဲ့သည့်လပိုင်းများတွင် တနင်္သာရီတိုင်းရှိ မြို့ကြီးအချို့တွင် နိုင်ငံရေးလှုပ်ရှားတက်ကြွသူအချို့က ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးအတွက် ဝတ်ပြုဆုတောင်းပွဲနှင့် နအဖ စစ်အစိုးရအားဆန့်ကျင်သည့် အခြားလှုပ်ရှားမှုများ လုပ်ဆောင်ခဲ့သောကြောင့်ဟု ယူဆရကြောင်း အဆိုပါကြံ့ဖွံ့အဖွဲ့ဝင်က ပြောပါတယ်။

## ဗိုလ်ချုပ်အောင်ဆန်းဆောင်းပါးစာပေစိစစ်ရေးပိတ်ပင်

**RFA၊ စက်တင်ဘာ ၂။** ။ မန္တလေးကထုတ်ဝေတဲ့ Upper Myan mar အပတ်စဉ်ဂျာနယ်မှာ အခုတပတ်အတွက် စာရေးဆရာဟာကြူလီရဲ့ ဗိုလ်ချုပ်အောင်ဆန်းအကြောင်းရေးသားထားတဲ့ ဆောင်းပါးတစောင်ကို စာပေစိစစ်ရေးဌာနက ပိတ်ပင်လိုက်တယ်လို့ သတင်းရရှိပါတယ်။

စာရေးဆရာဟာကြူလီက မြန်မာနိုင်ငံ ကော့မှစ်ကာတွန်းဖခင်ကြီး ပန်းချီ ဦးဘသော်ဆိုတဲ့ခေါင်းစဉ်နဲ့ Upper Myanmar ဂျာနယ်မှာ အပတ်စဉ်ရေးသားနေရာမှာ ဦးဘသော်ပြောပြတဲ့ ဗိုလ်ချုပ်အောင်ဆန်း ကသာမြို့ကိုရောက်ခဲ့တုန်းက လူထုကြိုဆိုခဲ့ပုံကို ရေးသားထားတာလို့ သိရပါတယ်။ အဲဒီတုန်းက ဗိုလ်ချုပ်အောင်ဆန်းတို့စီးလာတဲ့ သင်္ဘော ကသာမြို့ဆိပ်ကမ်းကပ်တဲ့အခါမှာ ကုန်းဘောင်တိုက်နေလို့ လူထုက ကုန်းဘောင်ကိုပခုံးနဲ့ထမ်းပြီး လမ်းလုပ်ပေးတဲ့အကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းကို လူထုက ချစ်ခင်လေးစားတဲ့အကြောင်း စသဖြင့် ရေးသားထားတဲ့ ဆောင်းပါးဖြစ်ပါတယ်။

ဒီအတောအတွင်းမှာဘဲ မန္တလေးမြို့ကစာရေးဆရာတချို့ စာပေစိစစ်ရေးဌာနကို မကျေလည်တာတွေဖြစ်နေတယ်လို့ သိရပါတယ်။ ဖြစ်ပွားပုံက ဗိုလ်မှူးတဦးဖြစ်တဲ့ စာရေးဆရာပေါ်ဦးသစ်က မန္တလေးမြို့ကစာရေးဆရာတချို့ကို ပုတ်ခတ်ရေးသားထားတဲ့ စာတပုဒ် စက်တင်ဘာလထုတ် ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းမှာ ပါလာခဲ့တဲ့အတွက် စာဖတ်သူတချို့နဲ့ စာရေးဆရာတချို့က ပြည့်လည်ရေးသားခဲ့ပေမယ့် စာပေစိစစ်ရေးဌာနက အဲဒီစာမူတွေကို ပယ်ချလိုက်လို့ဖြစ်တယ်လို့ စာပေလောကသားတဦးက ပြောပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းအကြောင်းရေးသားထားတဲ့ စာမူတွေထုတ်ဝေခွင့်ရဘို့ စာပေစိစစ်ရေးဌာနမှာ လပေါင်းများစွာ ကြန့်ကြာနေတဲ့သတင်းကိုလည်း တင်ပြခဲ့ပြီးဖြစ်ပါတယ်။

# မေတ္တာပို့လမ်းလျှောက်ဖူးတဲ့ သံဃာတော်များ အထိန်းသိမ်းခံနေရ

**DVB၊ စက်တင်ဘာ ၂။** ။ ပြီးခဲ့တဲ့နှစ် စက်တင်ဘာလမှာ မေတ္တာပို့လမ်းလျှောက်ခဲ့ဖူးတဲ့ မကွေးတိုင်းက သံဃာတော်တွေကို အာဏာပိုင်တွေက ခေါ်ယူမေးမြန်းနေပါတယ်။ ချောက်မြို့က သံဃာတော်တပါးကို ပြီးခဲ့တဲ့ စနေနေ့က ထိန်းသိမ်းသွားသလို တနင်္ဂနွေနေ့မှာလည်း ဘုန်းကြီးကျောင်းတကျောင်း ရှာဖွေခံရတယ်လို့ ဒေသခံတွေက ပြောပါတယ်။

အဖမ်းခံရတဲ့ သံဃာတော်ကတော့ သက်တော် ၂၂ နှစ်သာရှိသေးတဲ့ ချောက်မြို့ ဆင်ဖြူကျွန်းကျောင်းတိုက်က အရှင်သုမနဖြစ်ပါတယ်။ ဩဂုတ်လ ၂၇ ရက်နေ့က မြို့နယ်မယကဥက္ကဋ္ဌနဲ့ သာသနာရေးမှူးအပါအဝင် ထောက်လှမ်းရေး ၁၅ ယောက်ခန့်က အရှင်သုမနကို လာပင့်ပေမယ့် ကျောင်းထိုင်ဆရာတော်က ခွင့်မပြုလို့ ၂၉ ရက်နေ့မှာ သံဃာ့မဟာနာယကရုံးကို ဆင့်ခေါ်ပြီး ဖမ်းသွားတာလို့ မြို့ခံ သံဃာတော်တပါး မိန့်ကြားပါတယ်။

"ဦးသုမနနဲ့ တွေ့ချင်တယ်လို့ ကျောင်းကိုလျှောက်တော့ ဆရာတော်ကြီးက တွေ့ခွင့်ပေးတယ်။ မေးစရာရှိလို့ မကွေးကို ခဏခေါ်သွားချင်လို့ဆိုတော့ နာယက ဆရာတော်ကြီးက ဒီနေ့စကားပြောခွင့်ပဲပြုမယ် တွေ့ချင်ရင် နောက်နေ့လာတွေ့လို့ပြောပြီး ထည့်မပေးဘူးတဲ့၊ ၂၉ ရက်နေ့မှာ မြို့နယ် သံဃနာယကရုံးက ဆရာတော်ကြီးရယ် ဦးသုမနရယ်ကို ၂ ခေါ်ပြီး ညနေ ၃ နာရီလောက်ကျမှ ဦးသုမနကို ခေါ်သွားတယ်လို့ပြောတယ်။"

အရှင်သုမနကို မကွေးပင့်သွားပြီး နောက်နေ့မနက်မှာ အနောက်မွေတောင်ကျောင်းတိုက်က သက်တော် ၂၃ နှစ်ရှိ အရှင်ရေဝတကို အာဏာပိုင်တွေက ဝင်ရောက်ရှာဖွေခဲ့ပေမယ့် အခုအထိ မတွေ့သေးဘူးလို့လည်း အဲဒီသံဃာတော်ကမိန့်ကြားသွားပါတယ်။ အဖမ်းခံရတဲ့ အရှင်သုမနဟာ လွန်ခဲ့တဲ့ တနှစ်ကျော်လောက်က ပခုက္ကူအနောက်တိုက်က ပြောင်းလာတာလို့လည်း မိန့်ကြားပါတယ်။ ပခုက္ကူမြို့မှာလည်း ပြီးခဲ့တဲ့သောကြာနေ့က သံဃာတော် ၂ ပါး အဖမ်းခံရပြီး အနောက်တိုက်က အရှင်ဗိသုဒ္ဓကိုတော့ မလိမ့်တပတ်နဲ့ ကျောင်းဝင်းအပြင်ခေါ်ထုတ်ပြီး ဖမ်းသွားတာလို့ မြို့ခံသံဃာတော်တပါးက မိန့်ကြားပါတယ်။

"အရှင် ဦးဗိသုဒ္ဓ ဖမ်းပုံဖမ်းနည်းကလေ အပြင်လက်ဖက်ရည်ဆိုင်မှာ မိန်းကလေးတယောက် ဦးပဥ္စင်းအသိတဲ့ ဟုတ်မဟုတ် လိုက်ကြည့်စမ်းပါလို့ ခေါ်ပြီးမှ ဖမ်းသွားတယ်လို့ပြောတာပဲ။"

ပြီးခဲ့တဲ့ ရက်ပိုင်းကလဲ ရေနံချောင်း ရွှေစေတီ ပါဠိတက္ကသိုလ်က စာချဆရာတော် ဦးဝါယမနဲ့ စနေနံကျောင်းတိုက် ဆရာတော်ဦးဝိမလတို့ကိုလည်း အာဏာပိုင်တွေက ခေါ်ယူမေးမြန်းနေပါတယ်။ မန္တလေးတိုင်း မြင်းခြံမြို့မှာလည်း မြို့နယ်သံဃအဖွဲ့စည်းက ကျောင်းပေါင်းစုံစည်းဝေးပွဲခေါ်ပြီး သံဃာတော်တွေကို နိုင်ငံရေးမလုပ်ဖို့ ခေါ်ပြောခဲ့တယ်လို့ မြို့ခံသံဃာတော်တပါးက မိန့်ကြားပါတယ်။

"မြင်းခြံမှာ လှုပ်ရှားမှုရှိတဲ့ သံဃာတော်တွေရဲ့ကျောင်းတွေကို သစ်တွေ၊ ဘိလပ်မြေတွေလှူတယ်။ မြို့နယ် သံဃာ့အဖွဲ့အစည်းဆရာတော်တွေက လှုပ်ရှားနိုင်မယ့် အလားအလာရှိတဲ့ သံဃာတော်တွေကို နိုင်ငံရေးမလုပ်ဖို့၊ ကိုယ့်အလုပ်ကိုယ်လုပ်ဖို့ အစည်းအဝေးတွေခေါ်ပြီး ဖိအားပေးတဲ့ သဘောမျိုးတွေလုပ်တယ်။ လှုပ်ရှားမှုရှိတဲ့ သံဃာတော်တွေရဲ့နောက်ကို လိုက်ကြည့်တာရှိတယ်။"

ရာဝတီတိုင်း ပုသိမ်မြို့က ဟံသာဝတီကျောင်း အပြင်ဘက်မှာ ပုပ်စော်နံလို့ သံဃာအပါး ၂၀ လောက် အမှိုက်ထွက်ရှင်းတာကို ရပ်ကွက်က ဘုန်းကြီးတွေအပြင်ထွက်နေတယ်ဆိုပြီး ဖုန်းဆက်လို့ ကျောင်းကို ရဲတွေဝင်ကြည့်တာ၊ စောင့်ကြည့်တာမျိုးတွေရှိတယ်လို့ ဒေသခံတဦးကပြောပါတယ်။

"ဒီမြို့မှာ အာဏာပိုင်တွေက မျက်ခြည်မပြတ် စောင့်ကြည့်နေတာ။" စောင့်ကြည့် ဖမ်းဆီးမှုတွေကြောင့် ရန်ကုန်မှာလည်း သံဃာတော်တချို့တိမ်းရှောင်နေရပြီး စက်တင်ဘာလအတွင်း စာသင်သားသံဃာတော်တွေကို နယ်ပြန်ပို့မယ်ဆိုတဲ့ သတင်းတွေလည်းထွက်ပေါ်နေပါတယ်။ ၂၀၀၇ ခုနှစ် ဩဂုတ်မှာ စစ်အုပ်စုက လောင်စာဆီဈေးနှုန်း အဆမတန်မြှင့်တင်လိုက်တဲ့အတွက် ကုန်ဈေးနှုန်းတွေတက်ပြီး ပြည်သူလူထု အခက်ကြုံရလို့ ကျောင်းသားပြည်သူလူထု လမ်းလျှောက်ဆန္ဒပြကြသလို သံဃာတော်တွေလည်း မေတ္တာပို့လမ်းလျှောက်ခဲ့ကြပါတယ်။ စက်တင်ဘာ ၅ ရက်နေ့မှာ ပခုက္ကူ သံဃာတော်တွေ ငြိမ်းချမ်းစွာ မေတ္တာပို့လမ်းလျှောက်တာကို အာဏာပိုင်တွေက အကြမ်းဖက်ပစ်ခတ်နှိမ်နင်းခဲ့လို့ ၂၀၀၇ ရွှေဝါရောင် သံဃာ့အရေးအခင်း ပေါ်ပေါက်ခဲ့တာဖြစ်ပါတယ်။

# မွန်ပြည်သစ်ပါတီ ခေါင်းဆောင်ပိုင်းနှင့် နအဖ တိုင်းမှူး ထပ်မံတွေ့ဆုံ

**DVB၊ စက်တင်ဘာ ၂။** ။ ပါတီနဲ့တပ်ကို နယ်ခြားစောင့်တပ်အဖြစ်ပြောင်းပြီး မြန်မာတပ်မတော်လက်အောက် သွတ်သွင်းရေး ကမ်းလှမ်းချက်ကို ငြင်းပယ်ခဲ့တဲ့ မွန်ပြည်သစ်ပါတီ ခေါင်းဆောင်ပိုင်းနဲ့ နအဖအရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူးတို့ ထပ်မံတွေ့ဆုံကြတယ်လို့ သိရပါတယ်။

ဩဂုတ်လ ၂၇ ရက်နေ့က မွန်ပြည်သစ်ပါတီခေါင်းဆောင်တွေနဲ့ မြန်မာ့တပ်မတော်က တာဝန်ရှိသူတွေ ထပ်တွေ့ကြတာပါ။ မွန်ပြည်သစ်ပါတီဘက်က ဒုဥက္ကဋ္ဌ နိုင်ရသ၊ တွဲဘက်အတွင်းရေးမှူး နိုင်ချမ်းသွဲ့၊ ဗဟိုကော်မတီဝင် နိုင်တလညီတို့ ပါဝင်သလို နအဖဘက်က တိုင်းမှူးဗိုလ်ချုပ်သက်နိုင်ဝင်း ဦးစီးအဖွဲ့တို့ ထပ်မံတွေ့ကြတာဖြစ်ပါတယ်။ မွန်ပြည်သစ်ပါတီက သူတို့ပါတီ နဲ့ တပ်မတော်ကို နယ်ခြားစောင့်တပ်အသွင် မပြောင်းနိုင်ဘူးလို့ လွန်ခဲ့တဲ့ ဩဂုတ်လ ၅ ရက်နေ့မှာ နအဖဆီတရားဝင်စာနဲ့ အကြောင်းကြားခဲ့ပြီးနောက် နှစ်ဘက်တွေ့ဆုံမှုဖြစ်ပါတယ်။ ဒီတွေ့ဆုံပွဲမှာ ရတခ တိုင်းမှူးသက်နိုင်ဝင်းက မွန်ပြည်သစ်ပါတီ အနေနဲ့ ဒီလိုလက်မခံရင် တခြားနည်းလမ်းအသစ် ရှိသေးလားလို့ မေးတယ်လို့ဆိုပါတယ်။ မွန်ပြည်သစ်ပါတီ ခေါင်းဆောင်တွေက ပါတီရပ်တည်ချက်ဖြစ်တဲ့ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ဖြေရှင်းရေး အစီအစဉ်လုပ်ဖို့၊ အဲဒီအစီအစဉ်ကို နအဖဘက်ကမလုပ်ဆောင်ရင် ကျန်ကိစ္စတွေကို နောင်တက်လာမယ့် အစိုးရနဲ့သာ ပြောဆိုဆွေးနွေးမယ်လို့ အကြောင်းပြန်ကြားခဲ့တယ်လို့ ဆိုပါတယ်။

အစိုးရထံ တရားဝင်ပြန်ကြားတဲ့ မွန်ပြည်သစ်ပါတီရဲ့ ကြေညာချက်မှာ မွန်ပြည်သစ်ပါတီအနေနဲ့ အပစ်အခတ်ရပ်စဲရေးကို ဆက်လက်ထိန်းသိမ်းလိုပေမယ့် မွန်ပြည်သစ်ပါတီနဲ့တပ်ကို ခွဲခြားတဲ့ လုပ်ရပ်မျိုး လက်မခံကြောင်း ရှင်းရှင်းလင်းလင်းပြောဆိုခဲ့ပါတယ်။ အပစ်ရပ်တိုင်းရင်းသားအဖွဲ့တွေကို နယ်ခြားစောင့်တပ်အသွင်ပြောင်းခိုင်းတာ ရပ်တန့်ဖို့နဲ့ ဒေါ်အောင်ဆန်းစုကြည်၊ ဦးခွန်ထွန်းဦးစတဲ့ နိုင်ငံရေးခေါင်းဆောင်တွေအပါအဝင် နိုင်ငံရေးအကျဉ်းသားတွေကိုလွှတ်ပြီး တွေ့ဆုံဆွေးနွေးရေးလုပ်ဖို့ နအဖကို တိုက်တွန်းခဲ့ပါတယ်။

ဒီလို မွန်ပြည်သစ်ပါတီရပ်တည်ချက်ကို တရားဝင်ပို့ပြီးတဲ့နောက် ကရင်ပြည်နယ် ကော့ကရိတ်၊ မွန်ပြည်နယ် ကျိုက်မရောစတဲ့ မြို့နယ်တွေမှာ မွန်ပြည်သစ်ပါတီ အထွေထွေအတွင်းရေးမှူးနိုင်ဟံသာနဲ့ တခြားတပ်ပေါင်းစုခေါင်းဆောင်တွေက ဖောက်ခွဲရေးသင်တန်းပေးရာမှာ ပတ်သက်မှုရှိတယ်လို့ သက်ဆိုင်ရာ မယကတွေက အောက်ခြေကို ညွှန်ကြားခဲ့ပါတယ်။ ဒီ ကောလာဟလကို မွန်ပြည်သစ်ပါတီက ဒီကိစ္စမပတ်သက်ဘူးလို့ တပ်တွင်း ရှင်းလင်းခဲ့တယ်လို့ဆိုပါတယ်။ မွန်ပြည်သစ်ပါတီခေါင်းဆောင်တွေထဲမှာ နိုင်ဟံသာဟာ ပါတီအုပ်ချုပ်ရေး နယ်နိမိတ်ထဲမှာပဲ နေလေ့ရှိပြီး နအဖအာဏာပိုင်တွေနဲ့ ထိစပ်ပြောဆိုလေ့မရှိတာကြောင့် ဒီစာကိုချင့်ပြီး စစ်အုပ်စုက မွန်ပြည်သစ်ပါတီအပေါ် အများထင်မှတ်မှားအောင်လုပ်ကြတာလို့ ထင်ကြေးပေးမှုတွေ ဖြစ်ပေါ်နေပါတယ်။ မွန်ပြည်သစ်ပါတီဟာ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် အစိုးရအဆက်ဆက်ကို လွန်ခဲ့တဲ့ နှစ် ၅၀ ကျော်ကတည်းက လက်နက်ကိုင်တိုက်ပွဲဝင်ခဲ့တာဖြစ်ပြီး လက်ရှိစစ်အုပ်စုနဲ့ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို လွန်ခဲ့တဲ့ ၁၄ နှစ်က ရရှိခဲ့ပါတယ်။

## လွတ်လပ်စွာပြောဆိုခွင့်အား ကာကွယ်ခြင်း

In Defense of Free Speech

**လူးဝစ်အာဂွီလာ** (Luis Aguilar 1926-1997)

ကျော်ကျော်စိုး ဘာသာပြန်သည်

၁၉၆၀ ခုနှစ် မေလဆန်းတွင် ကျူးဘားနိုင်ငံရှိ သက်တမ်းအရှည် ဆုံးနှင့် ရှေးရိုးစွဲသတင်းစာတစောင်ဖြစ်သည့် Diario de la Marina အား သတင်းစာတိုက်အလုပ်သမားများက သိမ်းပိုက်လိုက်ကြသည်။ ဤသည်က ကက်စ်ထရိုအစိုးရအားဝေဖန်လေ့ရှိသောသတင်းစာတစောင်၏ ဇာတ်သိမ်း ခန်းဖြစ်ခဲ့သည်။

၁၉၆၀ ခုနှစ် မေလ ၁၃ ရက်နေ့တွင် Prensa Libre အမည်ရှိ သတင်းစာတွင် ထိုလုပ်ရပ်အားဝေဖန်ထားသော လူးဝစ်အာဂွီလာ ၏ ဆောင်း ပါးတပုဒ်ပါဝင်ခဲ့သည်။ ၂ ရက်အကြာတွင် Prensa Libre သည် Diario de la Marina ကဲ့သို့ပင် သိမ်းပိုက်ခံလိုက်ရပေသည်။

အာဂွီလာ သည် ဟာဗားနားတက္ကသိုလ်မှ ဥပဒေဘွဲ့ရရှိခဲ့သည်။ ဖီဒယ်ကက်စ်ထရိုသည်လည်း သူ့လိုပင် ဟားဗားနားတက္ကသိုလ်ထွက်ဖြစ်သည်။ ထို့နောက် အာဂွီလာသည် မက်ဒရစ်တွင် ဒဿနိကဗေဒ၊ ပြင်သစ်တွင် ခေတ်သစ်ပြဿနာများကို လေ့လာသင်ယူခဲ့သည်။ ကျူးဘားသို့ပြန်လာခဲ့ပြီး နောက် ရှေ့နေအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့သည်။ တဖန် Oriente တက္ကသိုလ်တွင် ဥပဒေပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ရင်း ထိုစဉ်က ဘတ်တစ္စတာ အစိုးရအား ဝေဖန်သောဆောင်းပါးများအားရေးသားခဲ့သည်။

ကျူးဘားတော်လှန်ရေးဖြစ်ပွားခဲ့ပြီးနောက် သူသည် ယဉ်ကျေးမှုတက္ကသိုလ်တော်လှန်ရေးအဖွဲ့ဝင်အဖြစ် ရွေးချယ်ခံခဲ့ရသည်။ သို့သော်လည်း ကျူးဘားတော်လှန်ရေးခေါင်းဆောင်တဦးဖြစ်သည့် ဟူးဘတ်မားကို့စ်အား ရုံးတင်စစ်ဆေးမှုဖြစ်ပွားခဲ့ပြီးနောက် အာဂွီလာသည် ယဉ်ကျေးမှုတက္ကသိုလ် တော်လှန်ရေးအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်လိုက်လေသည်။

မစ္စတာ အာဂွီလာ၏ဆောင်းပါး သတင်းစာတွင်ပါဝင်ခဲ့သည့်နေ့ မှာပင် အာဂွီလာ၏ငယ်သူငယ်ချင်း ကျူးဘားပြည်ထဲရေးဝန်ကြီးသည် အာဂွီလာထံရောက်လာပြီး ကျူးဘားမှ အမြန်ဆုံးထွက်ခွာရန်ပြောလေသည်။ ထိုအချိန်မှစ၍ လူးဝစ်အဂွီလာသည် အမေရိကန်ပြည်ထောင်စုတွင် အခြေချနေထိုင်ခဲ့ရလေသည်။ တက္ကသိုလ်များတွင် ဥပဒေပါမောက္ခအဖြစ်တာဝန်ထမ်း ဆောင်ခဲ့သည်။ နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့သည်မှာ ဂျော့ချ်တောင်း တက္ကသိုလ်တွင်ဖြစ်လေသည်။

### ခင်ဗျားပြောတာတွေကို ကျနော်လုံးဝသဘောမတူဘူး<br>ဒါပေမဲ့ ခင်ဗျားရဲ့ပြောဆိုပိုင်ခွင့်ကို ကျနော်သေတဲ့အထိ ကာကွယ်သွားမယ်

(ဗော်လ်တိုင်းယား Voltaire)

လွတ်လပ်စွာပြောဆိုပိုင်ခွင့်သည် လူတိုင်း တူညီစွာရရှိခံစားရမည် ဖြစ်ပြီး၊ လူတဦးတယောက် တဖွဲ့အား မျက်နှာသာပေးခြင်းမျိုးမပြုရပေ။ ဤသည်က ပြဿနာ၏အရင်းအမြစ်ဖြစ်သည်။ Diario de la Marina က ကိုင်စွဲထားသော သဘောထားအယူအဆကို ကာကွယ်သည့်အနေဖြင့် ဤဆောင်းပါးကိုရေးသားခြင်းလောဟု မေးခွန်းထုတ်ရန်မဟုတ်၊ Diario de la Marina ၏ သဘောထားအယူအဆကို ထုတ်ဖော်ပိုင်ခွင့်နှင့်ပတ်သက်၍ မေးခွန်းထုတ်ရမည်ဖြစ်သည်။ ထောင်ပေါင်းများစွာသော ကျူးဘားပြည်သူများသည် ၎င်းသတင်းစာကဖော်ပြသော သဘောထားအယူအဆကို ဖတ်ရှုပိုင်ခွင့် ဆုံးရှုံးခဲ့ရပေသည်။

လွတ်လပ်စွာသဘောဆန္ဒထုတ်ဖော်ပြသခွင့်နှင့် လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်တို့အတွက် ကျူးဘားနိုင်ငံတွင် ခက်ခဲကြမ်းတမ်းလှသည့်တိုက်ပွဲကို ဆင်နွှဲခဲ့ရလေသည်။ သတင်းစာတစောင်သည် ၎င်း၏အယူအဆသဘောထားကို ကိုင်စွဲခြင်းအတွက် နှိပ်ကွပ်ခံရပြီဆိုလျှင် အခြားအယူအဆသဘော ထားမှန်သမျှသည်လည်း နှိပ်ကွပ်ခံရပြီဟု ပြောဆို၍ရပေသည်။

ကျူးဘားနိုင်ငံတွင် လွတ်လပ်စွာသဘောဆန္ဒထုတ်ဖော်ပြသခွင့် ထာဝရတည်တံ့ရေးအတွက် နှစ်ရှည်လများကြာတိုက်ပွဲဝင်နေခဲ့ရသူများအတွက်လည်းကောင်း၊ ကျူးဘားပြည်သူများအကြား စုစည်းညီညွတ်မှုနှင့် သည်းခံတတ်မှုသည် အနာဂတ်ဆီသို့ ဆက်လက်လျှောက်လှမ်းရေးအတွက် အစစ်မှန်ဆုံးနှင့်အကောင်းဆုံးအယူအဆဖြစ်သည်ကို ယုံကြည်လက်ခံသူများ အတွက်လည်းကောင်း၊ Diario de la Marina ၏ သဘောထားအယူအဆ သေဆုံးသွားရခြင်းသည် ကြေကွဲဝမ်းနည်းဖွယ်ရာဖြစ်ပြီး ထိုအတွက် ဝိုရှိုက်သံများသည်လည်း ပဲ့တင်ထပ်နေလိမ့်မည်ဖြစ်သည်။

ဤသည်က လူ့အဖွဲ့အစည်း၏အစိတ်အပိုင်းတခုအား အသံတိတ်သွားစေရန်ပြုလုပ်လိုက်ခြင်းဖြစ်သည်။ အစိုးရက ၎င်း၏သဘောထားနှင့်မကိုက်ညီလျှင် မည်သည့်အရာပင်ဖြစ်စေကာမူ ဖယ်ရှားပစ်မည်ဆိုသည်မှာ စိုးရိမ်ဖွယ်ရာဖြစ်ပေသည်။ အစိုးရ၏ တဘက်သတ်ဝါဒဖြန့်မှုသည် လူထုအတွက် အကျိုးမရှိပေ၊ တုံ့ပြန်သည့်အသံဆိုသည်မှာရှိမည်၊ ငြင်းချက်ထုတ်မှုဆိုသည်မှာရှိမည်။ အဆိုပြုချက်တခု ငြင်းချက်ထုတ်မှုတခုကို အပြန်အလှန်အခြေအတင်ဆွေးနွေးရန်မပြုနိုင်ခြင်းနှင့် တဘက်သား၏အသံကို ပိတ်ပင်လိုက်ခြင်းတို့သည် ခွဲခြား၍မရသော ဆက်စပ်နေသည့်အရာဖြစ်သည်။ ဤလုပ်ရပ်သည် ဟောင်းနွမ်းနေပြီဖြစ်သောလုပ်ရပ်ဖြစ်သည်။ ထိုလုပ်ရပ်အတွက် အကျိုးသက်ရောက်မှု မည်သို့ဖြစ်မည်ဆိုသည်မှာလည်း လူတိုင်းသိနိုင်သည့်ကိစ္စဖြစ်ပေသည်။

ကျူးဘားနိုင်ငံတွင် လက်ညှိုးထောင်ခေါင်းငြိမ့်သည့်အခြေအနေဆိုက်ရောက်နေပြီဖြစ်သည်၊ အကြွင်းမဲ့အာဏာရှင်စနစ်မြဲမြံခိုင်မာစေရန် အတွက် လက်ညှိုးထောင်ခေါင်းငြိမ့်နေကြခြင်းဖြစ်သည်။ အာဏာရှင်စနစ်အတွက် ဆောင်ပုဒ်များ ကြွေးကြော်သံများသည် သတင်းမှန်သမျှတွင် ထပ်ခါတလဲလဲပါဝင်နေသည်။ သဘောမတူညီဆိုသည့်အသံဆိုသည်မှာ ရှိလာတော့မည်မဟုတ်၊ ဝေဖန်မှုဆိုသည်မှာ ဖြစ်လာနိုင်ခြေရှိတော့မည်မဟုတ်၊ မကျေနပ်ချက်များသည် လူသိရှင်ကြားထွက်ပေါ်လာတော့မည်မဟုတ်ပေ။

မီဒီယာအားလုံး၏ ရေးသား ပြသ ပြောဆိုခြင်းဆိုသည့် ထုတ်ဖော်ပြသခွင့်ကို ထိန်းချုပ်လိုက်ခြင်းသည် နှိပ်ကွပ်လိုက်ခြင်းဖြစ်သည်၊ ခြိမ်းခြောက်လိုက်ခြင်းဖြစ်သည်၊ အခြားအရာအားလုံးအား ကြောက်ရွံ့သွားစေရန် ပြုလုပ်လိုက်ခြင်းဖြစ်သည်။ ကျယ်လောင်ပြင်းထန်လှသည့် ဝါဒဖြန့်မှုအောက်တွင် တိတ်ဆိတ်မှုသည်ရောက်ရှိနေမည်ဖြစ်သည်၊ ထုတ်ဖော်ပြောနိုင်ခြင်းငှာ မစွမ်းနိုင်သောသူများ၏တိတ်ဆိတ်နေသည့်အသံများဖြစ်လိမ့်မည်။

သို့သော်လည်း အဖနိုင်ငံကြီးသည် အန္တရာယ်ကျရောက်တော့ မည်ဆိုသည့်ဟစ်ကြွေးသံများရှိနေသည်။ ထိုကဲ့သို့ အန္တရာယ်ရှိကြောင်း ဆိုနေ ပြီဆိုလျှင် ကျွန်ုပ်တို့သည် သီအိုရီသဘောအရသော်လည်းကောင်း၊ လက်တွေ့ အရသော်လည်းကောင်း တိုက်ခိုက်ခြင်းမခံရစေရန် ကာကွယ်ကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏လက်နက်ကို ထိရောက်စွာအသုံးချရမည်ဖြစ်သည်၊ အလားတူပင် ကျွန်ုပ်တို့၏အခွင့်အရေးကိုလည်း အကောင်းဆုံးအသုံးချရမည်ဖြစ်သည်။ သဘောထားအယူအဆအားလုံး၊ အမြင်အားလုံးသည် အတူတကွ ယှဉ် တွဲရှိနေခြင်းကို လက်ခံသည့် အမှန်တကယ်လွတ်လပ်သည့်ပြည်သူများရှိသည်ကို ကမ္ဘာကြီးသိစေရန် ပြသရမည်ဖြစ်သည်။

ကျွန်ုပ်တို့၏ နိုင်ငံလွတ်လပ်မှုအတွက် ပြည်သူ့အခွင့်အရေးများသည်

# သာစည်မြို့ မီးရထားဘူတာတွင် နအဖရဲ့ စစ်သားစုဆောင်းမှု အလွန်ဆိုးဝါးနေ

**DVB ၊ ဩဂုတ် ၃၁ ။** ။ မန္တလေးတိုင်း သာစည်မြို့ဘူတာမှာ စစ်သားစုဆောင်းမှု အတော်ဆိုးဝါးနေတယ်လို့ ကိုယ်တိုင်စုဆောင်းခံလိုက်ရသူတွေက ပြောပါတယ်။

စစ်သားအဖြစ် စည်းရုံး စုဆောင်းခံရသူတွေကတော့ တောင်ကြီးမြို့ကနေ အလုပ်လုပ်ပြီး ပြန်လာတဲ့ ရန်ကုန်တိုင်း တွံတေးမြို့နယ် တလုတ်ထော်ကျေးရွာက လူငယ် ၅ ဦး ဖြစ်ပါတယ်။ သူတို့ ၅ ဦးဟာ တောင်ကြီးကနေ ကားနဲ့ပြန်လာပြီး သာစည်ကနေတဆင့် ရန်ကုန်ကို ရထားနဲ့ခရီးဆက်ဖို့ သာစည်ဘူတာမှာ ရထားစောင့်နေစဉ် အခုလို စည်းရုံးခံရတာလို့ စိုင်းမျိုးထွန်းက ပြောပါတယ်။

"သူတို့က လေးငါးခြောက်ယောက်လောက် ရှိတယ်။ ကျနော်တို့ကို မှတ်ပုံတင်ပြခိုင်းတော့ ထုတ်ပြလိုက်တယ်။ သူတို့နဲ့ ခဏလိုက်လို့ ကျနော်တို့ကို ခေါ်တာ ကျနော်တို့က မလိုက်သွားဘဲ ရဲစခန်းကို သွားလိုက်တယ်။ ရဲစခန်းကတဆင့် ကျနော်တို့ကို သူတို့တပ်ကို ခေါ်သွားတယ်။ ကျနော်တို့ကို အိတ်တွေကို စစ်တယ်။ စစ်ထဲဝင်ဖို့ စည်းရုံးတယ်။ ကျနော်တို့ ဘူးခံတာကို အနုနည်းနဲ့မရတော့ အဝတ်ပလာနဲ့ စစ်တယ်။ အခန်းထဲ သော့ခတ်ပိတ်ပြီး စစ်တယ်။ စစ်ရင်းစစ်ရင်းနဲ့ ၁၀ နာရီ လောက်ကနေ တချက်ထိုးလောက်အထိ ကျနော်တို့ ငုတ်တုတ်ထိုင်နေရတာ ရထားထွက်ကာနီးမှ ပြန်လွှတ်ပေးတယ်။"

စိုင်းမျိုးထွန်းက အသက် ၁၉ နှစ်ဖြစ်ပြီး ကျန် ၄ ဦးထဲမှာ ၃ ဦးက အသက် ၂၀ နဲ့ ၁ ဦးက အသက် ၁၆ နှစ်သာ ရှိသေးတယ်လို့ စိုင်းမျိုးထွန်း က ပြောပါတယ်။ စစ်ထဲဝင်မယ်ဆိုရင် စားဝတ်နေရေး မပူပင်ရတဲ့အပြင် တိုက်နဲ့ပါနေရမယ်လို့ပြောပြီး သူတို့တုန်းကဆို ရှေ့တန်းထွက်ရပေမယ့် အခုတော့ လစာ အေးအေးဆေးဆေး ထိုင်စားနေရုံပဲလို့ သူတို့ကို စည်းရုံးတယ်လို့ စိုင်းမျိုးထွန်းပြောပါတယ်။

"သူတို့ တံဆိပ်တွေ ထုတ်ပြတယ်။ အဲဒါတွေတွေ့လား အဲဒါတွေ ငါတို့တွေတဲ့ ကြိုးစားမှုပေါ့ကွာတဲ့ ကျနော်တို့ကို အဲလိုမျိုးစည်းရုံးတယ်။ မိဘတွေကိုလည်း အနီးနား ခေါ်ပြီးတော့ ပြုစုစောင့်ရှောက်လို့ ရတယ်တဲ့။ စစ်ဆေးရုံတက်မယ်ဆိုရင်လည်း ဆေးကုသစရိတ်မယူဘူးလို့ပြောပြီး စည်းရုံးတယ်။ မဝင်ချင်တာက ကျနော်တို့မှာ မိဘတွေရှိသေးတယ်။ ဘာမှ သိသေးတာ မဟုတ်ဘူး။"

စစ်သားအဖြစ် စုဆောင်းမခံရခင်မှာ သာစည်ဘူတာက ဒေသခံတချို့က သူတို့ကို သတိပေးတာတွေ ရှိခဲ့တယ်လို့လည်း စိုင်းမျိုးထွန်းက ပြောပါတယ်။

"သာစည်ဘူတာမှာ ထမင်းသွားစားတော့ ဆိုင်က အစ်မတယောက်က မောင်လေးတို့ သူတို့တွေ အဲလိုလာခေါ်ရင် ရဲစခန်းကို တိုက်ရိုက်သွားလိုက်တဲ့။ သူတို့တွေက လူတယောက်သွင်းပေးရင် ဆန်တအိတ်၊ ဆီတပုံး၊ ပိုက်ဆံ ၁ သိန်း ရတယ်လို့ ကျနော်တို့ကို ပြောတယ်။ ကျနော်တို့ မရောက်ခင် တရက်က ကောင်လေးတယောက်ကို အဲလိုခေါ်သွားပြီး အခန်းထဲမှာ သော့ပိတ်ထားပြီး မိဘတွေလာတာတောင် တွေ့ခွင့်မပေးဘူးတဲ့။ ခြေသလုံးဖက်၊ ဒူးဖက်ပြီး ငိုကြီးချက်မနဲ့ တောင်းပန်တော့မှ အဲဒီကောင်လေးကို ပြန်ထုတ်ပေးလိုက်တယ်တဲ့။"

# ကိုယ်ထူကိုယ်ထ ရုန်းကန်တိုက်ပွဲဝင်ကြ

**DVB ၊ ဩဂုတ် ၃၁ ။** ။ လက်ရှိ နအဖစစ်ဗိုလ်ချုပ်တွေ အုပ်စိုးတဲ့အောက်ကနေ ကိုယ်ထူကိုယ်ထ ရုန်းကန်တိုက်ပွဲဝင်ကြဖို့ အလုပ်သမားလယ်သမားတွေကို မြန်မာနိုင်ငံအလုပ်သမား၊ လယ်သမားသွေးစည်းညီညွတ်ရေးအဖွဲ့ချုပ်က တိုက်တွန်းလိုက်ပါတယ်။

လက်ရှိ စစ်အုပ်စုလက်အောက်မှာ နစ်နာဆုံးရှုံးနေတဲ့ မိမိအခွင့်အရေးတွေရအောင် အလုပ်သမား၊ လယ်သမားအသင်းအဖွဲ့တွေ ဖွဲ့စည်းပြီး တိုက်ပွဲဝင်ဖို့လည်း လွန်ခဲ့တဲ့လပိုင်းက ဖွဲ့စည်းခဲ့တဲ့ အဲဒီအဖွဲ့ချုပ်က တိုက်တွန်းထားပါတယ်။ အဲဒီအဖွဲ့ချုပ် ဖွဲ့စည်းရတဲ့ရည်ရွယ်ချက်ကို အဲဒီအဖွဲ့ ပြောခွင့်ရသူ ကိုမိုးဦးကပြောပါတယ်။

"အဓိကက လယ်သမားတွေ၊ အလုပ်သမားတွေ၊ အစိုးရဝန်ထမ်းတွေ၊ ပုဂ္ဂလိကဝန်ထမ်း အသီးသီးရဲ့ရပိုင်ခွင့်ရှိတဲ့ အခွင့်အရေးတွေ မရဘဲနဲ့ဆုံးရှုံးနေကြတဲ့အတွက် ကိုယ့်အခွင့်အရေးအသီးသီးရဖို့အတွက်ဖွဲ့လိုက်တဲ့သဘောပါ။ တရားဝင်အဖွဲ့အစည်းတခုဖြစ်အောင် ကြိုးစားဆောင်ရွက်ဖို့ရှိတယ်ဗျ။"

သူတို့အဖွဲ့ချုပ်က အလုပ်သမား လယ်သမားထုနစ်နာမှုကိုတင်ပြတောင်းဆိုလာအောင် ဝိုင်းဝန်းကူညီမှာဖြစ်ပြီး အလုပ်သမား၊ လယ်သမားထုက ပူးပေါင်းဆောင်ရွက်ဖို့ ကိုမိုးဦးက တိုက်တွန်းပါတယ်။

"အလုပ်သမားတွေဆိုရင်လည်း စနေ၊ တနင်္ဂနွေဆိုရင်လည်း အချိန်ပိုတွေဆင်းနေရတယ်။ ဆင်းတော့လည်း အချိန်ပိုကြေးမရဘူး။ ရတော့လည်း ပုံမှန်အလုပ်ချိန်မှာရတဲ့ နှုန်းထားလောက်ပဲရတယ်။ ဥပဒေကြောင်းအရ နှစ်ဆရရမယ်ဆိုတဲ့ သဘောတရားတွေလည်း သူတို့နားမလည်ဘူး။ ဒီတော့ ဝိသမလောဘသမားတွေရဲ့အောက်မှာ ဒီလိုပဲငြိမ်ခံနေရတယ်။ ဒါကြောင့် တကယ် အခက်အခဲနဲ့ကြုံတွေ့လာရင် ကျနော်တို့အဖွဲ့အစည်းကို တင်ပြ၊ အဖွဲ့အစည်းနဲ့ ပူးပေါင်းဆောင်ရွက်ပြီး အလုပ်လုပ်ကြဖို့ စည်းရုံးတိုက်တွန်းမယ်။"

အဲဒီအဖွဲ့ချုပ်ရဲ့ ဒီနေ့ကြေညာချက်မှာ မြန်မာနိုင်ငံက အလုပ်သမား၊ လယ်သမားထု ဘဝအခြေအနေမှန်ဟာ လူမှုစီးပွားနဲ့အရာရာတိုင်းမှာ အောက်ကျနောက်ကျအဖြစ်ဆုံး၊ အနိုင်ကျင့် အချယ်လှယ်ခံရဆုံး နင်းပြားဘဝကို ရောက်နေတယ်လို့ အစချီရေးထားပါတယ်။ ကိုယ်ရှာတဲ့ ဝင်ငွေထဲက မီးကင်းကြေး၊ ပေါ်တာကြေး၊ ညှော်စာရင်းကြေး၊ လမ်းခင်းကြေး၊ အလှူငွေ၊ ရန်ပုံငွေ၊ လူကြီးညှော်ခံစရိတ်စတဲ့ အမျိုးမျိုးငွေကောက်ခံနေတာကြောင့် ဝမ်းစာအတွက်ခက်ခက်ခဲခဲရုန်းကန်နေရတယ်၊ ဒီလိုအဖြစ်ဆိုးကလွတ်အောင် ပြိုင်တူထကြွရုံမှတပါး တခြားနည်းလမ်းမရှိဘူးလို့လည်း ရေးသားထားတာဖြစ်ပါတယ်။

**တဖက်မှ**

လည်ပင်းညှစ်ခံရသကဲ့သို့အသက်ရှူမွန်းကြပ်ကာ နေရတော့မည်လော၊ သို့မဟုတ် ကျွန်ုပ်တို့နိုင်ငံအချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် လူတဦးချင်းစီ၏ လွတ်လပ်ခွင့်များကန့်သတ်ချုပ်ချယ်ခံရတော့မည်လော၊ သို့မဟုတ် လူတဦးချင်းစီ၏လွတ်လပ်ခွင့်ကို အကာအကွယ်ပေးခြင်းမရှိပဲနှင့် အမေရိကတိုက်ရှိ ပြည်သူများအားလုံး၏လွတ်လပ်ခွင့်ကို မည်သို့ကာကွယ်ပေးနိုင်မည်နည်း။ ထိုကဲ့သို့အကာအကွယ်ပေးသည့်အရိပ်အာဝါသမရှိပဲနှင့် ကျွန်ုပ်တို့သည် အစိုးရ၏ လက်အောက်သို့ ကျရောက်ရတော့မည်လော။

ကံမကောင်းအကြောင်းမလှပဲ ဆိုရပေလိမ့်မည်၊ အခြေအနေများက ကျွန်ုပ်တို့ရွေးချယ်သောလမ်းမဟုတ်သောဘက်သို့ဦးတည်နေသည်၊ တဦးတယောက်၏လမ်းညွှန်မှု၊ တဦးတယောက်တည်း၏စောင့်ကြပ်ကြည့်ရှုမှု၊ ဤသည်ကို လူတိုင်းကလိုက်နာကြရမည့်လမ်းကြောင်းသို့ ဦးတည်နေသည်၊ ဤဦးတည်ရာလမ်းကြောင်းသည် လူတိုင်းလူတိုင်းသည် လက်ညှိုးထောင် ခေါင်းငြိမ့်ရမည့်လမ်းကြောင်းဖြစ်သည်၊ အကြောင်းအမျိုးမျိုးဖြင့် တိတ်ဆိတ်နေရသူများပင် ခိုကိုးရာကင်းမဲ့သည့်အဖြစ်ကို ရောက်စေမည့်လမ်းကြောင်းဖြစ်သည်။ လက်ညှိုးထောင်ခေါင်းငြိမ့်ရသည့်အဖြစ်သည် ဆင်ဆာဖြတ်တောက်ခံရသည့်အဖြစ်ထက်ပင်ဆိုးသည်။ ဆင်ဆာလုပ်ခြင်းသည် ကျွန်ုပ်တို့ယုံကြည်သောအမှန်တရားကို ဆက်လက်ကိုင်စွဲနိုင်သည့်အနေအထားကိုပေးသေးသည်။ လက်ညှိုးထောင်ခေါင်းငြိမ့်ဆိုသည်မှာ ကျွန်ုပ်တို့က ယုံကြည်ခြင်းမရှိသော အခြားသူများက မှန်သည်ဆိုသည့်အရာကို အားပေးရာရောက်သည်။ တနည်းအားဖြင့်ဆိုရလျှင် ကျွန်ုပ်တို့၏ကိုယ်ရည်ကိုယ်သွေးနှင့် ဂုဏ်သိက္ခာအား တသွေးတသံတမိန့်အောက်သို့ အလျှော့ပေးလိုက်ခြင်းဖြစ်သည်။ နဖါးကြိုးထိုးခြင်းကို မခံလိုသည့်သူများအတွက် ထိုကဲ့သို့အလျှော့ပေးလိုက်ခြင်း ထက်ဆိုးရွားသောအရာသည် လောကတွင်မရှိတော့ပေ။ ။

# မလေးရှားရှိ ထိန်းသိမ်းရေးစခန်း၌ မြန်မာအကျဉ်းသားတဦး သေဆုံး

**DVB | ဩဂုတ် ၃၁ ။** ။ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တောင်ပိုင်းရှိ (ကေအယ်လ်အိုင်အေ) တရားမဝင်နိုင်ငံခြားသား ထိန်းသိမ်းရေးစခန်းမှာ ပြီးခဲ့တဲ့ စနေနေ့က အမည်မသိရောဂါနဲ့ မြန်မာအကျဉ်းသားတဦး သေဆုံးသွားတယ်လို့ သိရပါတယ်။

(ကေအယ်လ်အိုင်အေ) စခန်းမှာ ထိန်းသိမ်းခံထားရတဲ့ အသက် ၃၈ နှစ်အရွယ်ကိုစိုးသိန်းဆိုသူ ရောဂါအသည်းအသန်ဖြစ်လို့ ပူထရာဂျာဆေးရုံကိုတင်ခဲ့ရာ စနေနေ့က သေဆုံးသွားတာလို့ စခန်းတွင်း ထိန်းသိမ်းခံရသူ တဦး ဖြစ်တဲ့ ကိုနေမင်းက ပြောပါတယ်။

"၃ ပတ်လောက်ဖျားတယ်။ သူ ထမင်းမစားဘူး။ တဖြည်းဖြည်းနဲ့ရောင်လာတယ်။ သူ့ဆုံးခါနီး သောကြာနေ့ ဆေးရုံတက်တော့ တော်တော်ကြီးရောင်နေပြီ။ မထနိုင်၊ လမ်းမလျှောက်နိုင်တော့ဘူး။ တအားဖြစ်မှ အထဲက လူတွေ သောင်းကျန်းမှ လဝကတွေက ဆေးရုံဆေးခန်းတွေ ခေါ်ပေးတယ်။ ညက တယောက်လည်း သူ့လိုပဲ တော်တော်ဆိုးတယ် လမ်းမလျှောက်နိုင်ဘူး။"

ဘာရောဂါနဲ့ သေဆုံးသွားတယ်ဆိုတာကို အတိအကျမသိရပေမယ့် သူဟာ ကိုယ်ပူ၊ အသားရေတွေ ဖောရောင်ပြီး အနီကွက်တွေထ၊ အကြောဆွဲ စတဲ့ လက္ခဏာတွေ ဖြစ်ပေါ်ခဲ့တယ်လို့ သူကပြောပါတယ်။ မနေ့ညတုန်းကလည်း အသက် ၃၀ အရွယ်ရှိ ကိုမင်းခိုင်ဆိုသူကိုလည်း အသည်းအသန်ဖြစ်လို့ ပူထရာဂျာရာ ဆေးရုံမှာတင်လိုက်ရတယ်လို့ ကိုနေမင်းက ပြောပါတယ်။ အခု လောလောဆယ် သူ့အခြေအနေဘယ်လိုရှိလဲဆိုတာကိုတော့ မသိရသေးပါဘူး။ (ကေအယ်လ်အိုင်အေ) ထိန်းသိမ်းရေးစခန်းရဲ့ ဘလော့ ဘီ–၁ အခန်းမှာ အဆိုပါ ရောဂါ လက္ခဏာရှိသူ ၅ ဦး ရှိတယ်လို့ ပြောပါတယ်။ အဲဒီအထဲက အသည်းအသန်မဖြစ်ဘဲ အဲဒီ ရောဂါလက္ခဏာမျိုး ဖြစ်ပေါ်နေတဲ့သူတဦးက သူခံစားရတာကို ပြောပါတယ်။

"ကျနော်က ဒီနေ့ ခြေထောက်တွေ ကိုက်တာပဲရှိတယ်။ ကိုက်လွှင်လည်း ရှိတယ်၊ ဆေးခန်းခေါ်ဖို့ပြောထားတာ လာမခေါ်သေးဘူး။ ဘာရောဂါလဲ အတိအကျမသိဘူး။"

ကျန်းမာရေး စောင့်ရှောက်မှုတွေ လိုအပ်သလို ဒီထိန်းသိမ်းရေးစခန်းက နေထွက်နိုင်ဖို့ မျှော်လင့်တယ်လို့ သူကပြောပါတယ်။ စနေနေ့တုန်းက သေဆုံးသွားတဲ့ ကိုစိုးသိန်းဟာ ရန်ကုန်ကလာတာဖြစ်ပြီး သူပြန်ဖို့ငွေကြေးရှင်းပြီးမှ မလေးရှားရှိ မြန်မာသံရုံးက ပြန်ခွင့်မပေးဘဲ ဆက်လက်ထိန်းသိမ်းခံထားရင်း သေဆုံးသွားတာလို့ ကိုနေမင်းက ပြောပါတယ်။

"မြန်မာသံရုံးက ကိုမင်းအောင်တို့က သူတို့ပြန်ဖို့ လဝကတွေ စာရင်းလာပြောတော့ ကိုစိုးသိန်း ဓာတ်ပုံမပါလို့ဆိုပြီး မပြန်ရဘဲနဲ့ သူနဲ့ အတူတူလုပ်တဲ့အသုတ်ထဲကလူတွေ ပြန်ကုန်ကြတာနှစ်ပတ်၊ သုံးပတ်လောက်ရှိပြီ။ သူက ကျန်ခဲ့တော့ စိတ်ဓာတ်တွေလည်းကျ၊ ထမင်းမစားမသောက်နဲ့ အဲ့လို ဖြစ်သွားတယ်။"

(ကေအယ်လ်အိုင်အေ) ထိန်းသိမ်းရေးစခန်းတွင်းမှာ ကမ္ဘာ့လူတုပ်ကွေး ရောဂါဖြစ်ပွားနေသူ ၉ ဦး ရှိတယ်လို့ သိရပြီး အဲဒီအထဲမှာ မြန်မာ ၄ ယောက် ပါဝင်တယ်လို့သိရပါတယ်။ (ကေအယ်လ်အိုင်အေ) စခန်းမှာ လောလောဆယ် မြန်မာနိုင်ငံသား ၅၀၀ ကျော် ထိန်းသိမ်းခံထားရဆဲဖြစ်ပါတယ်။

# မိမိကိုယ်ကို မီးရှို့ရန်ကြံစည်မှုဖြင့် စွပ်စွဲခံထားရသောသံဃာ ရုံးထုတ်

**Mizzima | စက်တင်ဘာ ၃ ။** ။ မိမိကိုယ်ကိုမီးရှို့ရန်ကြံစည်သည်ဟု ရဲက စွပ်စွဲခံထားရသော ရဟန်းတော်အရှင်စန္ဒာမိကအား ယနေ့ထပ်မံရုံးထုတ်ခဲ့သည်ဟု တရားရုံးနှင့်အတိုက်အခံသတင်းရပ်ကွက်များအရ သိရပါတယ်။

အင်းစိန်ထောင်တွင်း လက်ရှိထိန်းသိမ်းခံနေရသော သက်တော် ၃၆ နှစ်အရွယ် အရှင်စန္ဒာမိကအား ရဟန်းဝတ်ချွတ်စေပြီး ရုံးထုတ်နေခြင်းဖြစ်ပါတယ်။ ပဲခူးတိုင်း၊ လေးကျွန်းမဏ္ဍိုင်ကျောင်းတိုက် ဒေးစွန်းဘုရားတွင်သီတင်းသုံးခဲ့သည့် အရှင်စန္ဒာမိကကို ရဲအုပ်ဖော်ဘုန်းဝင်းက တရားလိုပြုလုပ်ပြီး ဘာသာတရားကိုညှိုးနွမ်းအောင်လုပ်မှု ပုဒ်မ ၂၉၅–က ဖြင့် ဗဟန်းမြို့နယ်တရားရုံးတွင် တရားစွဲဆိုထားသည်။

"သက်သေ ၄ ယောက်ကို အခုတခါပြန်ခေါ်တယ်။ ၃ ယောက်တော့စစ်ပြီးသွားပြီ။ ဒီကနေ့တရားလို ၁ ယောက်ကိုစစ်တယ်။" လို့ ဗဟိုတရားရုံးသတင်းရပ်ကွက်ကပြောပါတယ်။ သက်သေအားလုံးမှာ ရဲများဖြစ်ကြောင်း သီးခြားစုံစမ်းသိရှိရပါတယ်။ ဦးညီညီလွင်တဖြစ်လဲ အရှင်စန္ဒာမိကသည် ယခင်ရုံးချိန်းများတွင် ကိုယ်တိုင်လျှောက်လဲထွက်ဆိုခဲ့ပါတယ်။

"ဒီနေရာဟာ ရဟန်းမသွားရဘူးလို့ သတ်မှတ်ထားတာဟာ ဝိနည်းနဲ့လည်းမထိခိုက်ဘူး၊ ဒီကိုလာတာလည်း ဆရာတော်ကနေ ဝါဝင်ပြီးလာတာ။ ရဟန်းသိက္ခာချိုးဖောက်တာမဟုတ်ဘူး။ သာသနာကို ညှိုးနွမ်းအောင်လုပ်တာလည်း မဟုတ်ဘူးဆိုတဲ့ မေးခွန်းကိုလည်း သူကိုယ်တိုင်တရားရုံးကိုမေးထားတယ်။" လို့ တရားဆိုင်နှင့်နီးစပ်သူတဦးက ပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို အမိန့်ချသည့် ပြီးခဲ့တဲ့လ ၁၁ ရက်နေ့တွင် တရားဆိုင်က ဗဟန်းမြို့နယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးသို့ဝင်ရောက်ကာ သတင်းမေးအပြီးပြန်အထွက် ဗဟန်းမြို့နယ်ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့တာဖြစ်ပါတယ်။ ဦးစန္ဒာမိကကို လူ ၃ ယောက်က ရန်ကုန်မြောက်ပိုင်းခရိုင် ရဲစခန်းဝင်းသို့ခေါ်ဆောင်သွားပြီး အနည်းဆုံးရဲ ၂ ယောက်က ဝါးလုံးဖြင့်ရိုက်နှက်ခဲ့၍ ဒဏ်ရာရခဲ့တယ်လို့ အာရှလူ့အခွင့်အရေးကော်မရှင် AHRC အဖွဲ့ကပြောပါတယ်။

တရားရုံးတွင် နှစ်ဘက်ရှေ့နေများအပြန်အလှန် မေးမြန်းထွက်ဆိုချက်အရ စွပ်စွဲခံထားရသူ၏အနီးနားတွင် ရေနံဆီ သို့မဟုတ် အခြားသဲလွန်စမတွေ့ရသလို သီးခြားလွတ်လပ်သော မျက်မြင်သက်သေများလည်း မရှိဟု AHRC ကပြောပါတယ်။ ထိုသို့ဖြစ်ပွားနေစဉ်တွင် အခြားသံဃာတော်များနှင့် စပ်ဆိုင်သောအဖြစ်အပျက်များမှာ ဩဂုတ်လ ၂၇ ရက်နေ့မှ ၃၁ ရက်နေ့အတွင်း မကွေးတိုင်း၊ ရေနံချောင်း၊ ချောက်နှင့်ပခုက္ကူမြို့နယ်များတွင် ရှာဖွေစစ်ဆေးမှုများရှိနေပြီး ရဟန်း ၄ ပါးကို စစ်အစိုးရက ဖမ်းဆီးထားတယ်လို့ သံဃာ့တပ်ပေါင်းစုအဖွဲ့က ပြောပါတယ်။

သံဃာတော်အဖွဲ့မှ အရှင်ဦးဓမ္မဝံသက "သာသနာကိုညှိုးနွမ်းအောင်လုပ်နေတာက နအဖ ဘဲ။ ဦးဇင်းတို့ရဟန်းသံဃာတွေက ဓမ္မစက်အောက်မှာနေတာ၊ အာဏာရှင်အောက်မှာနေတဲ့ ပုဂ္ဂိုလ်တွေမဟုတ်ဘူး။ အခုလို ဖမ်းဆီး ဥပဒေ ပုဒ်ထိုး ပုဒ်မတွေတပ်ပြီးတော့ ထောင်ချတာတွေဟာ ဦးဇင်းတို့ဘာသာကို တခြားဘာသာတွေနဲ့ကြည့်မယ်ဆိုရင် သိမ်ငယ်သွားတာပေါ့။ အခု ကမ္ဘာ့အလယ်မှာ မျက်နှာငယ်ရပြီပေါ့။" လို့ မိန့်ပါတယ်။

နေပြည်တော်စစ်ရုံးချုပ် သတင်းရပ်ကွက်အဆိုအရ သံဃာတော်များက ၂၀၀၇ ခုနှစ်ကကဲ့သို့ အလားတူလှုပ်ရှားဆောင်ကာ အုံကြွမှုတခုဖြစ်လာလိမ့်မယ်လို့ စစ်အစိုးရကသံသယရှိနေပြီး လုံခြုံရေးတိုးမြှင့်ရန်နှင့် ဘုန်းကြီးကျောင်းများကို အနီးကပ်စောင့်ကြည့်ရန် ညွှန်ကြားထားပါတယ်။

ယနေ့ထုတ်ပြန်သည့် အာရှလူ့အခွင့်အရေးကောင်စီ၏ ကြေညာချက်တွင် အရှင်စန္ဒာမိက အမှုကိစ္စအပါအဝင် အထောက်အထားမဲ့ဖမ်းဆီးနှိပ်စက်ခြင်းများအပေါ် စိုးရိမ်ပူပန်ကြောင်းနှင့် မြန်မာပြည်ဆိုင်ရာ ကုလလူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာကွင်တားနားနှင့် ကုလအလုပ်အမှုဆောင်အဖွဲ့အနေနှင့် ကြားဝင်ဖြေရှင်းပေးပါရန် တောင်းဆိုထားပါတယ်။

# သတင်းပြက္ခဒိန်

| 2009 | | | | | | |
|---|---|---|---|---|---|---|
| | | | | | | |
| | | | 1 | 2 | 3 | 4 |
| 5 | 6 | 7 | 8 | 9 | 10 | 11 |
| 12 | 13 | 14 | 15 | 16 | 17 | 18 |
| 19 | 20 | 21 | 22 | 23 | 24 | 25 |
| 26 | 27 | 28 | 29 | 30 | 31 | |

**ဩဂုတ် ၂၆၊ NYT** ။ ။ မြန်မာတွင် တရုတ် ရုရှားတို့၏ ဩဇာလွှမ်းမှု လူထုစီးပွားရေးတိုးတက်မှု အနောက်နိုင်ငံများမှ ဒီမိုကရေစီသို့ တဖြေးဖြေးပြောင်းမှု အောင်မြင်ရန် မြန်မာမှ ပိတ်ပင်မှုဆဲန်ရှင်အချို့ကို တဖြေးဖြေးရုတ်သိမ်းသင့်သည်ဟု အမတ် J Web (စာရေးဆရာ၊ ဗီယက်နမ်စစ်မှုထမ်းဟောင်း) မှ ကိုယ်တိုင်ရေးဆောင်းပါးတွင်ဆို၏။

**ဩဂုတ် ၂၇၊ RFA** ။ ။ ရွှေဝါရောင်တော်လှန်ရေး နှစ်ပတ်လည်နီးလာ၍ နအဖအာဏာပိုင်များ မန္တလေးစာသင်တိုက်မှ သံဃာများအားလူစုခွဲ နေရပ်သို့ပြန်ခိုင်းနေကြောင်း။

**စက်တင်ဘာ ၁၊ NYT** ။ ။ တရုတ်တွင်ခိုလှုံနေသူ မြန်မာဒုက္ခသည်ထောင်ပေါင်းများစွာသတင်းကို တရုတ်သည် လိုအပ်သောအကူအညီပေးထားသည်မှလွဲ၍ သတင်းအမှောင်ချထားရန်အမိန့်ထုတ်ထားကြောင်း။

**စက်တင်ဘာ ၂၊ USCB** ။ ။ နအဖသည် တပ်သား ၇၀၀၀ ခန့် တင့်ကားများဖြင့် ကိုးကန့်တပ်များအားတိုက်ခိုက်နေပြီး စစ်သည် ၃၀၀၀ ထပ်ပို့ရန်စီစဉ်နေကြောင်း။

**စက်တင်ဘာ ၂၊ EarthTimes** ။ ။ ထိုင်းမွေးမြန်မာ မောင်သုန္ဒီ (၁၂နှစ်) အား ဂျပန်တွင် အိုရီဂါမီလေယာဉ်လွှတ်ပြိုင်ပွဲဝင်နိုင်ရန် ထိုင်းမှ ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေး၏။

**စက်တင်ဘာ ၂၊ SEOUL** ။ ။ မြန်မာတွင် ကမ်းလွန်ရေနံတိုးမြှင့်ရေးတွင် တောင်ကိုးရီးယား ဦးဆောင်လုပ်ငန်းအုပ်စုသည် ဒေါ်လာ ၃ ဘီလီယံကျော် မြှုပ်နှံမည်ဟုဆို၏။

**စက်တင်ဘာ ၂၊ Daily Times** ။ ။ မိမိတို့သည် လမ်းပိတ်ဘက်ဦးတည်နေသည်ဆိုသည်ကို နအဖသည် သဘောပေါက်နေပြီလောဟု စာရေးသူ SimaonTay မှ သုံးသပ်၏။

**စက်တင်ဘာ ၂၊ XNA** ။ ။ တောင်ကိုးရီးယားသည် မြန်မာအရာရှိနှင့်ပညာရှင်များအား အနုမြူစွမ်းအားသင်တန်းပို့ချမည်။

**စက်တင်ဘာ ၂၊ InnerCityPress** ။ ။ နအဖသည် သီရိလင်္ကာနည်းတူ (တောင့်ခံ) သူပုန်တိုင်းကို တိုက်ထုတ်၍ ဒုက္ခသည်များ ဘေးနိုင်ငံများသို့ခိုလှုံနေရကာ တရုတ်တွင်ပင် ခိုလှုံနေရ၏။

**စက်တင်ဘာ ၂၊ UN** ။ ။ မြန်မာ့အရေး လုံခြုံရေးကောင်စီမှ ဆွေးနွေးချက်တွင် ယာထာခြင်းသည် မြန်မာကိစ္စကို အရေးယူသင့်ချိန်ဟုယူဆ၍ဖြစ်ကြောင်း ယခုလ လုံခြုံရေးကောင်စီ၏ဥက္ကဋ္ဌနိုင်ငံဖြစ်သည့် အမေရိကန်၏ ကုလသမဂ္ဂဆိုင်ရာသံအမတ် Susan Rice မှဆို၏။

**စက်တင်ဘာ ၂၊ BP** ။ ။ ကိုးကန့်နှင့် 'ဝ' များအားတိုက်မှုနှင့် မိမိတို့အားကြိုတင်အသိမပေးမှုအတွက် တရုတ်သည် နအဖအားဒေါသထွက်နေ၏။ တရုတ်သည် နယ်စပ်သို့ စစ်သည် ရာချီ၍ပို့ထားရကြောင်း Larry Jagan မှဆို၏။

**စက်တင်ဘာ ၂၊ Mizzima** ။ ။ မွန်ပြည်သစ်ပါတီသည် နအဖ အရှေ့တောင်တိုင်းစစ်ဌာနတိုင်းမှူး ဗိုလ်ချုပ်သက်နိုင်နှင့် ထိုရုံးတွင် နယ်စပ်တပ်အသွင်သို့ ပြောင်း မပြောင်း ဆွေးနွေးခဲ့၏။

**စက်တင်ဘာ ၃၊ JT** ။ ။ ဩဂုတ် ၂၉ JT တွင် Brahma Chellaney ရေးသလို တရုတ်နှင့်ကုန်သွယ်လျှင် မြန်မာနှင့်လည်းဆက်ဆံနိုင်ဟု တင်ပြချက်ကောင်းသော်လည်း မြန်မာပြည်သူများဆင်းရဲနေခြင်းသည် အမေရိကန်နှင့်ကမ္ဘာ၏ ပိတ်ဆို့ဆဲန်ရှင်များကြောင့်မဟုတ် နအဖ ဗိုလ်ချုပ်သန်းရွှေတို့ကြောင့်ဖြစ်ကြောင်း Donald Seekins မှရေး၏။

**စက်တင်ဘာ ၃၊ BKK-IPS** ။ ။ ILO သည် တရားသူကြီးများ စစ် ရဲ အလုပ်သမားဌာနအရာရှိများပါဝင်သည့် ထူးခြားသည့်ဆွေးနွေးမှုတခု မြန်မာတွင် စက်တင်ဘာ ဖြ ၌ကျင်းပမည်။

**စက်တင်ဘာ ၃၊ WP** ။ ။ ပိတ်ပင်မှုဆဲန်ရှင်များ ဘယ်လိုဘဲဆုံးဖြတ်ဖြတ် မြန်မာတိုင်းရင်းသားများကို မမေ့နှင့် စစ်အာဏာရှင်အား ဖိအားပေးခြင်းဘက် ပိုသန်ရမည်ဟူသော ဒေါ်အောင်ဆန်းစုကြည် မိန့်စကားများကို အမေရိကန် အိုဘားမားအစိုးရမှ သတိချပ်သင့်ကြောင်း ဒေါ်စုအားထပ်ဖမ်းထားခြင်းနှင့် တိုင်းရင်းဒေသများအားတိုက်ခြင်းသည် ဆက်စပ်နေသည်ကို သတိပြုရန် Chris Beyer (Johns Hopkins University's) နှင့် Richard Sollom (Burma Project at Physicians for Human Rights) တို့မှ သတိ ပေး၏။

**စက်တင်ဘာ ၃၊ IOL** ။ ။ ဒေါ်အောင်ဆန်းစုကြည်အမှု အယူခံဝင်ရန်အကြောင်း ၁၁ ချက်ရှိပြီး အမိကမှာ ဖွဲ့ စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြစ်ကြောင်း သူမရှေ့နေများမှဆို၏။

**စက်တင်ဘာ ၃၊ DVB** ။ ။ ပခုက္ကူခရိုင်တွင် သံဃာဦးဝိသုဓ လူမှုရေးကူညီရန်ဖြားယောင်း၍ ပခုက္ကူရဲမှဖမ်းဆီးခဲ့၏။ ဖမ်းဆီးကြောင်း မကြေညာသေး။

**စက်တင်ဘာ ၃၊ IRIN** ။ ။ အမေရိကန်၏ မြန်မာအပေါ်သဘောထား ပြင်သုံးသပ်မှုကြောင့် မြန်မာအပေါ် ပိတ်ဆို့မှုဆဲန်ရှင်များ၏ အကျိုးထိရောက်မှုကို ကမ္ဘာမှပြန်သုံးသပ်နေ၏။

**စက်တင်ဘာ ၃၊ Mizzima** ။ ။ မိမိကိုယ်ကိုမီးရှို့ရန်ကြံစည်သည်ဟု စွပ်စွဲခံထားရသူ အင်းစိန်ထောင်ရှိ ရဟန်းတော်အရှင်စန္ဒာဓိက ၃ဖြ နှစ် အား ယနေ့ ထပ်မံရုံးထုတ်ခဲ့သည်ဟု တရားရုံးနှင့် အတိုက်အခံသတင်းရပ်ကွက်များအရ သိရပါတယ်။

**စက်တင်ဘာ ၃၊ Irrawaddy** ။ ။ ဩဂုတ် ၂၄ နအဖ တပ်မှ Laogai ကိုးကန့်မြို့တော်အားသိမ်းပြီး မြို့ခံများအား တရုတ်လော မြန်မာလော မေးကာ တရုတ်ပြည်မှလူများကို စစ်သားများမှ ရိုက်နှက်ကြကြောင်း။ တရုတ်ပိုင်ဆိုင်များမှပစ္စည်းများအား အပိုင်စီးခြင်း ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့ကြောင်း။

**စက်တင်ဘာ ၃၊ Irrawaddy** ။ ။ ကိုးကန့်နှင့် 'ဝ' တပ်များအား တိုက်ပြခြင်းဖြင့် နအဖသည် တိုင်းရင်းသားအဖွဲ့ငယ်များအား နယ်ထိန်းတပ်အသွင်းပြောင်းရန် ခြိမ်းခြောက်၏။

**စက်တင်ဘာ ၃၊ Mizzima** ။ ။ ကိုးကန့်ခေါင်းဆောင်များအားတိုက်ထုတ်ပြီးနောက် နအဖသည် UWSA 'ဝ' တပ်များအား တိုက်လာနိုင်ကြောင်း SHAN မှ Khuensai Jaiyen မှဆို၏၊

**စက်တင်ဘာ ၄၊ ND** ။ ။ ဒေါ်အောင်ဆန်းစုကြည် တက်ခဲ့သော အိန္ဒိယမှ လေဒီရှရီရမ်ကောလိပ်မှ မှတ်တမ်းရုပ်ရှင်ပွဲတွင် မြန်မာဒီမိုကရေစီရေးမှတ်တမ်း၊ ၁၉ဖြ၂ အရေးအခင်းမှ ၈၈၈၈ ထိပြခဲ့၏။

**စက်တင်ဘာ ၄၊ DVB** ။ ။ ကုလလုံခြုံရေးတွင် စက်တင်ဘာအတွင်းဆွေးနွေးမည် အမေရိကန်သံ Susan Rice မှဆို၏။

**စက်တင်ဘာ ၄၊ DVB** ။ ။ ရွှေတိဂုံတွင် လူစုခွဲခံရ၍ သံဃာတရာကျော်ဆန္ဒမပြခဲ့ရ။ သံဃာများအားတွေ့ရသော ဈေးဆိုင်များအားချက်ချင်းရွှေ့ပြောင်းမိန့်ချခဲ့၏။

**စာမျက်နှာ ၁၀ သို့**

# ကိုးကန့်တပ်နှင့် နအဖစစ်တပ် တိုက်ပွဲအပေါ် နိုင်ငံရေးအဖွဲ့အစည်းများ အမြင်

**DVB၊ ဩဂုတ် ၃၁ ။** ။ ရှမ်းပြည်ဒေသ ၁ ကိုးကန့်နယ်မြေထဲမှာ အပစ်ရပ်ကိုးကန့်အဖွဲ့နဲ့ နအဖတပ်တွေအကြား တိုက်ပွဲတွေဖြစ်နေတဲ့အပေါ် ထိုင်း မြန်မာနယ်စပ်မှာရှိတဲ့ နိုင်ငံရေးအဖွဲ့အစည်းတွေရဲ့အမြင်သဘောထားကို တင်ပြပေးလိုပါတယ်။

ကိုးကန်းနယ်မြေမှာ ဖြစ်ပွားနေတဲ့ နအဖနဲ့ ကိုကန့်အကြားတင်းမာမှုဟာ နယ်ခြားစောင့်တပ် အသွင်ပြောင်းဖို့လက်မခံတဲ့ အပစ်ရပ်ဖွဲ့တွေကို နအဖစစ်အုပ်စုက အပြစ်ရှာ တိုက်ခိုက်တာဖြစ်ကြောင်း ရှမ်းပြည်တပ်မတော်တောင်ပိုင်း (အက်စ်အက်စ်အေ) က ပြောခွင့်ရသူ စိုင်းလောင်ဆိုင်က ပြောပါတယ်။

“နအဖ စစ်အုပ်စုက လက်နက်ကိုင် ငြိမ်းချမ်းရေးတပ်တွေကို အပြစ်ရှာပြီး စစ်ရေးအရ ဖိအားပေးလာတဲ့အနေအထားမျိုးမှာ ကျန်လက်နက်ကိုင် အဖွဲ့အစည်း၊ ငြိမ်းချမ်းရေးယူထားတဲ့ တိုင်းရင်းသားလူမျိုးစု ငြိမ်းချမ်းရေးတပ်ဖွဲ့တွေကလည်း နအဖ စစ်အုပ်စုအပေါ် အယုံအကြည် ကင်းမဲ့သွားတဲ့ပုံစံမျိုးရှိလာနိုင်ပါတယ်။။”

ဒီတိုက်ပွဲဟာ နအဖဘက်က စစ်ရေးအရ ရာထားတဲ့တိုက်ပွဲဖြစ်တာကြောင့် တခြားငြိမ်းချမ်းရေး လက်နက်ကိုင်တပ်ဖွဲ့တွေက အကူအညီမပေးရင် နအဖတပ်က ကို့ကန့်တွေကို အနိုင်စီးသွားနိုင်တယ်လို့ စိုင်းလောင်ဆိုင်က ပြောပါတယ်။ ကျောင်းသားတပ်မတော် ABSDF အဖွဲ့ကရဲ့ ဉက္ကဋ္ဌကိုသံခဲက လည်း ကိုးကန့်နဲ့ နအဖတပ်တွေအကြား ဖြစ်နေတဲ့တင်းမာမှုဟာ နအဖစစ်အုပ်စုဟာ ၂၀၁၀ ရွေးကောက်ပွဲမလုပ်ခင်မှာ နိုင်ငံရေးပြဿနာတွေကို မဖြေရှင်းပဲ နယ်ခြားစောင့်တပ်အဖြစ် တိုက်ရိုက်ပြောင်းလဲခြင်းရဲ့ အကျိုးဆက်ဖြစ်တာကြောင့် တခြားအပစ်ရပ်အဖွဲ့တွေလည်း သတိကြီးစွာထားရမယ်လို့ သုံးသပ်ပါတယ်။

“ကိုးကန့်နဲ့ဖြစ်တယ်ဆိုတာ အသွင်သဏ္ဍာန်အရ ပြန်ဖြစ်ခြင်း ဖြစ်တယ်။ အဲ့ဒီရဲ့နောက်ကွယ်မှာ ဘယ်အပစ်အခတ်ရပ်စဲရေးအဖွဲ့တွေပဲဖြစ်ဖြစ် မိမိမျှော်မှန်းခဲ့တဲ့ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ မဖြေရှင်းဘဲ အခုလို သပ်သျှိုဖြိုခွဲမှုတွေ၊ အတင်းအဓမ္မ သွတ်သွင်းမှုနောက်မှာ ပဋိပက္ခတွေဆက်ပြီး ကြီးထွားလာနိုင်ပါတယ်။ အသွင်သဏ္ဍာန်အရ တိုက်ပွဲတွေရပ်သွားနိုင်ပေမယ့် ပြဿနာတွေကို ဖြေရှင်းနိုင်ခြင်း မရှိသေးပါဘူး။ ဒီလိုမျိုး အခြေခံအောက်မှာ အပစ်အခတ်ရပ်စဲရေးအဖွဲ့တွေရဲ့ ရပ်တည်မှုပြဿနာနဲ့ အနာဂတ်ဟာ လုံးဝမရေရာသေးပါဘူး။”

နအဖစစ်အုပ်စုအနေနဲ့ ပြည်တွင်းမှာ နိုင်ငံရေးလှုပ်ရှားမှုတွေကို အတင်းအကျပ်ဟန့်တားနေသလို၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ အပစ်ရပ်မဟုတ်တဲ့ လက်နက်ကိုင်တပ်တွေကို ပြောင်းလဲပစ်ဖို့ တာစူနေတဲ့အချိန်ဖြစ်တဲ့ တွက်အားလုံးအတူတကွ ရင်ဆိုင်ကျော်လွှားမှသာ အောင်နိုင်မယ်လို့ ကိုသံခဲက ပြောပါတယ်။

“ကျနော်တို့အားလုံးက နအဖစစ်အုပ်စုဆီကနေ တောင်းဆိုနေလို့လည်း မရသလို၊ မျှော်မှန်းနေလို့လည်း မရပါဘူး။ ဒါကြောင့် တိုက်ပွဲပေါင်းစုံကို ကျနော်တို့အားလုံးက အတူတကွ လက်တွဲညီညီနဲ့ ဆောင်ရွက်ကြမယ်ဆိုရင် ဒီအချိန်ဟာ အခါခွင့်ကောင်းလို့ ကျနော်ယူဆပါတယ်။”

အကြောင်းတစုံတရာကိုပြုပြီး အနိုင်ယူတတ်တာက နအဖရဲ့လုပ်ရိုးလုပ်စဉ်ဖြစ်သလို ကိုးကန့်ကို အခုလို တိုက်ပွဲဆင်လိုက်တာဟာ ဘာမဆို လက်နက်နဲ့အနိုင်ယူလို့ ရတယ်ဆိုတဲ့ပုံစံကို နအဖကပြသလိုက်တာလို့ ကရင်နီအမျိုးသားတိုးတက်ရေးပါတီရဲ့ အတွင်းရေးမှူး ၁ ခူဦးရယ်က ပြောပါတယ်။

“ကိုးကန့်အဖွဲ့အစည်းဆိုတာ ပထမဆုံး အပစ်အခတ်ရပ်စဲရေးအဖွဲ့ဆိုရင်လည်းမမှားဘူး။ ခုလို စစ်အင်အားသုံး တိုက်တယ်ဆိုတော့ ကျန်တဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေကိုလည်း တချိန်တည်းမှာ ခြိမ်းခြောက်တဲ့ အနေအထားမျိုးလည်းဖြစ်စေတာပေါ့။” ကိုးကန့်အဖွဲ့ဟာ ဗမာပြည်ကွန်မြူနစ်ပါတီကနေ ခွဲထွက်ပြီး စစ်အုပ်စုနဲ့ ၁၉၈၉ မှာ အပစ်အခတ်ရပ်စဲရေး လုပ်ခဲ့တဲ့အဖွဲ့ဖြစ်ပါတယ်။

# ရန်ကုန်တိုင်းရဲမှူးကြီး မြေအောက်ဥမင်လိုဏ်ကိစ္စ စစ်ဆေးခံနေရ

**NEJ၊ စက်တင်ဘာ ၂ ။** ။ ရန်ကုန်တိုင်း၊ ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင် အား အဂတိလိုက်စားမှု၊ အာဏာအလွဲသုံးစားလုပ်မှုများဖြင့် နေပြည်တော်တာဝန်ရှိသူတို့က ခေါ်ယူစစ်ဆေးနေသည်မှာ ရက်သတ္တနှစ်ပတ်ရှိပြီဖြစ်ကြောင်း နေပြည်တော်အသိုင်းအဝိုင်းနှင့် နီးစပ်သူတဦးက ပြောပါတယ်။

ရဲမှူးကြီးဝင်းနိုင်နှင့်ဆက်စပ်ပတ်သက်နေသည့် ခရိုင်အဆင့်၊ မြို့နယ်အဆင့် ရဲအရာရှိများကိုလည်း အထူးစုံစမ်းစစ်ရေး BSI နှင့် သတင်းတပ်ဖွဲ့ SB တို့က ခေါ်ယူစစ်ဆေးနေဆဲဖြစ်ပါတယ်။ အမှုတွဲဆက်စပ်အရာရှိများကို ရန်ကုန်မြို့ ဆိပ်ကမ်းလမ်းအမှတ် ၆၇-၆၉ အထူးစုံစမ်းစစ်ဆေးရေးရုံးချုပ်၌ စစ်ဆေးနေသည်ဟု၎င်း၊ ကမ်းနားလမ်းခြောက်ထပ်ရုံး သတင်းတပ်ဖွဲ့ရုံးချုပ်၌ စစ်ဆေးနေသည်ဟု၎င်း၊ သတင်းများထွက်ပေါ်နေပါတယ်။

ဩဂုတ်လ နောက်ဆုံးပတ်အတွင်း ခြောက်ထပ်ရုံး၌ ရဲအရာရှိကားများ အဝင်အထွက်များနေသောကြောင့် ခြောက်ထပ်ရုံး၊ သတင်းတပ်ဖွဲ့ရုံးချုပ်၌ ယင်းအမှုတွဲအား စစ်ဆေးနေသည်မှာ ဖြစ်နိုင်ချေရှိကြောင်း ခြောက်ထပ်ရုံးမှအရာထမ်းတဦးက ပြောပါတယ်။ ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်း နိုင်ငံကူးလက်မှတ်ထုတ်ပေးရုံး၌လည်း ယခုလပိုင်းများအတွင်း ဌာနတွင်းအရေးယူမှုများ ဆက်တိုက်ဖြစ်ပေါ်နေသည်။

ပြီးခဲ့သည့်ဂျွန်လအတွင်း၌ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ ရုံးတာဝန်ရှိသူ ဝန်ထမ်း ၂၀ ကျော် အပြစ်ပေးအရေးယူခံရပြီး ယခင်လအတွင်း၌ ရုံးဝန်ထမ်း ၄၀ ခန့် နယ်ပြောင်းရွှေ့အပြစ်ပေးအရေးယူခံရကြောင်း အဆိုပါရုံးမှ ပြည်နယ်တခုသို့အပြောင်းခံရသူ သတင်းတပ်ဖွဲ့အရာရှိတဦးက ပြောပါတယ်။ “ခုချိန်အထိကို နယ်ပြောင်းကိစ္စတွေမပြီးသေးဘူး၊ passport ရုံး တရုံးလုံးပြောင်းပြစ်ဘို့ အစီအစဉ်ရှိပုံရတယ်။” လို့ ပြောပါတယ်။

နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ရုံး တာဝန်ရှိသူများ အခုလိုအရေးယူခံရခြင်းသည် နေပြည်တော်၊ မြေအောင်ဥမင်လိုဏ်ခေါင်းသတင်း ပေါက်ကြားခြင်းနှင့် တိုက်ရိုက်ဆက်စပ်နေသည်ဟု ဝန်ထမ်းများကယူဆကြပါတယ်။ မြေအောက်ဥမင်တူးဖော်ရေး သတင်းပေါက်ကြားမှုတွင် သံသယရှိသူများဟုယူဆခံရသည့် တပ်မတော်အရာရှိအချို့သည် အခြားနိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြကြောင်း၊ အဆိုပါအရာရှိများကို နိုင်ငံကူးလက်မှတ်ထုတ်ပေးခဲ့ခြင်းကြောင့် ဆက်စပ်သတင်းတပ်ဖွဲ့ဝင်များ အခုလို အရေးယူခံရခြင်းဖြစ်ကြောင်း အဆိုပါ သတင်းတပ်ဖွဲ့အရာရှိ တဦးက ပြောပါတယ်။

အခုလက်ရှိ နေပြည်တော်မှခေါ်ယူစစ်ဆေးနေသော ရန်ကုန်တိုင်း၊ ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်သည် ရှမ်းပြည်မြောက်ပိုင်း ပြည်နယ်ရဲမှူးကြီးအဆင့်မှ တဆင့်တိုးရာထူးဖြင့် ရန်ကုန်တိုင်း၊ ရဲတပ်ဖွဲ့သို့ ရောက်ရှိလာသည်မှာ ၂ နှစ်ဝန်းကျင်ခန့် ရှိပြီး ဖြစ်ပါတယ်။

## ပြက္ခဒိန်မှ

**စက်တင်ဘာ ၄ ၊ DVB ။ ။** ဒေါ်အောင်ဆန်းစုကြည်အမှု ချမှတ်ချက်သိလို၍ တရားရုံးအနီးလာခဲ့၍ နောက်ပိုင်းတွင်အဖမ်းခံရသူ သံဃာအရှင်ဦးစန္ဒာမိက ဒုတ်နှင့်ရိုက်၊ ဓာတ် ဆီလောင်းမီးရှို့လုပ်ကြမည်ဟု ပြောဆိုခိုင်းကြောင်း ။

**စက်တင်ဘာ ၄ ၊ DVB ။ ။** ဒေါ်အောင်ဆန်းစုကြည်နှင့် ဗိုလ်ချုပ်အောင်ဆန်းပုံများအား အာဏာပိုင်များမှ လိုက်လံသိမ်းဆည်းနေကြောင်း။

**စက်တင်ဘာ ၄ ၊ BBC ။ ။** ဒေါ်အောင်ဆန်းစုကြည်အား အလုပ်ကြမ်းနှင့်ထောင် ၃နှစ် ချမှု ယမန်နေ့ကအယူခံတင်ရာ ယနေ့တိုင်းအယူခံရုံးမှ လက်ခံကြားနာရန် ဆုံးဖြတ်၏။




# သတင်းတိုထွာ ဖတ်စရာက

ကျော်စံကြွေး

## ညျုကာလီယားသင်တန်း

တောင်ကိုရီးယားဟာ မြန်မာပြည်ကအရာရှိတွေကို ညျုကာလီယားစွမ်းအင်နဲ့ ပတ်သက်ပြီး သင်တန်းပေးမယ်လို့ သိရပါတယ်။ ၂၀၀၉ ခုနှစ်ကနေ ၂၀၁၁ အတွင်း မြန်မာပြည်အပါအဝင် အာဆီယံနိုင်ငံတွေက သင်တန်းသား ၁၅၀ ကို သင်ကြားပေးမယ့်အစီအစဉ်ကို အာဆီယံနဲ့ တရုတ်၊ တောင်ကိုရီးယား၊ ဂျပန် သုံးနိုင်ငံပါတဲ့ စွမ်းအင်ဝန်ကြီးများအစည်းအဝေးက သဘောတူခဲ့တာဖြစ်ပါတယ်။ **(XINHUA, 2.9.2009)**

## ခံစစ်မှူး ဘန်ကီမွန်း

မြန်မာ့အရေးနဲ့ပတ်သက်ပြီး ထိရောက်တိုးတက်တဲ့ရလဒ်ကို စွမ်းဆောင်နိုင်တာမရှိလို့ဆိုပြီး နော်ဝေးသံတမန်တဦးက ကုလသမဂ္ဂအထွေထွေအတွင်းရေး မှူးချုပ်ဘန်ကီမွန်းရဲ့ ခေါင်းဆောင်မှုအရည်အချင်းကို ပြစ်တင်ဝေဖန်တဲ့အသံ နော်ဝေးသတင်းစာတွေထဲမှာ ပါဝင်ခဲ့တဲ့အတွက် ဘန်ကီမွန်းက ခေါင်းဆောင်မှုဆိုတာ ကာလဒေသနဲ့အညီ ကွဲပြားမှုတွေလုပ်ရတယ်ဆိုတဲ့အကြောင်း ခုခံကာကွယ်သွားပါတယ်။ **(BLOOMBERG, 31.8.2009)**

## ဒုက္ခသည်သတင်း ကန့်သတ်ထိန်းချုပ်

နအဖနဲ့ကိုးကန့်တို့ကြားမှာ ဖြစ်ပွားတဲ့ တိုက်ခိုက်မှုတွေကြောင့် တရုတ်ဘက်ထွက်ပြေးခဲ့ရတဲ့ ဒုက္ခသည်တွေရဲ့အခြေအနေတွေနဲ့ပတ်သက်ပြီး တရုတ်အစိုးရဟာ သတင်းကန့်သတ်ထိန်းချုပ်မှုတွေ ပြုလုပ်နေတယ်လို့သိရပါတယ်။ သတင်းတွေထဲမှာတော့ အခြေအနေတွေ အေးဆေးသွားပြီး ဒုက္ခသည်တွေ နေရပ်ပြန်နိုင်ကြပါပြီလို့ဆိုပေမဲ့ မပြန်ချင်တဲ့သူတွေ၊ မပြန်နိုင်တဲ့သူတွေရှိနေတာမို့ ဒီကိစ္စကို တရုတ်က ဘယ်လိုကိုင်တွယ်မလဲဆိုတာ ရှင်းရှင်းလင်းလင်းမသိ ရသေးပါဘူး။ **(NEWYORK TIMES, 1.9.2009)**

## တရုတ်နယ်စပ် ဖမ်းဆီးမှု

ကိုးကန့်နဲ့ နအဖတို့ရဲ့တိုက်ခိုက်မှုတွေကို နအဖသတင်းစာတွေထဲမှာ ဖော်ပြတာဟာ အင်မတန်မှထူးခြားလှပါတယ်၊ နအဖဗိုလ်ချုပ်ကြီးတွေဟာ သူတို့ရဲ့ တဦးတည်းသောအားကိုးအားထားပြုရာ တရုတ်ရဲ့ငြိုငြင်ခံရမှာကို ကြောက်တဲ့အတွက် ထိန်းထိန်းသိမ်းသိမ်းနဲ့ဖော်ပြနေပါတယ်။ အခုလည်းပဲ နယ်စပ်ဒေသတိုက်ပွဲတွေကြောင့် အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရတဲ့သူတွေ(တရုတ်) ရဲ့ပစ္စည်းတွေကို ခိုးယူ ရယူကြတဲ့သူ ၅၁ ဦး ဖမ်းဆီးအပြစ်ပေးခဲ့တယ်ဆိုတာကို တရုတ်ကျေနပ်စေရန် သတင်းစာထဲမှာ ဖော်ပြပါတယ်။ **(AFP, VOB, 3.9.2009)**

## ဒေါ်စုက နေအိမ်ခြံဝင်းပြင်မည်

ယက်ထောကောင်းမှု၊ စစ်အာဏာရှင်များ၏ အကွက်ချလုပ်ဆောင်မှုကြောင့် နေအိမ်အကျယ်ချုပ်ထပ်မံချခံလိုက်ရတဲ့ ဒေါ်အောင်ဆန်းစုကြည်က သူမရဲ့လုံခြုံရေးအတွက်စိုးရိမ်လို့ နေအိမ်ခြံစည်းရိုးကို ပြန်လည်ပြင်ဆင်ဖို့ စဉ်းစားနေတယ်လို့ သူမရဲ့ရှေ့နေတွေက ပြောပါတယ်။ **(AFP, 31.8.2009)**

## နအဖ ကတိ

တိုက်ပွဲတွေဖြစ်ပွားလို့ တရုတ်နယ်ထဲထွက်ပြေးခိုလှုံတဲ့သူ ၃၀၀၀၀ ကျော်ရှိလာခဲ့တဲ့အတွက် နယ်စပ်ဒေသမှာ ငြိမ်းငြိမ်းချမ်းချမ်းဖြစ်လာအောင်လုပ်ပါ မယ်လို့ နအဖက ကတိပေးတယ်ဆိုတဲ့အကြောင်း တရုတ်အာဏာပိုင်တွေက ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။ အဲဒီလိုအခြေအနေမျိုးမှာ တရုတ်နိုင်ငံသားတွေကို နအဖက သေသေချာချာဂရုစိုက်တဲ့အတွက် ကျေးဇူးတင်တယ်ဆိုတာကိုလည်း တရုတ်တို့ကပြောပါတယ်။ တရုတ်တို့ကို နအဖက ဘယ်လောက် ကြောက်ရွံ့အားကိုးသလဲဆိုတာ ဒီလုပ်ရပ်က ပေါ်နေပါတယ်။ **(AP, VOB, 1.9.2009)**

## တိုင်တန်းကန့်ကွက်တာမျိုးမလိုချင်

မကွေးတိုင်းက ပြည်သူ့ဝန်ထမ်းတဦးက အလုပ်ခွင်တွင်းမကျေနပ်မှုတွေ၊ ကြပ်ပြေးနေပြည်တော်က အကျင့်ပျက်လာဘ်စားမှုတွေနဲ့ပတ်သက်ပြီး တိုင်တန်းကန့်ကွက်တာမျိုးတွေမလုပ်ရဘူးလို့ မြို့နယ်တွေကို ညွှန်ကြားချက်ထုတ်ထားတယ်လို့ သိရပါတယ်၊ အဲဒါအပြင် တိုင်တန်းကန့်ကွက်တာတွေ မလုပ်ပါဘူးလို့လည်း လက်မှတ်ရေးထိုးကြရပါတယ်။ **(DVB, 31.8.2009)**

## ဒေဝူးရင်းနှီးမြှုပ်နှံမှု

တောင်ကိုရီးယားက ဒေဝူးကုမ္ပဏီဟာ မြန်မာပြည်က ဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်းမှာ အမေရိကန်ဒေါ်လာ ၃သန်း ၂ သိန်းကျော် ရင်းနှီးမြှုပ်နှံမှုပြုမယ်လို့ သိရပါတယ်။ အဲဒီဓာတ်ငွေ့တူးဖော်မှုကနေထွက်လာတဲ့ဓာတ်ငွေ့တွေကို တရုတ်ကို နှစ်ပေါင်း ၃၀ ရောင်းချမှာဖြစ်ပြီး တနေ့ကို ဓာတ်ငွေ့သန်း ၅၀၀ ကုဗပေထွက်မယ်လို့ တွက်ချက်ထားပါတယ်။ **(REUTERS, 2.9.2009)**

## အိုင်အဲလ်အိုပစ်မှတ်

အိုင်အဲလ်အိုဟာ အဓမ္မလုပ်အားစေခိုင်းမှုတွေဖြစ်ပွားနေတဲ့ မြန်မာပြည်အနောက်ဘက်ခြမ်းက အဖြစ်အပျက်တွေအဆုံးသတ်သွားစေဖို့ တရားသူကြီးတွေ၊ စစ်တပ်အရာရှိတွေ၊ ရဲအရာရှိတွေနဲ့ အလုပ်သမားအရာရှိတွေနဲ့တွေ့ဆုံပြီး ဆွေးနွေးမှုတွေကို ပြုလုပ်မယ်လို့သိရပါတယ်။ ဒီလိုတွေ့ဆုံဆွေးနွေးမှုကို နအဖအနေနဲ့ပြုလုပ်တာဟာ တော်တော့်ကို ရှားပါးတဲ့ကိစ္စဖြစ်ပါတယ်။ နအဖအနေနဲ့ အိုင်အဲလ်အိုနဲ့ပတ်သက်ပြီး စိုးရိမ်ကြောက်ရွံ့စရာတခုခုရှိနေလို့ဖြစ်နိုင်ပါတယ်။ **(IPS, VOB, 4.9.2009)**

## စိုက်ပျိုးရေးသင်တန်းသား

တရုတ်ဟာ မြန်မာနိုင်ငံက စိုက်ပျိုးရေးကျွမ်းကျင်သူ ၁၅ ဦးကို ဂွမ်စီဇောင် ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသမှာ စိုက်ပျိုးရေးခေတ်မီနည်းစနစ်တွေ သင်ကြားပေးမယ်လို့သိရပါတယ်။ ဂွမ်စီဇောင်နဲ့ နအဖတို့ကြားဆက်ဆံရေးတိုးချဲ့ဖို့ သဘောတူလိုက်ပြီးတဲ့နောက်ပိုင်း အခုလိုသင်တန်းပေးမယ်ဆိုတာဖြစ်လာတာပါ။ အပြန်အလှန်အနေနဲ့ ဂွမ်စီဇောင်က ရုပ်မြင်သံကြားအစီအစဉ်ကို မြန်မာပြည်ထဲမှာ လွှင့်ထုတ်ပေးမှာဖြစ်ပါတယ်။ **(XINHUA, 2.9.2009)**

# ထိုင်းသူဌေးကြီးများက မြန်မာဆင်းရဲသားများကို ဆန်နဲ့ အစားအစာများဝေ

**DVB၊ စက်တင်ဘာ ၂။** ။ ထိုင်းနယ်စပ် မယ်ဆိုင်မြို့မှာ ဆင်းရဲနွမ်းပါးသူတွေကို ပေးကမ်းတဲ့ဆန် အလှူကို မြန်မာနိုင်ငံသား ခြောက်ထောင်လောက်နယ်စပ်ကို ကျော်ဖြတ်ပြီး လာယူကြပါတယ်။

ရှမ်းပြည်နယ် တာချီလိတ်မြို့တဖက်ကမ်း ထိုင်းနိုင်ငံမယ်ဆိုင်မြို့က တရုတ်ဘုံကျောင်းတခုမှာ လှူဒါန်းတာဖြစ်ပြီး လူတယောက်ကို ဆန်နှစ်ပြည်ခွဲနဲ့အတူ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်ထုပ်နဲ့ ဆားတွေ ပေးကမ်းတာကို လာယူသူတွေထဲက ငါးပုံလေးပုံဟာ မြန်မာပြည်သားတွေဖြစ်တယ်လို့ မယ်ဆိုင်မြို့နေ မြန်မာတဦးကပြောပါတယ်။

"ထိုင်း၊ ဗမာ မည်သူမဆို ဆင်းရဲတဲ့လူတွေလာပြီး တိုကင်နဲ့ ဆန်အိတ်အသေးတအိတ်၊ မာမား ခေါက်ဆွဲထုပ် ၅ ထုပ်၊ ငါးသေတ္တာဗူးလေးတွေ ဝေတယ်။ များသောအားဖြင့် ဗမာပြည်က လူတွေလာကြတယ်။ ဘယ်နေ့ဘယ်ရက်ဆိုပြီး ဆိုင်းဘုတ်တပ်ထားတာဆိုတော့ အနည်းဆုံး လူလေးထောင်၊ ငါးထောင်ခန့်ရှိတယ်။"အလှူကို မနက် ၁၁ နာရီလောက်က စတင်ပြီး တာချီလိတ်ဘက်က မြန်မာပြည်သားတွေ နယ်စပ်ဖြတ်ပြီး လာယူသူတွေထဲက တဦးက ယခုမိုးတွင်းကာလ အလုပ်ရှားချိန်မှာ ဒီအလှူဟာ သူတို့မိသားစုကို အထောက်အပံ့ ရစေတယ်လို့ပြောပါတယ်။

"ကိုယ့်အတွက် ၂ ရက်လောက် စားရလည်း မနည်းဘူးဆိုပြီး ကလေးတွေပါ ခေါ်သွားတယ်။ ကလေးတယောက်ကို မုန့်ဖိုး ၂၀ စီရတော့ လမ်းစရိတ်ကျေတာပေါ့။ မိသားစုလိုက်သွားတော့ လူကြီး ၃ ယောက်က ဆန် ၃ ထုတ်ရတယ်။ ဆန်လုပ်လုပ်စားစား လူတန်းစားထဲကဆိုတော့ ကိုယ့်နိုင်ငံမှာလည်း ဒီလိုမျိုးလှူဒါန်းတာရှိစေချင်တယ်။ လှူတဲ့ဒါန်းတဲ့အတွက် ကိုယ်လည်း စားဝတ်နေရေးနည်းနည်းအဆင်ပြေတယ်။ တရုတ်ဘုံကျောင်းလည်း နှစ်တိုင်းနှစ်တိုင်း ဒါမျိုးတွေ လှူနိုင်ပါစေလို့ ဆုတောင်းပေးတယ်။"

ဆင်းရဲသူတွေကို နှစ်တိုင်းလှူတဲ့ အဲဒီတရုတ်ဘုံကျောင်းအလှူကို ၁၉၉၇ ခုနှစ်က ဆက်တိုက်လာယူခဲ့တယ်လို့ အဲ့ဒီလူကပြောပါတယ်။ ဒီနှစ်အလှူပွဲဟာ ဟိုးအရင် နှစ်တွေကထက် လူများပြီး လူခြောက်ထောင်ခန့်ရှိနိုင်တယ်လို့ သူက ခန့်မှန်းပါတယ်။ အခြား တာချီလိတ်မြို့ခံတဦးက လက်ရှိ သူ့မှာ အလုပ်မရှိလို့ အခုရတဲ့ စားသောက်ကုန်တွေဟာ အများကြီးအထောက်အကူပြုတယ်လို့ပြောပါတယ်။ "အလုပ်အကိုင်က မရှိတဲ့အချိန်ဆိုတော့ တရက်စာဆိုလည်း တရက်စာရတော့ နည်းနည်းပါးပါးအဆင်ပြေတာပေါ့။ အိမ်မှာထိုင်နေမယ့်အစား အဲ့ဒီမှာသွားလိုက်တာပဲ ကောင်းတယ်ဆိုပြီးသွားတာပါ။ တချို့လူကျတော့လည်း နှစ်ခေါက်ဝင်တိုးတာမျိုးရှိတယ်။"

ဆင်းရဲနွမ်းပါးသူတွေကို ပေးကမ်းစွန့်ကြဲတဲ့ ဒီအလှူကို ထိုင်းဘုရင်ရဲ့ မယ်တော်လက်ထက်မှာ စတင်ခဲ့တာဖြစ်ပြီး နောက်ပိုင်းမှာ ထိုင်းသူဌေးတွေ စုပေါင်းထည့်ဝင်ပြီး အစဉ်အလာအတိုင်း နှစ်စဉ် လှူဒါန်းနေတာဖြစ်ပါတယ်။

---

# ကျောင်းသား ၅ ဦးတုပ်ကွေးကူးစက်

**DVB၊ စက်တင်ဘာ ၃။** ။ ရန်ကုန် အင်တာနေရှင်နယ်ကျောင်းက ကျောင်းသား ၅ ဦး ကမ္ဘာ့လူတုပ်ကွေးရောဂါပိုး ကူးစက်ခံရပြီး နေမကောင်းဖြစ်နေတဲ့အတွက် ကျောင်းယာယီ ပိတ်ထားတယ်လို့ ကျောင်းရဲ့အင်တာနက်စာမျက်နှာမှာ ဖော်ပြထားပါတယ်။

အဲဒီကျောင်းသား ၅ ဦးထဲက ၃ ဦးဟာ ကျန်းမာရေးပြန်ကောင်းမွန်လာလို့ လာမယ့် တနင်္လာနေ့ ကျောင်းပြန်ဖွင့်ရက်မှာ ကျောင်းပြန်တက်ကြမယ်လို့လည်းဖော်ပြထားပါတယ်၊ ကျန် ၂ ဦးဟာလည်း ကျောင်းပြန်ဖွင့်ပြီး တပတ်အတွင်းမှာပဲ ကျောင်းပြန်တက်နိုင်လိမ့်မယ်လို့ ဆရာဝန်ကပြောကြောင်း ဖော်ပြထားပါတယ်။ အဲဒီကျောင်းမှာ မြန်မာအပါအဝင် နိုင်ငံပေါင်း ၃၀ က ကျောင်းသား ၄၀၀ ကျော် ပညာသင်ကြားနေတာဖြစ်ပါတယ်၊ ဒီနေ့ထုတ် စစ်အုပ်စုထုတ် သတင်းစာတွေမှာတော့ ကမ္ဘာ့လူတုပ်ကွေးရောဂါပိုး ကူးစက်ခံရသူ တဦးထပ်တိုးလာတဲ့အတွက် စုစုပေါင်း ၃၂ ဦးရှိသွားပြီဖြစ်ပြီး ၂၅ ဦးကတော့ သက်သာလို့ ဆေးရုံကဆင်းသွားပြီလို့ ဆိုပါတယ်။

အခုနောက်ဆုံး ရောဂါပိုးကူးစက်ခံရတဲ့ အသက် ၈ နှစ်အရွယ် ကလေးကို သူ့ရဲ့မိသားစုဝင်တွေနဲ့အတူ နေအိမ်မှာပဲ ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်ပေးနေတယ်လို့ ဖော်ပြထားပါတယ်။ အဲဒီကလေး တက်ရောက်နေတဲ့ ကျောင်းက ကျောင်းသား၊ ကျောင်းသူ ၃၉ ဦးကို ရောဂါကူးစက်ခံရမှု ရှိ၊ မရှိ သူတို့ရဲ့ နေအိမ်မှာပဲ သက်ဆိုင်ရာက ကျန်းမာရေးစောင့်ကြည့်မှုတွေ ပြုလုပ်ပေးနေပါတယ်။ နအဖရဲ့ တရားဝင်စာရင်းအရ လက်ရှိဆေးကုသမှုခံယူနေရတဲ့ ၇ ဦးထဲမှာ ရန်ကုန် အင်တာနေရှင်နယ်ကျောင်းက ကျောင်းသား ၅ ဦး ပါမပါဆိုတာ မသိရပါဘူး။ ကမ္ဘာ့လူတုပ်ကွေးရောဂါပိုး သံသယရှိတဲ့ ၂၁၉ ဦး ကို ကျန်းမာရေးဌာနက ဓာတ်ခွဲစမ်းသပ်ရာမှာ ၃၂ ဦး တွေ့ရှိတယ်လို့ဖော်ပြထားပေမယ့် အမှန်တကယ်ကူးစက်ခံရသူ ဒီ့ထက်ပိုများနိုင်တယ်လို့ တချို့ကခန့်မှန်းနေကြပါတယ်၊ ဒါနဲ့ပတ်သက်လို့ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနကို ဆက်သွယ်မေးမြန်းရာမှာ တာဝန်ကျလူကြီးမရှိကြောင်း ဖြေဆိုပါတယ်။

---

# ထွက်ပြေးတဲ့ ကလေးစစ်သားကို ကြံဖွတ်ကဖမ်း

**DVB၊ စက်တင်ဘာ ၂။** ။ ပုသိမ်မြို့မှာ နေထိုင်တဲ့ မိဘတွေဆီထွက်ပြေးလာတဲ့ ကလေးစစ်သားကို ကြံ့ဖွံ့က သတင်းပေး၍ဖမ်းဆီးဖို့ လုပ်နေတယ်လို့သိရပါတယ်။ ပဲခူးတိုင်း ရွှေကျင်မြို့အခြေစိုက် ခမရ ၅၉၈ တပ်ရင်းမှ မကြာသေးခင်က ထွက်ပြေးလာတဲ့ အသက် ၁၅ နှစ်သား ကလေးစစ်သား မောင်ထက်အောင်ကို ပုသိမ်မြို့က သတင်းပေးကြံ့ဖွံ့တွေက ဖမ်းဆီးဖို့ပြုလုပ်နေတယ်လို့ သိရပါတယ်။

မောင်ထက်အောင်က တပ်ကနေထွက်ပြေးလာပြီး မိဘအိမ်ကို ဝင်တွေ့ရုံသာ တွေ့နိုင်ခဲ့ပြီး ကြံ့ဖွံ့တွေကြောင့် ယခုအခါ ပုသိမ်မြို့ဝန်းကျင်မှာ ထပ်မံရှောင်တိမ်းနေရပါတယ်။ ရာကနား အမည်ရှိတဲ့ ရဲသတင်းပေး ပြည်တန်ဆာခေါင်း ဦးဆောင်တဲ့ ကြံ့ဖွံ့တွေဟာ ပုသိမ်မြို့ ကျောက်စရစ်ကုန်းရပ်ကွက်က မောင်ထက်အောင်ရဲ့ မိဘတွေဖြစ်တဲ့ ဦးအောင်ခင်၊ ဒေါ်စန်းကြည်တို့ရဲ့ အိမ်ကို နေ့ညမပြတ်စောင့်ကြည့်နေပါတယ်၊ မောင်ထက်အောင်ဟာ မိဘတွေဆီ ထွက်ပြေးလာပေမယ့် အိမ်မှာနေလို့မရဘဲ မြို့အနီးမှာ ဖြစ်သလိုရှောင်တိမ်းနေရတာနဲ့ပတ်သက်ပြီး မိခင်ဖြစ်သူ ဒေါ်စန်းကြည်က ပြောပါတယ်။

"ကျမမှာလည်း မျက်ရည်နဲ့မျက်ခွက်ပါ။ ကျမသားလေးနဲ့ အိမ်မှာအတူတူနေချင်တာ မနေရဘူး ဖြစ်နေတယ်။ ကလေးက အမေတို့နဲ့သား အတူတူနေချင်တယ်တဲ့။ သား ဘယ်လိုလုပ်ရမလဲတဲ့။ ညဘက်ဆိုရင် ကလေးက အိမ်မှာပြန်အိပ်ချင်တာကို ကျမက မလုပ်ပါနဲ့သားလေးရယ် ပြန်မလာပါနဲ့လာရင် အဖမ်းခံရလိမ့်မယ်လို့ တောင်းပန်ပြီး ပြောထားရတယ်။ ကလေးက တကယ်ကိုပြန်လာချင်တာ။ ဟိုနေ့က ပြန်လာတာကို ချက်ချင်းပဲ သတင်းက ဘယ်လိုရလဲ မသိဘူး။ သူ့မှာ နေလို့မရဘူး။ ခြေချတာနဲ့ ဖမ်းဖို့ရာ ကြည့်နေကြတယ်။ ဖြစ်နိုင်ရင် ကျမသားလေးနဲ့ မိသားစု စုစုစည်းစည်းနေချင်တယ်။"

ကလေးစစ်သား မောင်ထက်အောင်ဟာ စစ်တပ်က ထွက်ပြေးလာတာ ဒါနဲ့ဆို သုံးကြိမ်မြောက်ဖြစ်ပြီး အရင်နှစ်ကြိမ်တုန်းက ပုသိမ်မြို့က သတင်းပေးပြည့်တန်ဆာခေါင်း ရာကနားက ဖမ်းဆီးပြီး ပုသိမ်အခြေစိုက်တပ်ကို လွှဲအပ်ဆုငွေယူခဲ့တယ်လို့ သိရပါတယ်။ မောင်ထက်အောင်ကို မနှစ် ၂၀၀၈ အစပိုင်းက တပ်ကြပ်ကြီးတယောက်က ချော့တခါ၊ ခြောက်တလှည့်နဲ့ အဓမ္မစစ်တပ်ထဲ ဆွဲသွင်းခဲ့တာ ဖြစ်ပါတယ်။ ကလေးစစ်သား အသုံးပြုမှုနဲ့ ပတ်သက်ပြီး နအဖစစ်အုပ်စုကို နိုင်ငံတကာက မပြတ်ဝေဖန်ထောက်ပြနေပါတယ်။ ကုလသမဂ္ဂအဖွဲ့က နအဖစစ်တပ်မှာ ကလေးစစ်သားပေါင်း ၇ သောင်းကျော်ရှိတယ်လို့ ကြေညာထားတာကြောင့် စစ်အစိုးရက ကလေးစစ်သား တားဆီးကာကွယ်ရေးကော်မတီ ဖွဲ့စည်းထားပေမယ့် ဟန်ပြအနေအထားပဲဖြစ်နေတယ်လို့ လူ့အခွင့်အရေး အဖွဲ့အစည်းတွေက ထောက်ပြကြပါတယ်။

# စက္ကူလေယာဉ်ချန်ပီယံမြန်မာလူငယ်လေးမောင်သောင်ဒီဂျပန်သွားခွင့်ရ

**NEJ၊ စက်တင်ဘာ ၄ ။** ။ ဂျပန်နိုင်ငံတွင်ပြုလုပ်မည့် နိုင်ငံတကာစက္ကူအရုပ်ချိုး လေယာဉ်ပြိုင်ပွဲတွင် ထိုင်းနိုင်ငံကို ကိုယ်စားပြုပါဝင်ယှဉ်ပြိုင်ရန်အတွက် ထိုင်းနိုင်ငံဖွား၊ မြန်မာလူငယ်တဦးကို ထိုင်းအစိုးရက ယာယီနိုင်ငံကူးလက်မှတ် ထုတ်ပေးရန်ခွင့်ပြုလိုက်ပါတယ်။

အသက် ၁၂ နှစ်အရွယ် မြန်မာလူငယ်လေး မောင်သောင်ဒီ Mong Thongdee သည် ထိုင်းနိုင်ငံ၌မွေးဖွားသော်လည်း မြန်မာနိုင်ငံသားဖြစ်သည့်အတွက် ထိုင်းပြည်ထဲရေးဝန်ကြီးဌာနက တရားဝင်ခရီးသွားခွင့်လက်မှတ် ထုတ်ပေးရန်လက်မခံဘဲ ငြင်းပယ်လိုက်သည့်အတွက် ထိုင်းဝန်ကြီးချုပ် မစ္စတာအဖိဆစ်က ဝင်ရောက်ကူညီကာ ယမန်နေ့က မောင်သောင်ဒီနှင့်တွေ့ဆုံအပြီးတွင် ယခုကဲ့သို့ ထိုင်းအစိုးရက သဘောတူလိုက်ခြင်းဖြစ်ပါတယ်။

မောင်သောင်ဒီ၏မိဘများမှာ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် လာရောက်အလုပ်လုပ်ကိုင်နေကြသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများဖြစ်ပြီး မောင်သောင်ဒီအား ထိုင်းနိုင်ငံတွင် မွေးဖွားခဲ့ခြင်းဖြစ်သည်။ ထိုင်းပြည်ထဲရေးဝန်ကြီးဌာနက မောင်သောင်ဒီအား နိုင်ငံခြားသို့ တရားဝင်ခရီးသွားခွင့်လက်မှတ် ထုတ်ပေးမည်ဖြစ်ပြီး ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနက ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးမည်ဟု ထိုင်းဝန်ကြီးချုပ် မစ္စတာအဖိဆစ်ကပြောကြားကြောင်း ယနေ့ဘန်ကောက်ပို့စ်သတင်းစာမှာ ဖော်ပြထားပါတယ်။

ထိုင်းဝန်ကြီးချုပ်က ယခု မောင်သောင်ဒီ၏ကိစ္စသည် နိုင်ငံမဲ့ကလေးများနှင့် ပတ်သက်၍ မည်သို့ကိုင်တွယ်လုပ်ဆောင်ရမည်ဆိုသည်ကို ထိုင်းအစိုးရအေဂျင်စီများအတွက် အကောင်းဆုံးဥပမာတခုဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ ဂျပန်သံရုံးမှဗီဇာရရှိပါက မောင်သောင်ဒီသည် ဂျပန်နိုင်ငံတွင် ယခုလ ၁၉ ရက်မှ ၂၀ ရက်အထိပြုလုပ်မည့် စက္ကူအရုပ်ချိုး လေယာဉ်လွှတ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ယခုလ ၁၆ ရက်တွင် ထိုင်းနိုင်ငံမှထွက်ခွာမည်ဖြစ်ပါတယ်။

"ခရီးသွားလာခွင့်ရလို့ ကျနော်ဝမ်းသာပါတယ်။ ထိုင်းတွေရဲ့ ထောက်ခံအားပေးမှုကို ကျေးဇူးတင်ပါတယ်။ ပြိုင်ပွဲမှာအနိုင်ရရှိဘို့ ကျနော့်နောက်မှာအားပေးကြစေချင်ပါတယ်။" လို့ မောင်သောင်ဒီကပြောကြားခဲ့ပါတယ်။ အခုလို မောင်သောင်ဒီအား ဂျပန်နိုင်ငံသို့သွားရောက်ခွင့်ပြုလိုက်ခြင်းသည် နိုင်ငံခြားတိုင်းပြည်များနှင့် သဘောတူထားသည့် သဘောတူညီချက်များ လုံခြုံရေးနှင့်လူ့အခွင့်အရေးများအပေါ် အခြေခံကာ ထည့်သွင်းစဉ်းစားခြင်းဖြစ်ကြောင်း ထိုင်းပြည်ထဲရေးဝန်ကြီးဌာနမှ ပြည်နယ်ဆိုင်ရာအုပ်ချုပ်ရေးဌာနအကြီးအကဲဖြစ်သူက ပြောပါတယ်။

မောင်သောင်ဒီသည် ထိုင်းနိုင်ငံတွင်မွေးဖွားခဲ့သော်လည်း မိဘများမှာ မြန်မာနိုင်ငံသားဖြစ်နေသည့်အတွက် ထိုင်းအစိုးရအနေဖြင့် မောင်သောင်ဒီအား ထိုင်းနိုင်ငံသားအဖြစ် အသိအမှတ်မပြုနိုင်ကြောင်း၊ မောင်သောင်ဒီအနေဖြင့် ဂျပန်တွင်ပြုလုပ်မည့်ပြိုင်ပွဲသို့ ဝင်ရောက်လိုပါက မြန်မာနိုင်ငံသားအနေဖြင့်သာ မြန်မာနိုင်ငံကိုကိုယ်စားပြုရမည်ဖြစ်ကြောင်း ထိုင်းပြည်ထဲရေးဝန်ကြီးဌာနမှ ဝန်ကြီးချာဝရတ်ချန်ပီရပ်ကွန်က ပြောကြားခဲ့ပြီးနောက်ပိုင်း ယခုကဲ့သို့ ထိုင်းဝန်ကြီးချုပ်က ဝင်ရောက်ဖြေရှင်းခဲ့ခြင်း ဖြစ်ပါတယ်။

ချင်းမိုင်မြို့ Ban Huay Sai မူလတန်းကျောင်းတွင် ပညာသင်ကြားနေသော မောင်သောင်ဒီသည် စက္ကူဖြင့်လေယာဉ်အရုပ်ချိုးခေါက်ရာတွင် ထူးချွန်သူတဦးဖြစ်သည်။ ယမန်နှစ်က ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် National Mental and Material Tenology Centre ကကျင်းပသည့် စက္ကူလေယာဉ်ပြိုင်ပွဲတွင် မောင်သောင်ဒီ ပထမဆုရရှိခဲ့ပြီး ဂျပန်နိုင်ငံတွင်ပြုလုပ်မည့် နိုင်ငံတကာ စက္ကူအရုပ်ချိုး လေယာဉ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်း ဖြစ်ပါတယ်။

မောင်သောင်ဒီသည် မြန်မာရွှေ့ပြောင်းအလုပ်သမားမှ မွေးဖွားသူအဖြစ်သာ ထိုင်းနိုင်ငံက အသိအမှတ်ပြုထားခြင်းခံရပြီး လာမည့်နှစ် ဖေဖော်ဝါရီ၌ မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်မည့်သူများစာရင်းတွင် ပါဝင်သူဖြစ်သည်။

# စက်တင်ဘာလအတွင်း စာသင်သား သံဃာများကို နယ်ပြန်လွှတ်ရန် အစီအစဉ်ရှိ

**DVB၊ ဩဂုတ် ၃၁ ။** ။ သီတင်းကျွတ်လပြည့်နေ့မှာ သံဃာတော်တွေ တတိယအကြိမ် ပတ္တနိက္ကုဇ္ဇနကံဆောင်မယ်ဆိုတဲ့ သတင်းတွေထွက်ပေါ်ပြီးနောက်ပိုင်း ရန်ကုန်တိုင်းရှိ စာသင်သားသံဃာတော်တွေကို သီတင်းကျွတ်မတိုင်ခင်နယ်ပြန်လွှတ်ဖို့ အစီအစဉ်ရှိတယ်ဆိုတဲ့သတင်းတွေထွက်ပေါ်နေပါတယ်။

မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီးက မတရားဖမ်းဆီးအကျဉ်းချထားတဲ့ သံဃာတော်တွေကို ပြန်လွှတ်ပေးဖို့၊ သံဃာတော်တွေကို နှိပ်စက်သတ်ဖြတ်ခဲ့မှုအပေါ် နအဖက ဝန်းချတောင်းပန်ဖို့နဲ့ ဒါကိုမလိုက်နာရင် လာမယ့် သီတင်းကျွတ်လပြည့်နေ့မှာ တတိယအကြိမ် ပတ္တနိက္ကုဇ္ဇနကံဆောင်မယ်လို့ ကြေညာထားပြီးနောက် သီတင်းကျွတ်မတိုင်ခင် စာသင်သားသံဃာတော်တွေ နယ်ပြန်ရမယ်ဆိုတဲ့ သတင်းတွေထွက်ပေါ်လာတာပါ။ စက်တင်ဘာလအတွင်း စာသင်သားသံဃာတော်တွေ နယ်ပြန်ရမယ်ဆိုတဲ့ သတင်းတွေ ထွက်ပေါ်နေတာနဲ့ပတ်သက်လို့ စမ်းချောင်းမြို့နယ် စာသင်တိုက်တခုက သံဃာတော်တပါးက မိန့်ကြားပါတယ်။

"စက်တင်ဘာထဲမှာ နယ်တွေကို ပြန်လွှတ်မယ်လို့လုပ်နေတာ ဦးပဉ္ဇင်းတို့ကိုများ ကြောက်များ ကြောက်နေလို့လားမသိဘူး။ ဦးပဉ္ဇင်းတို့ သတင်းကျွတ်ရင် အတင်းပြန်ခိုင်းဖို့လုပ်နေတယ်။ သံဃာတော်အနေနဲ့ ဘယ်လိုမှလှုပ်လို့ မရအောင် တော်တော်လေးလုပ်ထားတယ်။ အဲ့ဒါကို ဦးပဉ္ဇင်းတို့က မခံချင်ဘူးပေ့ါ။ တကယ်လို့ စက်တင်ဘာလထဲမှာ ပြန်လွှတ်မယ်ဆိုရင် ဝါလည်းရှုံးမယ်၊ ပညာရေးလည်းတပိုင်းတစဖြစ်မယ်။ တရားဝင်အကြောင်းကြားလားဆိုတော့ သက်ဆိုင်ရာ ဆရာတော်ကြီးတွေတော့ မသိသေးဘူး၊ ဒီသတင်းတွေက သံဃာတော်အချင်းချင်းမှာ ပေါက်ကြားနေတယ်။ ကျောင်းတိုက်တွေ အကုန်လုံးလိုလိုသိနေကြတယ်။ ဦးပဉ္ဇင်းတို့ကတော့ မပြန်ချင်ဘူး။ ပြန်လည်းမပြန်နိုင်ဘူး။"

အရင်နှစ်တွေက သံဃာ ၃၊ ၄ ရာလောက်ရှိတဲ့ စာသင်တိုက်တခုမှာ အခုဆိုရင် သံဃာအပါး ၁၀၀ ကျော်လောက်ပဲ ရှိတော့တဲ့ အနေအထားကနေ ထပ်ပြီး သံဃာအင်အားနည်းသွားအောင်လုပ်တာလို့ နောက် စာသင်တိုက် တတိုက်က သံဃာတပါးက မိန့်ကြားပါတယ်။

"အဲလို သတင်းကြားတော့ အခုဆို ည ၉ နာရီနောက်ပိုင်း ဘယ်မှမသွားလာရဘူး။ အရင်ကဆို သွားလာတယ်။ သတင်းကျွတ်ပြီးရင် ပြန်လွှတ်မယ်လို့ သတင်းထွက်နေတော့ ဖြစ်လာခဲ့ရင် ဦးပဉ္ဇင်းတို့ပြည်သူလူထုဘက်ကပဲ ရပ်တည်ပေးဖို့ မိန့်ကြားချင်တာပါ။"

တောင်ဥက္ကလာပမြို့နယ်က သံဃာတော်တပါးကတော့ လာမယ့် ၂၀၁၀ မတ်လမှာ သံဃာတော်တွေ စာမေးပွဲဖြေဆိုဖို့ရှိကြောင်း၊ စာမေးပွဲပြီးရင် သံဃာတော်တချို့ဟာ နယ်မပြန်ဘဲ ရန်ကုန်မှာဆက်နေလေ့ရှိကြောင်း၊ ဒါပေမယ့် လာမယ့်နှစ်မှာတော့ စာမေးပွဲဖြေပြီးတာနဲ့ သံဃာအားလုံးကို နယ်တွေပြန်ခိုင်းဖို့ရှိတာတော့ ကြားမိတယ်လို့ မိန့်ကြားပါတယ်။ သံဃာတော်တွေရဲ့ လှုပ်ရှားမှုတွေနဲ့ပတ်သက်လို့ အာဏာပိုင်တွေက တင်းတင်းကျပ်ကျပ် စောင့်ကြည့်နေပြီး သံဃာတော်တွေမှာ တော်တော်လေးအကျပ်တွေ့ရတယ်လို့ သင်္ဃန်းကျွန်းမြို့နယ်က သံဃာတော်တပါးက မိန့်ကြားပါတယ်။

"မနက်မိုးလင်းတာနဲ့ လမ်းဆုံလမ်းခွတွေမှာ ဒီကောင်တွေ မာဖိနဲ့ရောက်နေပြီ။ စက်ဘီးနဲ့တမျိုး၊ ဆိုင်ကယ်တွေနဲ့ တဖုံ၊ အမျိုးမျိုးပဲ၊ ကြံ့ဖွံ့က ကောင်တွေအဆိုးဆုံးဖြစ်နေတယ်။ တနေ့က မနက် ၆ နာရီမတ်တင်းလောက် ကျောင်းကလမ်းလျှောက်ထွက်တာ အမှိုက်ပုံနားလေးမှာ အမှိုက်လှဲနေတဲ့ ၁၆ နှစ်အရွယ်လောက် ကောင်မလေးက စက္ကူလေးတလိပ်ကို ယူပြီးတော့ သစ်ပင်ကြားထဲမှာ ညှပ်လိုက်တာကို ကြံ့ဖွံ့က စောထွန်းက ဆိုင်ကယ်နဲ့လာပြီးတော့ အဲ့ဒါဘာလဲ ပြစမ်းဆိုလို့ ကလေးမကပြလိုက်တယ်။ ကိုရီးယားမင်းသားဓာတ်ပုံမှန်းသိမှ ပြန်လှည့်သွားတယ်။"

# လူကုန်ကူးမှုခံရသည့် မြန်မာအမျိုးသမီးတဦး ထွက်ပြေး လွတ်မြောက်

**DVB ၊ စက်တင်ဘာ ၁ ။** ။ ရှမ်းပြည်မြောက်ပိုင်း မိုးမိတ်မြို့က အမျိုးသမီးနှစ်ဦး တရုတ်နယ်စပ်မှာ ရောင်းစားခံရပြီး တယောက်ကတော့ မနေ့က ထွက်ပြေး လွတ်မြောက်ခဲ့ပါတယ်။

မိုးမိတ်မြို့ အုန်းကြောရပ်ကွက်က မသိန်းကြည်နဲ့ မအဲစံတို့နှစ်ဦး တရုတ်နယ်စပ်မှာအလုပ်သွားရှာစဉ် သူတို့မိတ်ဆွေ မမော်ခန်းက တရုတ်ပြည် မတ်ကွင်းရွာက တရုတ်ပြည်ဖွား ရှမ်းအမျိုးသမီး ဆောင်ယုံဆိုသူအိမ်ကို ခေါ်သွားခဲ့ပါတယ်။ ဆောင်ယုံဆိုတဲ့အမျိုးသမီးက သူတို့ကို တရုတ်ပြည်တွင်းထဲကို ရောင်းစားဖို့ ရွှေလီမြို့ ကြယ်ခံလမ်းမှာရှိတဲ့ တည်းခိုခန်းမှာ ထားတုန်း မသိန်းကြည်ထွက်ပြေးခဲ့တာပါ။ ထွက်ပြေးရင်း တရုတ်နယ်စပ် ရွှေလီမြို့က မြန်မာပြည်သားတွေ ဝိုင်းကူညီပေးခဲ့ကြတာလို့ ကူညီသူတဦးက ပြောပါတယ်။

"မသိန်းကြည်က အလုပ်လုပ်ဖို့ ထွက်လာတာ ရမည်းသင်းမှာ အလုပ်မရလို့ သူငယ်ချင်းမမော်ခမ်းက တရုတ်ပြည်မှာ အလုပ်တွေပေါတယ်ဆိုပြီး တရုတ်ပြည်ဘက်က ရှမ်းအမျိုးသမီး ဆောင်ယုံလက်ထဲကိုထားခဲ့တယ်။ ဗမာပြည်နယ်စပ် တရုတ်ပြည် မတ်ကွင်းရွာက အဲ့ဒီ ရှမ်းအမျိုးသမီးက သူတို့ကို ရောင်းစားပြီးပြီလို့ပြောတယ်။ ညနေ ၅ နာရီကို ဝယ်တဲ့ တရုတ်ကလာခေါ်မယ်တဲ့။ အဲ့ဒါတွေ သိတော့ လာခေါ်မယ်လုပ်တုန်း သူက ထွက်ပြေးလာခဲ့တာတဲ့။"

မနေ့က မသိန်းကြည်ကို ရွှေလီရဲစခန်းမှာ စစ်ဆေးမေးမြန်းပြီး ညက ရွှေလီမြို့ တဖက်ကမ်း မြန်မာဘက်က မူဆယ်လူကုန်ကူးမှု တိုက်ဖျက်ရေးဌာနကို ပြန်အပ်ခဲ့ပါတယ်။ မနေ့ည ၉ နာရီခန့်က မသိန်းကြည်ကို လာပို့သွားကြောင်းနဲ့ သက်ဆိုင်ရာနယ်မြေကို ဆက်ပို့ဆောင်မယ်လို့ မူဆယ် လူကုန်ကူးမှုတိုက်ဖျက်ရေးရုံး တာဝန်ရှိသူ တဦးက ပြောပါတယ်။

"လောလောဆယ် ဒီမှာ ထိန်းသိမ်း စောင့်ရှောက်ထားပြီးတော့ နေရပ်ကိုပြန်ပို့ရမယ်။ ပြန်ပို့မယ့် ရက်အတိအကျကို ပြောလို့မရသေးဘူး။ မနက်ဖြန် ပြန်ပို့ရင်လည်းပို့မှာပေါ့။"

သူနဲ့အတူ ပါသွားတဲ့အသက် ၂၅ နှစ်အရွယ်မအဲစံကို မနေ့ညက စုံစမ်းလို့ မရသေးဘူးလို့ အဲဒီတာဝန်ရှိသူကပဲ ပြောပါတယ်။ မအဲစံတို့ အိမ်နီးချင်း တယ်လီဖုန်းပိုင်ရှင်တဦးက ဒီမနက် မအဲစံဆက်သွယ်လာပြီး သူ့ကို ငွေလေးသိန်းနဲ့ တရုတ်ပြည်နောင်တောင်းရွာမှာ လာထုတ်ဖို့ခင်ပွန်းသည်ကို အကြောင်းကြားလာတယ်လို့ပြောပါတယ်။

"သူ့ကိုအခန်းထဲမှာ လှောင်ထားတယ်တဲ့၊ အပြင်မထွက်ရဘူးတဲ့၊ ငွေ ၄ သိန်းမပေးရင် သူ့ကိုမလွှတ်ဘူးပေါ့။ သူ့ကို ခေါ်သွားတဲ့ လူတွေအမည်ကို သူမပြောဘူး။ အမည်ပြော နန့်ခမ်းရဲတွေ ခေါ်ပြီး အိမ်တွေသွားရှာမယ်ဆိုတော့ သူက အဲ့လိုမပြောနဲ့တဲ့ အခုပြောတာတောင်မှ သူက ဗမာစကားနဲ့ပြောတာ၊ ရှမ်းနဲ့ပြောရင် သိသွားမှာစိုးလို့တဲ့။ သူ့ဖုန်းဆက်တော့ သူ့ဘေးနား မှာရပ်နေတာတဲ့။ ပြောရင် တရုတ်ပြည်ထဲ အတင်းဆွဲခေါ်သွားမှာ စိုးလို့တဲ့။"

သူယောက်ျားက လူမမယ်ကလေးငယ်ကို ထိန်းနေလို့ မအားတဲ့အတွက် တခြားတယောက်ကို အကူအညီတောင်းပြီး သွားခိုင်းလိုက်တယ်လို့ သူကပြောပါတယ်။ မအဲစံနဲ့ မသိန်းကြည်တို့ဟာ အိမ်နီးချင်းတွေဖြစ်ပြီး အိမ်ကနေ ဩဂုတ် ၁၇ ရက်နေ့က အလုပ်သွားရှာမယ်လို့ စာနဲ့ရေးထားပြီး ထွက်သွားခဲ့တာလို့ မအဲစံရဲ့ခင်ပွန်း ကိုဝင်းနိုင်ဦးက ပြောပါတယ်။ မအဲစံမှာ ကလေးငယ်တယောက်ရှိပြီး အသက် ၃၂ နှစ်အရွယ် မသိန်းကြည်မှာတော့ ကလေးသုံးယောက်ရှိတယ်လို့ ကိုဝင်းနိုင်ဦးက ပြောပါတယ်။

# ဗိုလ်မှူးစိုးလွင် ကွယ်လွန်

**DVB ၊ စက်တင်ဘာ ၂ ။** ။ ဂျပန်နဲ့ အင်္ဂလိပ်နယ်ချဲ့ တော်လှန်ရေးတိုက်ပွဲမှာ ပါဝင်ခဲ့သူ၊ ဗမာပြည်ကွန်မြူနစ်ပါတီ တသ်ာရီတိုင်း တပ်မှူး၊ နောက်ပိုင်း မြိတ်–ထားဝယ်ညီညွတ်ရေးတပ် ခေါင်းဆောင်ဖြစ်လာသူ ဗိုလ်မှူးစိုးလွင် ဩဂုတ်လ ၃၀ ရက်နေ့က လူကြီးရောဂါနဲ့ ကွယ်လွန်သွားတယ်လို့ သိရပါတယ်။

အသက် ၉၁ နှစ်မှာ ကွယ်လွန်သွားတဲ့ ဗိုလ်မှူးစိုးလွင်ဟာ ဂျပန်တော်လှန်ရေးကာလမှာ ဗိုလ်မှူးဗထူးနဲ့အတူ ပါဝင်ခဲ့သူဖြစ်ပြီး လွတ်လပ်ရေးရပြီးနောက် ဗမာပြည်ကွန်မြူနစ်ပါတီနဲ့အတူ တောခိုခဲ့ပါတယ်။ သူဟာ တနသ်ာရီတိုင်း ထားဝယ်မှာအခြေစိုက်တဲ့ ကွန်မြူနစ်ပါတီဌာနခွဲရဲ့ တပ်မှူးအဖြစ် တာဝန်ယူပြီး နောက်ပိုင်းမှာ ဗကပ ဗဟိုကော်မီတီဝင်အဖြစ် အရွေးခံရပါတယ်။

၈ လေးလုံးအရေးတော်ပုံ နောက်ပိုင်းမှာ ကွန်မြူနစ်ပါတီ တနသင်္ာရီတိုင်းကို မြိတ်–ထားဝယ် ညီညွတ်ရေးတပ်ဦးအဖြစ် အသွင်ပြောင်းပြီး ဒီမိုကရေစီအင်အားစုတွေနဲ့ တပ်ပေါင်းစုဖွဲ့ကာ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ သူ့ရဲ့ဈာပနကို နယ်စပ်တနေရာမှာ မနေ့က ဂုဏ်သွင်းသင်္ဂြိုဟ်လိုက်တယ်လို့ ထိုင်းနယ်စပ်ကလာတဲ့ သတင်းတွေအရ သိရပါတယ်။

# မိုးခေါင်မှုကြောင့် နှမ်းတွေ ဆုံးရှုံး

**DVB ၊ ဩဂုတ် ၃၀ ။** ။ ဒီနှစ် မိုးရာသီမှာ အညာဒေသက မိုးခေါင်တဲ့အတွက် ဆီထွက်သီးနှံတွေ ပျက်စီးဆုံးရှုံးမှုရှိနေတယ်လို့ တောင်သူတွေ ပြောပြချက်အရသိရပါတယ်။

မန္တလေးတိုင်းအတွင်းရှိ မလိုင်–သာစည်–ပခုက္ကူ–မြင်းခြံ–တောင်သာ အပါအဝင် ဒေသအတော်များများမှာ ဆီထွက်သီးနှံဖြစ်တဲ့ နှမ်းတွေကို စိုက်ပျိုးခဲ့ပြီး၊ မိုးရေမရလို့ အပင်တွေခြောက်သွေ့ သေဆုံးကုန်တယ်လို့ တောင်သူတွေက ပြောပါတယ်။ ဒါကြောင့် ဒီနှစ်တော့ တောင်သူတွေ လုံးဝအရှုံးပေါ်နေပြီလို့ မလိုင်ဒေသက တောင်သူတဦးက ပြောပါတယ်။

"ကျနော်တို့ဘက်က အစောပိုင်းက နှမ်းလောက်ပဲ စိုက်တာပါ။ နှမ်းနဲ့ ပဲတီစိမ်း၊ ပဲနောက်ပေါ့ ဒီလောက်ပဲစိုက်တယ်လေ၊ အခုနောက်ပိုင်းက ပဲတို့၊ ပြောင်းတို့စိုက်တယ်၊ နောက်ပိုင်း စိုက်တဲ့ဟာဆို နောက်ပိုင်းစိုက်တဲ့ဟာလည်း ရဖို့သိပ်မလွယ်ဘူးလေ၊ မိုးက လုံးဝ(ပြတ်)သွားတဲ့သဘောကြီးကို စောစောပိုင်း ပဲစိမ်းငုံဆိုတာတော့ သူက နှစ်ရှည်ကို ပဲစိမ်းငုံက နှမ်းနဲ့အတူ မိုးဦးကျစိုက်ရတဲ့ အပင်ပေါ့၊ ဒါနဲ့ အခုပဲစိမ်းငုံကလည်း မိုးပြတ်လိုက်တော့ အပင်တွေညိုးခြောက်ကုန်တာ အဲ့လိုတွေဖြစ်ကုန်တာ၊ ဒီနှစ်ကတော့ လုံးဝဆုံးရှုံးမှုပဲ၊ အရင်နှစ်တွေကဆိုတာ မိုးခေါင်ပေမယ့် နည်းနည်းထွက်သေးတယ်၊ ဒီနှစ်ကတော့ ထွက်မှာမဟုတ်ဘူး။"

မိုးဦးကျမှာ စိုက်ပျိုးတဲ့ ဆီထွက်သီးနှံတွေကို လာမယ့်သီတင်းကျွတ်မှာ ရိတ်သိမ်းရမှာဖြစ်ပါတယ်။ မိုးကို စောင့်ရင်း ဆောင်းသီးနှံဖြစ်တဲ့ ပဲ–ပြောင်းတွေကို စိုက်ပျိုးဖို့ပြင်နေပေမယ့် အချိန်နောက်ကျတဲ့အတွက် အထွက်နှုန်း ကောင်းနိုင်မှာမဟုတ်ဘူးလို့ တောင်သူတချို့ကပြောပါတယ်။ မြင်းခြံခရိုင်၊ တောင်သာ၊ နွားထိုးကြီးဘက်မှာ နှမ်းတွေ လုံးဝဆုံးရှုံးသွားပေမယ့် မိုးခေါင်လို့ ခိုင်းကျွဲနွားတွေအတွက် အစာပြတ်လတ်ဆဲဆဲမှာ ဒီရက်ပိုင်းလေးမှာ မိုးရွာပေးလိုက်တဲ့အတွက် တောင်သူတွေ ဝမ်းသာနေကြတယ်လို့ ဦးသန်းမြင့်က ပြောပါတယ်။

"နှမ်းကတော့ ရှုံးသွားပြီလေ၊ ဒီအချိန်မှ မိုးရွာရင် နှမ်းမျိုးပါ ဆုံးသွားတယ်။ နွားစာရှားပါးသွားတော့ နွားတွေက နံရိုးပေါ်အောင် ငတ်နေကြပြီ။ နွားစာကောက်ရိုးတစည်းဆိုရင် အရင်တုန်းက နှစ်ရာ၊ သုံးရာ ပေးရတာကို နှစ်ထောင်၊ သုံးထောင်ပေးရတဲ့ အဆင့်ရောက်သွားတယ်။ အခုကျတော့ မိုးရွာလိုက်လို့တော်သေးတာပေါ့။ နွားစာ၊ သိုးစာ၊ ဆိတ်စာ၊ တိရစ္ဆာန်စာ ပြဿနာမဖြစ်တော့ လူတွေ စိတ်ချမ်းသာရတာပေါ့။"

တောင်သာဘက်မှာ ဒီနှစ်က နှမ်းအထွက်ဆုံးရှုံးပေမယ့် သဲသဲမဲမဲ ရွာလိုက်တဲ့မိုးကြောင့် ဆောင်းသီးနှံတွေဖြစ်တဲ့ ပဲကြီး၊ ပဲဇင်းငုံ၊ ကုလားပဲ၊ ပြောင်းဆန်တွေ အထွက်နှုန်းကောင်းနိုင်တယ်လို့ ဦးသန်းမြင့်က ပြောပါတယ်။ အခုလောလောဆယ်မှာ အညာဒေသမှာ နှမ်းတတင်းကို ၂ သောင်းကျော်ရှိနေပြီး၊ နှမ်းဆီတပိဿာကို ၃၄၀၀ ရှိနေလို့ ဈေးတက်နေတယ်လို့ သိရပါတယ်။

# အိန္ဒိယလူမျိုးတဦး မြန်မာ့ဒီမိုကရေစီ ဓာတ်ပုံမှတ်တမ်းစာအုပ် ထုတ်ဝေ

**DVB ၊ ဩဂုတ် ၃၁ ။** ။ ဆုတ်ဖြဲပစ်ရမယ့် ပထမစာမျက်နှာများ–ဆိုတဲ့ မြန်မာဒီမိုကရေစီလှုပ်ရှားမှုနဲ့ပတ်သက်တဲ့ မှတ်တမ်းဓါတ်ပုံစာအုပ်ငယ်ကို အိန္ဒိယလူမျိုး မှတ်တမ်းရုပ်ရှင်ရိုက်ကူးထုတ်လုပ်သူ အမာကမ်ဝါက ထုတ်ဝေဖြန့်ချိလိုက်ပါတယ်၊

အဲဒီစာအုပ်ရဲ့အစမှာ နအဖစစ်အုပ်စုရဲ့နိုင်ငံရေး ဦးတည်ချက်၊ စီးပွားရေးဦးတည်ချက်တွေကို မဂ္ဂဇင်းစာမျက်နှာတွေပေါ်ကနေ ဆုတ်ဖြဲပြီးမှ စာအုပ်ငှားသူတွေကို ပေးငှားတဲ့ မန္တလေးမြို့က စာအုပ်အငှားဆိုင်ပိုင်ရှင် ကိုသန်းထွေး တယောက်ထောင်ကျသွားတဲ့အကြောင်းကို အစချီရေးသားထားပါတယ်။ နှစ်အရှည်ဆုံးထောင်ချခံရပြီး မန္တလေးထောင်ထဲမှာ သေဆုံးသွားတဲ့ ၈၈ ကျောင်းသား ကိုသက်ဝင်းအောင်ရဲ့ ဓါတ်ပုံကို နမိတ်ပုံတွေနဲ့ ဖော်ပြပြီး သူ့ရဲ့အကြောင်းကို အတိုချုပ်ရေးသားထားပါတယ်။ ရှစ်လေးလုံးအရေးတော်ပုံအတွင်းက ကျဆုံးသွားတဲ့ မဝင်းမော်ဦးရဲ့ ဓာတ်ပုံကိုလည်း အလင်းအမှောင် ဓာတ်ပုံပညာနဲ့ဖော်ပြထားပြီး သူ့အကြောင်းကို ရေးသားထားပါတယ်။

ရှစ်လေးလုံးအရေးတော်ပုံအတွင်းက မှတ်တမ်းဓာတ်ပုံတွေကိုလည်း အဖြူအမဲနဲ့ ဖော်ပြထားတာတွေ့ရပါတယ်။ အဲဒီနောက် သံဃာတော်တွေဦးဆောင်တဲ့ ရွှေဝါရောင်တော်လှန်ရေး ကာလအတွင်းက သံဃာတော်တွေ ရိုက်နှက်ခံရတဲ့ ဓာတ်ပုံတွေကိုလည်း ဓာတ်ပုံပညာသုံးပြီး အတွေးအခေါ်ပါအောင် ဖော်ပြထားပါတယ်။ ဒါအပြင် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့မှာရှိတဲ့ မဟတ္တမဂန္ဒီရဲ့ ဂုဗိမ္ဗာန်ကို သွားရောက်ဂါရဝပြုနေတဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ဓာတ်ပုံကိုလည်း ဓာတ်ပုံပညာနဲ့ အပြောင်အပျက်ပြုပြီး သရော်ထားပါသေးတယ်။ ဓာတ်ပုံရဲ့ဘေးမှာတော့ အရက်စက်ဆုံးခေတ်သစ် အာဏာရှင်ကြီး ငြိမ်းချမ်းရေးခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီဂူအနားမှာ ရောက်နေပြီဆိုပြီး ရေးသားထားပါတယ်။ အဲဒီနောက် မြန်မာကျောင်းသားတွေ တောထဲကနေ အမေရိကန်ကိုရောက်ပြီး ဆူရှိလိပ်တာ အပါအဝင် ကြုံရာကျပန်း ဝင်လုပ်နေတာကိုလည်းပြထားပါတယ်။

ဒီစာအုပ်ရေးသား ထုတ်လုပ်ဖြန့်ချိရတဲ့အကြောင်း အမာကမ်ဝါကို မေးမြန်းကြည့်တဲ့ အခါမှာ သူက အခုလိုပြောသွားပါတယ်။

"ကျနော်အနေနဲ့ မြန်မာဒီမိုကရေစီလှုပ်ရှားမှုကို သိပ်လေးစားတယ်။ အဓိက ကတော့ စစ်အုပ်စုရဲ့ဦးတည်ချက်တွေပါတဲ့ စာမျက်နှာတွေကို ဖြဲပြစ်လို့ အဖမ်းခံရတဲ့ ကိုသန်းထွေးကို ဂုဏ်ပြုချင်လို့ပါ။ နောက်တချက်ကတော့ မြန်မာပြည်မှာ ဘာတွေဖြစ်နေတယ်ဆိုတာ အိန္ဒိယပြည်သူတွေ သိအောင်လို့ ကျနော်ဒီစာအုပ်ကို တနိုင်ငံလုံးဖြန့်ချိမှာပါ။"

အမာကမ်ဝါဟာ အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့မှာနေထိုင်ပြီး မြန်မာအပါအဝင် နိုင်ငံတကာက မှတ်တမ်းရုပ်ရှင်တွေကို ရိုက်ကူးထုတ်လုပ်နေသူဖြစ်ပါတယ်၊ ဒါကြောင့် နော်ဝေနိုင်ငံ အပါအဝင် နိုင်ငံတကာရဲ့ ဆုတံဆိပ် အတော်များများကို ရရှိထားသူတဦး ဖြစ်ပါတယ်။

# နယ်ခြားစောင့်တပ်ဖွဲ့စည်းရန် ပြင်ဆင်

**DVB ၊ စက်တင်ဘာ ၁ ။** ။ နအဖနဲ့ အပစ်အခတ်ရပ်စဲရေး ပြုလုပ်ထားတဲ့ ကချင်ပြည်ဒီမိုကရေစီသစ်တပ်မတော် (ကချင်) က နယ်ခြားစောင့်တပ်ဖွဲ့စည်းရေးအတွက် လက်ခံသဘောတူထားရာ အခု တပ်ဆောက်ဖို့ မပခစစ်ဌာနချုပ်က အန်ဒီအေကေ ဌာနချုပ်ရှိရာ တရုတ်–မြန်မာနယ်စပ် ပန်ဝါကိုလာပြီး တပ်မြေ နေရာ လာကြည့်နေတယ်လို့ သိရပါတယ်။

မပခက စစ်ဦးစီးအရာရှိနဲ့ ဗိုင်းမော်မြေစာရင်းဌာနက တပ်တည်မြေနေရာ လာကြည့်ခဲ့သလို အန်ဒီအေကေတပ်ဖွဲ့က မြစ်ကြီးနားမြို့နယ် ပြင်ထောင်ကျေးရွာမှာ စစ်သင်တန်းလုပ်ဖို့ရှိကြောင်း ဒေသခံတဦးက ပြောပါတယ်။

"တိုင်းက ဂျိဝမ်းကြီး ၂၈ ရက်နေ့က ပန်ဝါကို ည ၈ နာရီခွဲလောက်ရောက်လာတယ်။ ပန်ဝါမှာ နယ်ခြားစောင့်တယ်အတွက် တပ်ရင်းတရင်းတည်ဖို့မြေနေရာကို ဗိုင်းမော်မြေစာရင်းမှူးကို ခေါ်ပြီး ဂျီပီအက်စ် လာဖတ်တယ်။ ဒီလဆန်းပိုင်း မြစ်ကြီးနား ပြင်ထောင်မှာ ဦးစခုန်တိန့်ရိန်းရဲ့ အင်အား ၁,၆၀၀ နယ်ခြားစောင့်တပ်အတွက် ပထမအသုတ်သင်တန်းတက်မယ်။ ရက်တော့အတိအကျ မသိရသေးဘူး။"

ပြင်ထောင်မှာ စစ်သင်တန်းလုပ်ဖို့အတွက် အဆောက်အဦးတွေ အားလုံးပြီးသွားပြီလို့လည်း အဲဒီဒေသခံက ပြောပါတယ်။ ဦးစခုန်တိန့်ရိန်းရဲ့ တပ်မှာရှိတဲ့ အရာရှိတွေအားလုံးကိုလည်း တပွင့်ဆိုရင် နှစ်ပွင့် ချက်ချင်းရာထူးတိုးပေးလိုက်ပြီး မလုပ်ချင်တဲ့ ရဲဘော်တချို့က ထွက်စာတင်ကြပြီး တော်တော်များများထွက်ကြလို့လည်း ဆိုပါတယ်။ အန်ဒီအေကေ အဖွဲ့ဟာ ဗမာပြည်ကွန်မြူနစ်ပါတီမှ ၁၉၉၁ ခုနှစ်မှာ ခွဲထွက်ခဲ့ပြီး နအဖနဲ့ အပစ်ခတ်ရပ်စဲရေး နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးကို ဇွန်လကတည်းက လက်ခံခဲ့တာဖြစ်ပါတယ်။

# မူးယစ်ဆေးကြောင့် တိုက်ရဟု နအဖဆို

**DVB ၊ စက်တင်ဘာ ၁ ။** ။ ငြိမ်းအဖွဲ့ဖြစ်တဲ့ ကိုးကန့်ကို တိုက်ခိုက်ရတဲ့ အခြေအနေနဲ့ပတ်သက်ပြီး တရုတ်နယ်စပ်ရှိ တခြားငြိမ်းအဖွဲ့တွေဖြစ်တဲ့ ရှမ်းပြည်အရှေ့ပိုင်း မိုင်းလားအထူးဒေသ ၄ နဲ့ ကချင်ပြည် လွတ်မြောက်ရေး ကေအိုင်အိုအဖွဲ့ဆီကို နအဖစစ်တပ်အရာရှိတွေက သွားရောက်ရှင်းလင်းခဲ့ပါတယ်။

ဦးစိုင်းလင်းဦးဆောင်တဲ့ မိုင်းလားအထူးဒေသ ၄ ကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်က အရာရှိ ၃ ဦး မနေ့က သွားရောက်ခဲ့တယ်လို့မိုင်းလားနဲ့ နီးစပ်တဲ့ အရာရှိဟောင်းတဦးက ပြောပါတယ်။ မနက် ၉ နာရီခန့်က သွားရောက်ခဲ့တာဖြစ်ပြီး အဲဒီဒေသကို ချက်ခြင်းမတက်ရဲဘဲ မိုင်းလားနဲ့ ကျိုင်းတုံအကြားရှိ နမ့်လွေတံတားအနီး ရေဆိပ်ကနေစောင့်နေတာလို့ သူက ပြောပါတယ်၊ အဲဒီနောက် မိုင်းလားတပ်ဖွဲ့ဝင်တွေ လာရောက် ခေါ်သွားခဲ့ပြီး ဦးစိုင်းလင်းနဲ့ ၂ နာရီကြာ တွေ့ဆုံစကားပြောခဲ့တယ်လို့ ပြောပါတယ်။

စစ်တပ် လာပြောတာက ကိုးကန့်လို မလုပ်ကြဖို့၊ လက်နက်ပစ္စည်းကိရိယာတွေမလုပ်ဖို့၊ မူးယစ်ဆေးဝါးတွေမလုပ်ဖို့၊ ဒါတွေ ကင်းရှင်းဖို့လိုတဲ့အကြောင်း၊ နောက် တဦးကို တဦးပစ်ခတ်တာမကောင်းဘူး၊ နှစ်ဖက်စလုံး သေကြေကြတယ်၊ ခင်ဗျားတို့ကိုလည်း ကျနော်တို့ မပစ်ချင်ဘူး၊ ခင်ဗျားတို့ကလည်း ကျနော်တို့ကို ပစ်ခတ်ဖို့ ပြင်မနေနဲ့လို့ ပြောသွားတာပါ။ ဒါကြောင့် ဒီနေ့ ဦးစိုင်းလင်းက အစည်းအဝေးခေါ်ယူပြီး အခုစစ်ဖြစ်ပွားမှုမှာ ပြည်သူတွေ အနေနဲ့ကြောက်လန့်တုန်လှုပ်စရာမလိုဘဲ တည်တည်ငြိမ်ငြိမ်နေကြဖို့၊ ပစ်ခတ်ပေါက်ကွဲသံမထွက်မချင်း ဘယ်ကိုမှ ထွက်မပြေးကြဖို့ နှိုးဆော်နေပါတယ်။

ဒါပြင် မိုင်းလားဒေသဆီ ထွက်ပြေးလာတဲ့ ကိုးကန့် မိသားစုတွေကို နေရပ်ဆီပြန်သွားကြဖို့ပြောတယ်လို့ အဲဒီအရာရှိဟောင်းက ပြောပါတယ်၊ ကိုးကန့်ဒုက္ခသည်တွေဟာ မိုင်းလားရှိ ဆီ့လို့ဘက်မှာရှိနေသလို မုံးစယ်ဘက်ကိုလည်း ထွက်ပြေးသွားတယ်လို့သိရပါတယ်။ အခုလ ၂၉ ရက်က ကချင်လွတ်မြောက်ရေးအဖွဲ့ကေအိုင်အိုကို မြောက်ပိုင်းတိုင်း စစ်ဌာချုပ်က စစ်ဘက်ရေးရာ လုံခြုံရေးအဖွဲ့ ဗိုလ်မှူးကြီး သက်ပုံ ဦးဆောင်တဲ့ အဖွဲ့က မူးယစ်ဆေးဝါးနဲ့ လက်နက်ထုတ်လုပ်မှုကြောင့် ကိုးကန့်ကို တိုက်ခိုက်ရတဲ့ အကြောင်း သွားရောက်ရှင်းပြခဲ့တယ်လို့မဇ္ဈိမသတင်းဌာနက ဖော်ပြပါတယ်။ ကေအိုင်အို ထိန်းချုပ်နယ်မြေ လိုင်ဇာဟိုတည်တခုမှာ ကေအိုင်အို စစ်ဗျူဟာမှူး ဗိုလ်မှူးချုပ် အင်ဘန်လ၊ ဗိုလ်မှူးကြီး ဂွမ်မော်၊ ဒေါက်တာ လဂျာတို့နဲ့ တွေ့ဆုံ ရှင်းပြခဲ့တယ်လို့ ဖော်ပြထားပါတယ်။

# အဖွဲ့ချုပ် အမျိုးသမီးအဖွဲ့ စည်းရုံးရေးလုပ်ငန်းများ တားဆီးခံနေကြရ

**DVB | ဩဂုတ် ၃၀ ။** ။ ကချင်ပြည်နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အမျိုးသမီးလုပ်ငန်းအဖွဲ့ရဲ့ စည်းရုံးလှုပ်ရှားမှုကို မြို့နယ်ကော်မရှင်တွေက တားမြစ်ခဲ့တယ်လို့ သိရပါတယ်။

ပါတီအင်အား ပြန်လည်ကောင်းမွန်တိုးတက်စေရေး အဖွဲ့ချုပ်ဗဟိုရဲ့ ညွှန်ကြားချက်နဲ့ အခုတလောမှာ ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အဖွဲ့ချုပ်ပြည်နယ် စည်းရုံးရေးမှူး ဒေါ်မြင့်မြင့်က မြစ်ကြီးနား၊ ဖားကန့်၊ မိုးညှင်း၊ မိုးကောင်း၊ တနိုင်း စတဲ့ မြို့နယ်ကို သွားရောက်ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် မြို့နယ်ကော်မရှင်က ခွင့်မပြုဘဲ အဖွဲ့ချုပ်မြို့နယ် စည်းရုံးရေးအဖွဲ့ဝင်တွေကို ခေါ်ယူသတိပေးပြီး ခံဝန်လက်မှတ် ထိုးခိုင်းခဲ့တယ်လို့ မိုးကောင်းမြို့နယ် အဖွဲ့ချုပ်ဝင်တဦးက ပြောပါတယ်။

"အာဏာပိုင်ကော်မရှင်တို့က မလုပ်စေချင်ဘူး၊ တားဆီးမှုတွေရှိပါတယ်၊ ကျနော်တို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အမျိုးသမီးဗဟိုလုပ်ငန်းဖွဲ့အထောက်အကူပြု ဒေါ်မြင့်မြင့်က ရှင်းလင်းပြုစုခြင်းကို ဖားကန့်၊ မိုးကောင်း၊ မိုး ညှင်း၊ တနိုင်းက ဒေသခံအမျိုးသမီးတွေနဲ့သွားတွေ့တာ။ တားဆီးတယ်လို့ကြားတယ်။ မြို့နယ်တွေကခေါ်ပြီး ဒါတွေကို ခဏရပ်ဆိုင်းထားပေးဖို့ပေါ့။ မလုပ်စေချင်တဲ့သဘောပါပဲ၊ မြို့နယ်စည်းတွေကို ခံဝန်လက်မှတ် ထိုးခိုင်းတဲ့သဘောပါ။"

ဒီလို တားဆီးနေပေမယ့် အဖွဲ့ဝင်သစ်တွေရဲ့ နာမည်စာရင်းတွေတော့ အကုန် ကောက်ယူနိုင်ခဲ့တယ်လို့ပြောပါတယ်။ ဒါ့ပြင် မိုးကောင်းမြို့နယ်မှာ ပါတီလုပ်ငန်းတွေကို မြို့ပေါ်ကထက် ကျေးရွာတွေက တောင်သူလယ်သမားတွေက ပိုပြီးတက်ကြွမှုရှိတယ်လို့ သိရပါတယ်။

"ပေါ်ပေါ်ထင်ထင်လုပ်လို့ရရင် စည်းရုံးရေးက ပိုထက်မြက်တာပေ့ါ။ မိုးကောင်းမြို့နယ်မှာ သဘော်ဆိပ်နားက ရွာတွေက လိုလိုလားလား တွေ့ဆုံဆွေးနွေးပွဲတွေ လုပ်ဖို့ တောင်းဆိုနေကြတယ်။"

အမျိုးသမီးလုပ်ငန်းအဖွဲ့ဝင် တိုးချဲ့ရေးကို ပြီးခဲ့တဲ့ ဇူလိုင် ၂၁ ရက်က အဖွဲ့ချုပ် ဗဟိုမှာ ပြည်နယ်နဲ့တိုင်းက အမျိုးသမီး ပါတီဝင် ၁၂ ဦးနဲ့ အမျိုးသမီးလုပ်ငန်းအထောက်အကူပြုအဖွဲ့ကို ပြန်လည်ဖွဲ့စည်းပြီး နောက်ပိုင်း စတင်ကွင်းဆင်းလုပ်ဆောင်နေတာ ဖြစ်ပါတယ်။ အဖွဲ့ချုပ် ပါတီဝင်တွေရဲ့ မည်သည့်လှုပ်ရှားဆောင်ရွက်မှုမဆို အာဏာပိုင်တွေက အမြဲစောင့်ကြည့်နှောင့်ယှက် နေတယ်လို့ အဖွဲ့ချုပ်ဝင်တွေက ပြောပါတယ်။ ဒါကြောင့် လက်ရှိနိုင်ငံရေး အခြေအနေမှာ ပါတီလုပ်ငန်းတွေကို လျှို့လျှို့ဝှက်ဝှက်ပဲ လုပ်စေချင်တယ်လို့ ရေနံချောင်းမြို့နယ် အဖွဲ့ချုပ်ဝင် ဒေါ်ခင်စောဌေးက ပြောပါတယ်။

"အင်အားတွေ အလဟဿ မဖြုန်းတီးစေချင်ဘူး။ ကိုယ့်အခြေအနေနဲ့လိုက်ပြီး လုပ်ဆောင်ရတာပါ။ သူတို့တွေက ဘုရားသားတော်တွေ၊ တိုင်းရင်းသား၊ ကျောင်းသားတွေ၊ ပြည်သူတွေနဲ့ ပြဿနာတွေ ရှိနေတယ်။ ဖမ်းလိုက်၊ ဆီးလိုက် လက်နက်နဲ့ အနိုင်ယူနေလို့ဘယ်တော့မှ မပြေလည်ပါဘူး။ ၂၀၁၀ ရွေးကောက်ပွဲလုပ်လို့လည်း ဒီစနစ်က မပြောင်းလဲပါဘူး။ အားလုံးဟာ တိုင်းရင်းသားတွေရော၊ နိုင်ငံရေးသမားတွေရော တွေ့ဆုံဆွေးနွေးရေးတွေ လုပ်ကို လုပ်ရတော့မယ့် အခြေအနေရောက်နေပါပြီ။"

---

# နေပြည်တော်သို့ မတိုင်ရန် ညွှန်ကြား

**DVB | ဩဂုတ် ၃၀ ။** ။ မကွေးတိုင်း မြို့သစ် မြို့နယ်မှာ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အစိုးရဝန်ထမ်းတွေကို ပြဿနာတခုခုဖြစ်ခဲ့ရင် အထက်ကို မတိုင်ကြားဖို့ ညွှန်ကြားထားတယ်လို့ သိရပါတယ်။

မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက မကွေးမြို့ တယကရဲ့ ညွှန်ကြားချက်လို့ဆိုပြီး ဌာနဆိုင်ရာ ဝန်ထမ်းတွေကို ပြဿနာတခုခုဖြစ်ရင် နေပြည်တော်ရုံးချုပ်ကို မတိုင်ကြားဖို့ လက်မှတ်ရေးထိုးခိုင်းတယ်လို့သိရပါတယ်။ မြို့သစ်မြို့နယ်က ဝန်ထမ်းတွေရဲ့ အဆိုအရ မြို့နယ်မယက ဥက္ကဋ္ဌက ဩဂုတ် ၁၅ ရက်နေ့မှာ ဝန်ထမ်းတွေကို လက်မှတ်ရေးထိုးခိုင်းတာပါ။ လက်မှတ်ရေးထိုးရတာနဲ့ ပတ်သက်ပြီး မြို့သစ်မြို့နယ်က ဝန်ထမ်းတဦးက ပြောပါတယ်။

"နိုင်ငံရေးပြဿနာပဲဖြစ်ဖြစ်၊ တိုင်းပြည်ထဲက ပြဿနာပဲဖြစ်ဖြစ်၊ တယောက်နဲ့တယောက် တိုင်တန်းတာပဲဖြစ်ဖြစ်၊ ဘာကိစ္စပဲဖြစ်ဖြစ် မကျေနပ်ချက်ရှိတိုင်း နေပြည်တော်ကို မတိုင်ကြားဖို့ လျှို့ဝှက်သတင်းအနေနဲ့ ဌာနဆိုင်ရာ လက်မှတ် လိုက်ထိုးခိုင်းနေတာပါ။"

မြို့နယ်ဌာနဆိုင်ရာ အကြီးအကဲတွေဟာ အောက်ခြေအထိဆင်းပြီး ဝန်ထမ်းတွေကို တဦးချင်း လက်မှတ်ရေးထိုးခိုင်းနေတာ ဖြစ်ပြီး ပြဿနာတစုံတရာဖြစ်ခဲ့ရင် နေပြည်တော်ကို မတိုင်ကြားဖို့၊ လက်မှတ်ရေးထိုးနေရတာကိုလည်း အပြင်ကို မပေါက်ကြားဖို့ မြို့နယ်အကြီးအကဲတွေက မှာကြားထားတယ်လို့ အဲ့ဒီဝန်ထမ်း က ပြောပါတယ်။

"ပညာရေးဝန်ထမ်းမှာ လက်ထောက်ပညာရေးမှူးက ကျောင်းမတက်တဲ့ ကျောင်းဆရာတွေကိုခေါ်ပြီး နယ်တွေအထိ လက်မှတ်လိုက်ထိုးခိုင်းတယ်။ အောက်ခြေမှာဖြစ်တဲ့ ပြဿနာတွေကို အထက်ကို မသိအောင် လျှို့ဝှက်ပြီး ဒီသတင်းကို မပေါက်ကြားပါစေနဲ့ဆိုပြီး ဝန်ထမ်းတွေကို အစည်းအဝေးမှာ မှာကြားပါတယ်။"

ဌာနတွင်း ပြဿနာတွေကြောင့် အစိုးရဝန်ထမ်းတွေဟာ နေပြည်တော်ရုံးချုပ်ကို တိုင်းကြားလေ့ရှိတယ်လို့ သိရပါတယ်။ ပြီးခဲ့ရက်ပိုင်းက အမှတ် ၁ စက်မှုဝန်ကြီး ဦးအောင်သောင်းရဲ့ မြို့သစ် မြို့နယ်ကို လာရောက်တဲ့အခါမှာ မြို့မမူလတန်းလွန်ကျောင်းက ကလေးတွေကို လုပ်အားပေးစေခိုင်းခဲ့တာကို မကျေနပ်တဲ့ဆရာ၊ ဆရာမတွေ တိုင်ကြားမှာကို စိုးရိမ်တဲ့ အတွက် အခုလို အထက်ကို မတိုင်းကြားစေချင်လို့ လက်မှတ်ရေးထိုးခိုင်းတာ ဖြစ်တယ်လို့ အဲ့ဒီဝန်ထမ်းက ပြောပါတယ်။

---

# လုံခြုံရေးအတွက် ဒေါ်စုအိမ် ပြင်ရန်ရှိ

**DVB | ဩဂုတ် ၃၀ ။** ။ နေအိမ်အကျယ်ချုပ်ကျနေတဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ဟာ သူ့ရဲ့လုံခြုံရေးပိုမိုစိတ်ချရရေးအတွက် နေအိမ်ကို ပြန်ပြင်ဖို့စီစဉ်နေတယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပြန်ကြားရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်းက ပြောပါတယ်။

အမေရိကန်နိုင်ငံသား ဂျွန်ဝီလျံယက်ထော နေအိမ်ထဲကို လျှို့ဝှက်ဝင်ရောက်လာတဲ့ကိစ္စနဲ့ပတ်သက်ပြီး အင်းစိန်ထောင်ထဲမှာ အမှုရင်ဆိုင်နေရစဉ်ကတည်းက အိမ်ပြင်ဖို့ပြောခဲ့တာလို့ဦးဉာဏ်ဝင်းက ပြောပါတယ်၊ လောလောဆယ် ဗိသုကာတဦးနဲ့တိုင်ပင်ဆောင်ရွက်နေတယ်လို့ ဦးဉာဏ်ဝင်းက ပြောပါတယ်။

"အဓိက က လုံခြုံရေးကောင်းအောင် ပြန်ပြုပြင်ဖို့ပါ။ ကျနော်က ဗိသုကာကိုပြောတော့ ဗိသုကာက သွားတိုင်းပြီးတော့ အတိုင်းအတာနဲ့ ပုံကြမ်းဆွဲတယ်။ ပုံကြမ်းကို ကျနော်ဒေါ်စုကိုပြတယ်။ ဒေါ်စုက အဲ့ဒီပုံကြမ်းမှာ သူလိုချင်တာကို မှတ်ချက်ကလေးတွေရေးပြီးတော့ ဗိသုကာကိုပြန်ပေးထားတယ်၊ ပြန်ဆွဲခိုင်းထားတယ်။ ကျနော် ဒီအဆင့်ပဲသိတယ်။"

နေအိမ်ပြင်တဲ့ကိစ္စကို သက်ဆိုင်ရာ အာဏာပိုင်တွေရဲ့ ခွင့်ပြုချက်ရယူရန်လိုမလို ဆိုတာကိုတော့ သူမသိဘူးလို့ ဦးဉာဏ်ဝင်းက ပြောပါတယ်။ နေအိမ်အကျယ်ချုပ်စည်းကမ်းဖောက်ဖျက်တယ်ဆိုပြီး ဒေါ်အောင်ဆန်းစုကြည်အပေါ် ပြစ်ဒဏ်ချမှတ်ထားတဲ့ကိစ္စကို ကြာသပတေးနေ့မှာ အယူခံတင်မယ်လို့လည်း ရှေ့နေဦးဉာဏ်ဝင်းက ပြောပါတယ်။ ကျန်းမာရေးကိစ္စနဲ့ပတ်သက်လို့ အရင်ပြနေကျ မိသားစုဆရာဝန်နဲ့ဆက်ပြီး ကုသခွင့်ပြုဖို့ အာဏာပိုင်တွေထံတင်ပြထားတာ အခုအထိ အကြောင်းပြန်ကြားချက် မရသေးဘူးလို့လည်း ဦးဉာဏ်ဝင်းက ပြောပါတယ်။

# လူထုလှုပ်ရှားမှုနှင့် ဒီမိုကရေစီပြောင်းလဲခြင်းဖြစ်စဉ်

## အပိုင်း−၃

ခင်မမမျိုး

**ယခင်တပတ်မှအဆက်**

တချို့ ဒီမိုကရေစီလှုပ်ရှားမှုတွေကျတော့ ဒီကွန်ယက်တည်ဆောက်မှုကို အားကောင်းအောင် မတည်ဆောက်ဘဲ လူထုကိုအတင်းတွန်းပြီး လှုပ်ရှားခိုင်းတတ်ကြတယ်။ ဒီအဆင့်မပါဘဲ လူထုတိုက်ပွဲခေါ်တတ်ကြတယ်။

သက်ဆိုင်ရာနီးစပ်သူများနဲ့ အစုအဖွဲ့လေးတွေဖွဲ့ပြီး လူထုလှုပ်ရှားမှုကို ဖောင်းတင်ကြတယ်။ အဲဒီလိုလှုပ်ရှားမှုတွေက အောင်မြင်နိုင်ချေနည်းပါးတယ်။ ဘာလို့လည်းဆိုတော့ ကွင်းလယ်ခေါင်မှာ ယာယီတဲလေးတွေသွားထိုးတာနဲ့ တူလို့ဘဲဖြစ်တယ်။ လေပြင်းမုန်တိုင်းလည်းကျရော ဒီယာယီတဲလေးတွေက အလွယ်တကူပြိုပျက်သွားပြန်ရော။ အုတ်မြစ်မခိုင်ဘဲ အိမ်ဆောက်လို့မရဘူး။ အိမ်မှာမှ အထပ်ပေါင်းများစွာပါတဲ့ တိုက်ကြီးတွေဆိုရင် အချိန်ယူအုတ်မြစ်ချရတယ်။

တချို့ ဒီမိုကရေစီလှုပ်ရှားမှုတွေကျတော့လည်း လူထုထဲမှာမတည်ဆောက်ဘဲ နီးရာစုပြီး အဖွဲ့ဖွဲ့ကြတာတွေ သိပ်အားသန်ပြန်ရော။ ဘာနဲ့တူလည်းဆိုတော့ အိမ်မဆောက်ဘဲ ခေါင်မိုးထုတ်လုပ်ရေးလုပ်တာနဲ့ တူတယ်။ ခေါင်မိုးတွေဘဲရှိပြီး အုတ်မြစ်ရှိဘို့နေနေသာသာ အိမ်ရဲ့ structure တောင် စာရွက်ပေါ်မှာမရှိဖြစ်နေတဲ့ လှုပ်ရှားမှုတွေ အာရှနဲ့အာဖရိက က ဒီမိုကရေစီလှုပ်ရှားမှုတွေမှာ ရှိနေဆဲဘဲဖြစ်တယ်။

ဒီလိုနဲ့ တည်ဆောက်မှုတွေလုပ်ပြီး ကွန်ယက်တွေချိတ်ဆက်လာကြတဲ့အခါ အခြေအနေကိုကြည့်ပြီး တိုက်ပွဲငယ်၊ တိုက်ပွဲလတ်၊ တိုက်ပွဲကြီးတွေ ပုံဖော်ရတယ်။ တိုက်ပွဲမဖော်ဆောင်ရင် ညှိနှိုင်းတွတ်ရေးဆိုတာ တည်ဆောက်လို့မဖြစ်နိုင်တာကြောင့်ဘဲ။ ညှိနှိုင်းတွတ်ရေးဆိုတာ တိုက်ပွဲနဲ့ပေါင်းစပ်ပြီးမှ တည်ဆောက်ရတာဖြစ်တယ်။ တချို့ ဒီမိုကရေစီလှုပ်ရှားမှုတွေကျတော့ တိုက်ပွဲမရှိဘဲ ညှိနှိုင်းတွတ်ရေးတည်ဆောက်မှုကို ဖောင်းပေးလုပ်ကြ အချိန်ကုန်နေကြပြန်တယ်။

တိုက်ပွဲအဆင့်မရှိဘဲ ညှိနှိုင်းတွတ်ပါတယ်ဆိုရင် ဒီညှိနှိုင်းတွတ်ရေးက တကယ့်ညှိနှိုင်းတွတ်ရေးတော့ထွက်လာမှာမဟုတ်ဘူး။ စာရွက်ညှိနှိုင်းတွတ်ရေးဘဲဖြစ်လာမှာဘဲ ကမ္ဘာမှာအောင်မြင်ခဲ့တဲ့ ဒီမိုကရေစီပြောင်းလဲမှုဖြစ်စဉ်တွေမှာကတော့ ဒီစာရွက်ညှိနှိုင်းတွတ်ရေးပုံစံတွေ ခေတ်မစားခဲ့ဘူး။ အလုပ်သမားသပိတ်၊ ကျောင်းသားသပိတ်၊ ဘာသာရေးလှုပ်ရှားမှု၊ မြို့ပြလူထုလှုပ်ရှားမှု၊ လယ်သမားလှုပ်ရှားမှုစတဲ့ တိုက်ပွဲတွေကနေတဆင့် တိုင်းပြည်တခုလုံးရဲ့ လူထုလူတန်းစား အလွှာအသီးသီး ပါဝင်လာတဲ့ ညှိနှိုင်းတွတ်ရေးကို ဖော်ဆောင်နိုင်ခဲ့ကြတယ်။

ဒီအဆင့်ကို upsurge of mobilization အဆင့်လို့ ပညာရှင်တွေကသတ်မှတ်ကြတယ်။ ဒီအဆင့်မှာ လူထုတိုက်ပွဲအားကောင်းလာတဲ့အခါ အာဏာရှင်စနစ်ပြိုလဲသွားတယ်။ ဒါပေမယ့် အာဏာရှင်စနစ်ပြိုလဲတယ်ဆိုတာ အုပ်ချုပ်ရေးယန္တရားတခုလုံး ပြိုလဲသွားတာမဟုတ်ဘူး။ ခေတ္တရပ်ဆိုင်းသွားတာဘဲဖြစ်တယ်။ ဒါကိုပြန်ပြီးဘယ်သူကအသက်သွင်းမလဲ။ အာဏာရှင်ဟောင်း ဘက်တော်သားတွေက အသက်သွင်းနိုင်မလား၊ ဒီမိုကရေစီဘက်တော်သားတွေက အသက်သွင်းနိုင်မလား။

အာဏာရှင်ဟောင်းဘက်တော်သားတချို့နဲ့ ဒီမိုကရေစီဘက်တော်သားတချို့ ပူးပေါင်းပြီးအသက်သွင်းနိုင်မလား။ ဒီအဆင့်ကို transition to procedural democracy လို့ ပညာရှင်တွေက သတ်မှတ်ထားတယ်။ အဓိက ထွက်လာရမယ့်ရလာဒ်ကတော့ ကြားဖြတ်အစိုးရဘဲ။ ကြားဖြတ်အစိုးရ မထွက်လာမချင်း ဒီအဆင့်မအောင်မြင်သေးဘူးလို့ ဆိုနိုင်တယ်။

ကြားဖြတ်အစိုးရဆိုတာမှာလည်း ဒီမိုကရေစီဘက်တော်သားတွေက ဦးဆောင်ဖွဲ့စည်းတဲ့ ကြားဖြတ်အစိုးရ၊ အာဏာရှင်ဘက်က ပြုပြင်ပြောင်းလဲလိုသူတွေက ဦးဆောင်ဖွဲ့စည်းတဲ့ ကြားဖြတ်အစိုးရ၊ ဒီမိုကရေစီနဲ့အာဏာရှင်ဘက်တော်သားတွေ ပူးပေါင်းဖွဲ့စည်းတဲ့ ကြားဖြတ်အစိုးရဆိုပြီးရှိသလို တခါတရံ ဘယ်လိုမှ ညှိမရတဲ့ ဘက်နှစ်ဘက်အကြားမှာ နိုင်ငံတကာက ခေတ္တလာအုပ်ချုပ်ပေးတဲ့ ကြားဖြတ်အစိုးရဆိုပြီး ပုံစံအမျိုးမျိုးရှိတယ်။ ဒီလိုကြားဖြတ်အစိုးရပေါ်ပေါက်လာပြီးမှ ရွေးကောက်ပွဲကျင်းပတာ၊ အမျိုးသားပြန်လည်သင့်မြတ်ရေး ဆွေးနွေးတာတွေကို လုပ်ရမှာဖြစ်တယ်။

တချို့ ဒီမိုကရေစီလှုပ်ရှားမှုတွေမှာကျတော့ အဆင့်တွေကတော်တော်ကျော်ကြတယ်။ Transition to procedural democracy အဆင့်ဝေးလို့ upsurge of mobilization အဆင့်တောင် မရောက်သေးဘူး။ resistance အဆင့်မှာ ယာယီတဲလေးတွေထိုးပြီးရုံလောက်နဲ့ တွေ့ဆုံဆွေးနွေးရေး၊ ဒိုင်ယာလော့ခ်ဆိုပြီး အော်တတ်ကြတယ်။ “မုန့်ဆီကြော်ကဘယ်နေမှန်းမသိ နှုတ်ခမ်းနာနဲ့ တည့်ပ့ါမလား” ဆိုသလို ဒိုင်ယာလော့ခ်အတွက် conditions တွေပါချတတ်ကြတယ်။

Upsurge of mobilization အဆင့် ဖြစ်သွားပြန်ရင်လည်း ကြားဖြတ်အစိုးရဖွဲ့စည်းရေးလိုလို၊ ဒိုင်ယာလော့ခ်လုပ်ရေးလိုလို၊ သဲသဲကွဲကွဲမရှိကြပြန်ဘူး။ ဒိုင်ယာလော့ခ်ဆိုတာ ဘယ်လိုအခြေအနေ၊ ဘယ်လိုအဆင့်မှာ ခေါ်ရတယ်ဆိုတာလည်း နားမလည်ကြပြန်ဘူး။ Transition of procedural democracy အဆင့်မရောက်ဘဲနဲ့ ဒိုင်ယာလော့ခ်ဆိုတာခေါ်လို့မရဘူး။

တောင်အာဖရိကမှာ ဒိုင်ယာလော့ခ်အောင်မြင်ခဲ့တယ်ဆိုတာက ဒီဖြစ်စဉ်မှာ နိုင်ငံတကာစစ်မျက်နှာအားကောင်းမှုနဲ့ လူထုလှုပ်ရှားမှုကို မလွန်ဆန်နိုင်တော့ဘဲ incumbent de Kler အစိုးရက ကြားဖြတ်အိမ်စောင့်အစိုးရအနေနဲ့ Transition of procedural democracy အဆင့်ကို အရင်ကျော်ဖြတ်ခဲ့ပြီးမှ ဒိုင်ယာလော့ခ်နဲ့ power-sharing coalition အစိုးရ ဖြစ်လာတယ်။

နောက်မှ နိုင်ငံတော်အစိုးရကို ရွေးကောက်ပွဲနဲ့ရွေးချယ်တင်မြှောက်ခဲ့တာဖြစ်တယ်။ ဒီလိုမဟုတ်ဘဲ တချို့နိုင်ငံတွေကျတော့ အဆင့်တွေခုန်ခုန်ကျော်ပြီး အမြင့်ဆုံးအဆင့် ကြားဖြတ်အစိုးရ၊ အနိမ့်ဆုံး ဒိုင်ယာလော့ခ်စတဲ့ မဟာဗျူဟာမျိုးတွေ ရောထွေးချကြလေတော့ resistance အဆင့်ကတည်းက ဒိုင်ယာလော့ခ်အော်သူကအော်၊ upsurge of mobilization အဆင့်မှာ အော်သူကအော်ဖြစ်လာပါလေရော။

ဆိုးကျိုးကတော့ ကိုယ့်ဗျူဟာ ရန်သူ့ဗျူဟာပြန်ဖြစ်ပြီး Transition to procedural democracy အဆင့်ထိမရောက်ခင်မှာ ဒိုင်ယာလော့ခ်နဲ့လမ်းလွဲတာတွေ ခံရတော့တာပါဘဲ။ ဒီလို strategic failures တွေဟာ အာဏာရှင်တွေအတွက်တော့ အကောင်းဆုံးအသုံးချလက်နက်တွေပါဘဲ။ နိုင်ငံရေးကိစ္စရပ်တွေလို လူသန်းပေါင်းများစွာရဲ့ အနာဂါတ်ကံကြမ္မာကို ဖန်တီးပြောင်းလဲနိုင်တဲ့ မဟာဗျူဟာတွေအသာထားလို့ လူတယောက်ဘဝ အောင်မြင်တိုးတက်ရေးမှာတောင် အဆင့်ကျော် ဖြတ်လမ်းလိုက်လို့မရပါဘူး။

တက်နေချိန်မှာ မသိသာပေမယ့် ပြုတ်ကျတဲ့အချိန်မှာ တလိမ့်ခေါက်ကွေးနဲ့ ဘယ်လိုမှ ပြန်တည်ဆောက်လို့မရအောင် ပြုတ်ကျတတ်ပါတယ်။ ဒါကြောင့် အခြေခံအုတ်မြစ်တည်ဆောက်မှုဟာ အရမ်းကိုအရေးကြီးပါတယ်။ ဒီလိုနဲ့ Transition to procedural democracy အဆင့်မှာ ကြားဖြတ်အစိုးရတွေလည်း ပေါ်ပေါက်ပြီး အမျိုးသားရင်ကြားစေ့ရေးတွေ၊ တွေ့ဆုံဆွေးနွေးပွဲတွေ ပေါ်ပေါက်လာပြီးတဲ့အခါကျတော့ နောက်တဆင့်ဖြစ်တဲ့ democratic consolidation အဆင့်ကို တက်လှမ်းရပါတော့တယ်။

ဒီအဆင့်အောင်မြင်ဘို့ဆိုတာကလည်း လူထုလူတန်းစားအားလုံးရဲ့ တန်းတူရည်တူအခွင့်အရေးတွေကို အာမခံချက်ပေးနိုင်မယ့် ပြည်သူ့ဒီမိုကရေစီကို စွဲစွဲမြဲမြဲယုံကြည်လက်ခံသူတွေ ပေါ်ပေါက်လာမှဖြစ်နိုင်ပါတယ်။ လူဆိုတာကလည်း လောဘ၊ မောဟတွေနဲ့မကင်းနိုင်ပါဘူး။ ရာထူး၊ အာဏာ၊ ဂုဏ်သိက္ခာတွေကို သိပ်မြတ်နိုးတတ်ကြပါတယ်။

ရှေ့တပတ်ဆက်လက်ဖော်ပြပါမည်

# ကိုးကန့်အဖွဲ့နှင့် နအဖတပ် တိုက်ပွဲ ပြီးဆုံးသွားပြီဟု နအဖသတင်းစာကရေးသား

**DVB၊ ဩဂုတ် ၃၁။** ။ မြန်မာနိုင်ငံအရှေ့မြောက်ဒေသ ကိုးကန့်နယ်မြေမှာဖြစ်ပွားခဲ့တဲ့ လက်နက်ကိုင်တိုက်ပွဲတွေ ပြီးဆုံးသွားပြီလို့ စစ်အုပ်စုပိုင်မီဒီယာတွေက ဒီနေ့ဖော်ပြလိုက်ပါတယ်။

ဒါဟာ သီတင်းတပတ်ကြာ တိုက်ပွဲဖြစ်စဉ်အပေါ် စစ်အုပ်စုဘက်က ပထမဆုံးအကြိမ် ထုတ်ပြန်ချက်ဖြစ်ပါတယ်။ တိုက်ပွဲအတွင်း စစ်အုပ်စုတပ် ဘက်က ၂၆ ဒေသတခုလုံးကို တပ်မတော်နဲ့ ပယ်စောင်ချိန်အဖွဲ့က လုံးဝထိန်းချုပ်ထားလိုက်ပြီလို့ မြန်မာ့အလင်းသတင်းစာက ဆိုပါတယ်။ ဒီကိစ္စဟာ ကိုးကန့်တပ်ဖွဲ့ဝင် အားလုံးနဲ့မဆိုင်ဘဲ လက်နက်မှောင်ခို၊ မူးယစ်မှောင်ခိုလုပ်တဲ့ ဥက္ကဋ္ဌဖုန်ကျားရှင်နဲ့ သူ့ဆွေမျိုး ၃ ဦးသာဆိုင်ပြီး အဲဒီ ၄ ဦး သူတို့ဆီ လာအဖမ်းခံရင် ကိစ္စအားလုံးပြေလည်သွားမှာဖြစ်လို့ ကိုးကန့်တပ်ဖွဲ့ဝင်တွေအားလုံး လုံခြုံစိတ်ချစွာနဲ့ လောက်ကိုင်မြို့ကို ပြန်လာနိုင်ကြောင်း၊ တရုတ်ဘက် ရောက်နေတဲ့ ဒုက္ခသည်တွေလည်း ပြန်လာနေကြပြီလို့ ပယ်စောင်ချိန်ရဲ့ကြေညာချက်နဲ့ နအဖကြေညာချက်တွေကို ကိုးကားပြီး မြန်မာ့အလင်းသတင်းစာမှာ ဖော်ပြထားပါတယ်။

နအဖနဲ့ အာဏာသိမ်းအဖွဲ့တွေက ဒီလိုပြောနေပေမယ့် အခုလက်နက်ကိုင် ပဋိပက္ခမှာ အဓိကနေရာက ပါဝင်နေတဲ့ ဥက္ကဋ္ဌဖုန်ကျားရှင်နဲ့ အဖွဲ့ဆီက ဘာသံမှ မကြားရသေးပါဘူး။ ဖုန်ကျားရှင်တို့နဲ့ နီးစပ်တဲ့ တရုတ်နယ်စပ်ရှိ စစ်ရေးအကဲခတ် ဦးအောင်ကျော်ဇောက တိုက်ပွဲအခြေအနေနဲ့ပတ်သက်ပြီး ပြောပါတယ်။

"ပြောက်ကျားတပ်ဖွဲ့ ချန်ထားခဲ့တယ်ဆိုတော့ ပြီးပြီ မပြီးဘူးလို့ ပြောရခက်တယ်။ သေနတ်သံ မြည်သေးရင် တိုက်ပွဲဆက်ဖြစ်နေဦးမှာပဲ။ ဒါလည်း ယာယီပဲဖြစ်မယ်လို့ ထင်တယ်။ ဗမာစစ်တပ်က မြေကွက်လပ် ၁ သိန်း ကီလိုမီတာ ပတ်လည်ရှိတဲ့ ဧရိယာထဲကို တပ်ရင်းတွေ အများကြီးဖြည့်ထားတယ်။"

နအဖတပ်တွေရဲ့ လူထုကို ဆန့်ကျင်တဲ့ လုပ်ရပ်တွေ၊ အထူးသဖြင့် တပ်မ ၃၃ ရဲ့ ရမ်းကားမှုတွေ၊ ပစ္စည်းဥစ္စာတွေ ယူငင်ဖျက်ဆီးမှုတွေကြောင့် ကိုးကန့်မှာရှိတဲ့ တရုတ်တွေ တရုတ်ပြည်ထဲ ထွက်ပြေးခဲ့ကြရတယ်လို့လည်း ဦးအောင်ကျော်ဇောက ပြောပါတယ်။

"တရုတ်ပြည်အစိုးရကပြောတဲ့ တရုတ်နိုင်ငံကို ရောက်ရှိနေတဲ့ တရုတ်အမျိုးသားတွေရဲ့ အသက်အန္တရာယ်နဲ့ ဥစ္စာနေလုံခြုံရေးဆိုတဲ့စကားက ရေထဲမြောသွားတာပဲ။"

နအဖစစ်သားတွေဟာ အိမ်တွေဖျက်ဆီး၊ ပစ္စည်းတွေလုယူ၊ အထူးသဖြင့် တရုတ်နိုင်ငံသားတွေပိုင်တဲ့ ဈေးဆိုင်တွေဖျက်ဆီးပြီး တရုတ် ဆန့်ကျင်ရေးပုံစံလုပ်နေတာလို့ ကိုးကန့်နယ်မြေက ဆေးရုံမှာ တာဝန်ယူရင်း ထွက်ပြေးလာသူ တရုတ်နိုင်ငံသား ဆရာဝန်ယောင်ဖူးက အေအက်ပီ သတင်းဌာနကိုပြောပါတယ်။ ထွက်ပြေးလာတဲ့ ကိုးကန့် ဒုက္ခသည်တွေအထဲက အသက် ၄၆ နှစ်အရွယ်ရှိ ဒုက္ခသည် တဦးကလည်း ကျနော်တို့ကို တရုတ်မှန်းသိတာနဲ့ မြန်မာစစ်သားတွေက ပြဿနာရှာတိုက်ခိုက်တာပဲလို့ အေအက်ဖ်ပီသတင်းထောက်ကို ပြောကြားခဲ့ပါတယ်။ ဒုက္ခသည်တွေ နေရပ်ပြန်ရေး နောက်ဆုံးအခြေအနေနဲ့ပတ်သက်ပြီး တော့လည်း ဦးအောင်ကျော်ဇောက ပြောပါတယ်။

"ဒီနေ့ နန်စမ်းဒုက္ခသည်စခန်းက လူတွေနဲ့ အဆက်အသွယ်ရပါတယ်။ သူပြောတာကတော့ သက်ဆိုင်ရာ ဒေသခံတာဝန်ခံက ဗမာပြည်အခြေအနေ နည်းနည်းငြိမ်းချမ်းသွားပြီ၊ ပြန်ချင်တဲ့သူ ပြန်ကြပါလို့ပြောသလို၊ အဲ့ဒီကနေ မှန်ပြောင်းနဲ့ကြည့်ပြီး အထဲမှာ လုယက်တာမြင်နေတဲ့ သက်ဆိုင်ရာတပ်ဖွဲ့က လူတွေကလည်း အထဲမှာမတည်ငြိမ်သေးဘူးလို့ ပြောတယ်။ လူ ၅၀၀ လောက်ပါလာတဲ့ ရွာတရွာက လူတွေက လူ ၅ ယောက်လောက် သူ့ရဲကောင်းလုပ်ခိုင်းပြီး ရွာကို ခဏပြန်ကြည့်ခိုင်းတယ်။ ပြောသလို တကယ်တည်ငြိမ်ပြီဆိုရင် ပြန်ကြမှာပါ။ ကိုယ့်အိမ် ကိုယ့်အရပ်မှ မဟုတ်တာ။"

ဖုန်ကျားရှင်နဲ့အဖွဲ့ လက်ရှိဘယ်မှာရှိနေသလဲ၊ စစ်ရေးပြင်ဆင်မှု ဘယ်လိုရှိသလဲဆိုတာနဲ့ပတ်သက်ပြီးတော့ အတိအကျဖြေကြားဖို့ငြင်းဆန်ပြီး ဖုန်ကျားရှင် တရုတ်နိုင်ငံထဲ ထွက်မပြေးတာသေချာကြောင်းနဲ့ မြန်မာနိုင်ငံထဲက တနေရာမှာရှိနေပြီး ပျောက်ကျားတပ်တွေကို ညွှန်ကြားနေဆဲလို့ ဦးအောင်ကျော်ဇောက ပြောပါတယ်။ နအဖသတင်းစာက ပြောတဲ့အတိုင်း ဖုန်ကျားရှင်နဲ့ ၄ ဦး စွဲချက်တွေကို လာရောက်ရင်ဆိုင်ရင် ဒီပြဿနာ ပြေလည်သွားနိုင်မလားဆိုတာနဲ့ပတ်သက်ပြီး ဦးအောင်ကျော်ဇောက ပြောပါတယ်။

"ကျနော်သိတာက ကိုးကန့်ဒေသမှာ လက်နက်ထောင်ပေါင်းများစွာရှိတာမှ လက်နက်ရုံတရုံတော့ ရှိဖို့လိုတာပဲ။ လက်နက်ပြင်ရုံလို့တော့ ထင်တယ်။ ကိုယ်တိုင်သွားမကြည့်ရတော့ မသိဘူး။ ကျနော်ပြောရဲတာက ငြိမ်းချမ်းရေး အဖွဲ့အစည်းရဲ့ခေါင်းဆောင်တွေဟာ သူတို့တဦးချင်းရဲ့ အကျိုးစီးပွားအတွက် သော်လည်းကောင်း၊ အဖွဲ့အစည်းအကျိုးစီးပွားအတွက် လုပ်ဆောင်နိုင်ခဲ့တဲ့ နှစ် ၂၀ အတွင်းမှာ ပယ်စောင်ချိန်အပါအဝင် ဒီနေ့လက်ရှိအခြားအဖွဲ့အစည်းရဲ့ ခေါင်းဆောင်တချို့ပါ ဗမာပြည်တရားဥပဒေနဲ့ ငြိစွန်းတဲ့ အမှုပေါင်းများစွာရှိပါတယ်။ ယနေ့ အခြေအနေမျိုးမှာတော့ ဖုန်ကျားရှင်ရော၊ ဖုန်ကျားဖူးရော သွားမှာ မဟုတ်ဘူး။"

၁၉၉၅ က ကိုးကန့်အဖွဲ့အတွင်း ဖြစ်ပွားခဲ့တဲ့ အာဏာသိမ်းမှုအပြီး မိုးကိုးဒေသကို အုပ်ချုပ်ခွင့်ရခဲ့တဲ့ ကိုးကန့်ခေါင်းဆောင်တွေက မုန်စလနဲ့ လီနီမင်တို့ ဖြစ်ပါတယ်။ နောက်ပိုင်းမှာတော့ သူတို့ ၂ ဦး အကြား သဘောထားကွဲလွဲမှု ထပ်ဖြစ်ပြီး မုန်စလကို လားရှိုးမြို့ကို ခေါ်ယူပြီး ရမခတိုင်းမှူးက သတ်ပစ်လိုက်တယ်လို့ဆိုပါတယ်။ လီနီမင်ကိုတော့ မိုးကိုးအာဏာသိမ်းမှုအတွင်း ဝင်ရောက်ဖြန်ဖြေခဲ့တဲ့ ရမခတိုင်းတပ်တွေက အရှင်ဖမ်းပြီး ပစ်သတ်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဖုန်ကျားရှင်နဲ့အဖွဲ့ လားရှိုးကိုလာမှာမဟုတ်ဘူးလို့ ဦးအောင်ကျော်ဇောက ပြောတာပါ။

# သံဃာများ သပိတ်ကော်မတီဖွဲ့စည်း

**DVB၊ ဩဂုတ် ၃၁။** ။ အာရှနိုင်ငံ ငါးနိုင်ငံက သံဃာတော်တွေ စုစည်းပြီး သပိတ်ကော်မတီကို ဖွဲ့စည်းလိုက်ကြပါတယ်။

ထိုင်း၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာနဲ့အိန္ဒိယနိုင်ငံရောက် သံဃာတော်တွေ အစည်းအဝေးကနေ သပိတ်ကော်မတီကို ဖွဲ့စည်းတာလို့ အစည်းအဝေးတက်ရောက်တဲ့ သာသနာ့ဥသျှောင် (ဘင်္ဂလားဒေ့ရှ်) အတွင်းရေးမှူးဦးရက္ခဝံသက မိန့်ကြားပါတယ်။ မနေ့က အစည်းအဝေးကနေ ဆုံးဖြတ်ချက် ငါးရပ်ချမှတ်ခဲ့တယ်လို့ အဆိုပါသံဃာက မိန့်ကြားပါတယ်။

"သီတင်းကျွတ် လပြည့်နေ့ မြန်မာနိုင်ငံထဲမှာ တတိယအကြိမ် သံဃာ့ပတ္တနိက္ကုဇ္ဇနကံဆောင်မယ်။ ကံဆောင်တဲ့နေရာမှာ ဦးဇင်းတို့အနေနဲ့ပြည်ပမှာရှိတဲ့သံဃာများ သပိတ်ကော်မတီဖွဲ့ပြီးတော့ ပြည်တွင်းမှာ သံဃာ့တပ်ဦးလည်း ဖွဲ့မယ်။ အဲ့ဒီသံဃာ့တပ်ဦးတွေကနေ ဦးဇင်းတို့ပူးပေါင်းပြီး ဆောင်ရမယ်ဆိုပြီး အစည်းအဝေးလုပ်ကြတာပါပဲ။"

ကျန်ဆုံးဖြတ်ချက်တွေကတော့ ပြည်တွင်းမှာ ဖွဲ့စည်းလှုပ်ရှားမယ့် သံဃာ့တပ်ဦးတွေနဲ့ သပိတ်ကော်မတီနဲ့ ပူးပေါင်းဆောင်ရွက်မှာဖြစ်ပြီး ပြည်တွင်းလှုပ်ရှားတဲ့ သံဃာတွေအတွက် သပိတ်ကော်မတီက ဘဏ္ဍာငွေရှာဖွေပေးမှာဖြစ်သလို၊ ပြည်တွင်းသံဃာထုအကြားမှာ သံဃာ့တပ်ဦးအဖွဲ့တွေ တိုးချဲ့ဖွဲ့စည်းကာ ကျောင်းသား၊ ပြည်သူတွေနဲ့ပူးပေါင်းဆောင်ရွက်ရေးနဲ့ အစိုးရပြုတ်ကျတဲ့အထိ ဆောင်ရွက်ရေးစတာတွေ ပါဝင်တယ်လို့ ဦးပဥ္ဇင်း ဦးရက္ခဝံသက မိန့်ကြားပါတယ်။

မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီးက စစ်အုပ်စုထံကနေ အချက် ၃ ချက် တောင်းဆိုထားပြီး အဲဒီ ၃ ချက်ကတော့ ၂၀၀၇ ခုနှစ်က ပခုက္ကူ သံဃာတွေအပေါ် အကြမ်းဖက်မှုကို တောင်းပန်ဖို့၊ ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးမှာ ဖမ်းဆီးထောင်ချထားတဲ့ သံဃာတွေကို ပြန်လွှတ်ဖို့နဲ့ နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးဖို့တို့ဖြစ်ပါတယ်။ စစ်အုပ်စုက မလိုက်လျောရင် တတိယအကြိမ်မြောက် သံဃပတ္တနိက္ကုဇ္ဇနကံဆောင်မယ်လို့ ကြေညာထားပါတယ်။

ဒို့တိုင်းပြည် THE SAD PLIGHT OF MYANMAR
www.faxtoon.com NO. 448 Aug 19, 2009



# နအဖထိုးစစ်သည် ၂၀၁၀ ရွေးကောက်ပွဲနဲ့ အနာဂတ် ငြိမ်းချမ်းရေးစိုးရိမ်ရဖွယ်

**DVB ၊ ဩဂုတ် ၃၀ ။** ။ မြန်မာနိုင်ငံအရှေ့မြောက်ဒေသ တရုတ်–မြန်မာ နယ်စပ်ရှိ ကိုးကန့်နယ်မြေမှာ တိုက်ပွဲတွေ ပြင်းပြင်းထန်ထန်ဖြစ်နေပြီး ဒေသခံ အများအပြား တရုတ်နိုင်ငံဘက် ထွက်ပြေးနေရပါတယ်။

ဒီတိုက်ပွဲတွေမှာ ကိုးကန့်နဲ့ မဟာမိတ်ဖွဲ့ထားတဲ့ ဝ၊ မိုင်းလားနဲ့ တခြား ငြိမ်းအဖွဲ့တွေပါ စစ်ပွဲထဲ ပါလာနိုင်တာကြောင့် အခြေအနေတွေ ပိုမိုရှုပ်ထွေးပြီး ၂၀၁၀ ရွေးကောက်ပွဲနဲ့ အနာဂတ် ပြည်ထောင်စု တည်ဆောက်ရေးကိုပါ ထိခိုက် လာနိုင်တယ်လို့ အကဲခတ်တချို့က ဝေဖန်ပါတယ်။ ၁၉၈၉ မတ် ၂၁ ရက်နေ့၊ ဗမာပြည်ကွန်မြူနစ်ပါတီကနေ တိုင်းရင်းသားလက်နက်ကိုင်တွေခွဲထွက်ပြီး၊စ၊ ၁၉၉၀ ရွေးကောက်ပွဲအတွက် ပြင်ဆင်ချိန်ကာလမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ တဖွဲ့ဖြစ်တဲ့ ကိုးကန့်အဖွဲ့နဲ့ ဆွေးနွေးဖြစ်ခဲ့ပုံ၊ ဆွေးနွေးမှုရဲ့ ၂ ဖက် သဘောတူညီ ချက်တွေနဲ့ ပတ်သက်ပြီး စစ်ထောက်လှမ်းရေး အရာရှိဟောင်းဗိုလ်မှူးအောင်လင်း ထွတ်က ပြောပါတယ်။

“ဗမာပြည်ကွန်မြူနစ်ပါတီကနေ ခွဲထွက်လိုက်တယ်။ ကိုးကန့်ခေါင်း ဆောင် လော်စစ်ဟန်က ကျနော်တို့ တပ်မတော်ထောက်လှမ်းရေးကို လာပြီး ဆက်သွယ်ပါတယ်။ ဗိုလ်ချုပ်ကြီးခင်ညွန့်ကတဆင့် ဗိုလ်ချုပ်ကြီးစောမောင်ကို တင်ပြတယ်။ တင်ပြပြီးတော့မှ ကိုးကန့်အဖွဲ့က ဦးဖုန်ကျားရှင်၊ ဦးဖုန်ကျားပု၊ ရန်မိုးလျှန်၊ ရန်မိုးအန်းတို့နဲ့စပြီး တွေ့တယ်၊ ကျနော်တို့ ပေါ်လစီက ခေတ်အဆက် ဆက်မှာ တိုင်းရင်းသားတွေနဲ့ထားတဲ့ သဘောထားက လက်နက်ချရေးမှုဆိုတဲ့ သဘောထားမှုကို ထားတဲ့အတွက်ကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး မအောင်မြင်ခဲ့ဘူးလို့ အဲဒီတုန်းက ဗိုလ်ချုပ်ကြီးစောမောင်နဲ့ ဗိုလ်ချုပ်ကြီးခင်ညွန့် တို့က သုံးသပ်ပါတယ်။ အဲ့ဒီတုန်းက ဗိုလ်ချုပ်ကြီးသန်းရွှေက ဒုချုပ်ပေါ့ဗျာ သူနဲ့ မဆိုင်သလိုနေတာ။ ဆွေးနွေးတဲ့အခါမှာ နံပါတ် ၁ က အရင်ဆုံး တပ်နေရာချ ထားမှုပေါ့။ ကိုးကန့်ဆိုရင် တရုတ်နယ်စပ်ကနေ လောက်ကိုင်၊ ကုန်းကြမ်းစတဲ့ ကိုးကန့်ဒေသ ဖွံ့ဖြိုးရေးအတွက် အစိုးရကလည်း တတ်နိုင်သမျှကူညီမယ်။ သူ တို့အဖွဲ့တွေအနေနဲ့လည်း စီးပွားရေးလုပ်ငန်းလုပ်ကိုင်ဖို့ပြည်မကိုလာကြပါပေါ့။ အဲ့ဒီအချိန်မှာ ကိုးကန့်ခေါင်းဆောင်တွေက နိုင်ငံရေးကိစ္စတွေ ဆွေးနွေးချင်တယ် လို့ပြောခဲ့တာရှိပါတယ်။”

“အဲ့ဒီအချိန်တုန်းက ဗိုလ်ချုပ်ကြီးစောမောင်၊ ဗိုလ်ချုပ်ကြီးသန်းရွှေ၊ ဗိုလ် ချုပ်ကြီးခင်ညွန့် အပါအဝင် ဒီလူတွေက ကျနော်တို့ တပ်မတော်က ကျနော်တို့ တရားဝင်တဲ့ အစိုးရမဟုတ်တဲ့အတွက် ခင်ဗျားတို့ကိုးကန့်နယ်မြေတို့၊ နိုင်ငံ ရေးကိစ္စတွေကို ကျနော်တို့အနေနဲ့လုပ်ပိုင်ခွင့်မရှိဘူး၊ သတ်မှတ်ပိုင်ခွင့်မရှိဘူး၊ ဒါကြောင့်မို့လို့ ဒီနိုင်ငံရေးကိစ္စတွေကိုတော့ နောင်တချိန်ပေါ့လေ တရားဝင်အစိုးရ သစ်တရပ်ပေါ်လာတဲ့အချိန်ခါမှာမှ ဆွေးနွေးပါ’ လို့ပြောခဲ့တယ်။ လက်နက်ကိုင်တဲ့ ကိစ္စနဲ့ပတ်သက်ပြီးတော့လည်း လက်နက်အပ်ရမယ်၊ ပြည်သူ့စစ်လုပ်ရမယ်ဆိုတဲ့ ကတိကဝတ်တွေ လုံးဝမရှိခဲ့ပါဘူး။”

နအဖ စစ်အုပ်စုဟာ ငြိမ်းအဖွဲ့တွေကို အပြတ်ရှင်းဖို့ စစ်ဆင်ရေးစီမံကိန်း ရေးဆွဲထားတာမျိုးလားဆိုတာနဲ့ပတ်သက်ပြီး အမျိုးသားညီလာခံကို ကန့်ကွက် ပြီး ၂၀၀၇ ဇူလိုင်မှာ တောပြန်ခိုလာတဲ့ ရလလဖ (ခေါ်) ရှမ်းပြည်လူမျိုးပေါင်းစုံ လွတ်မြောက်ရေးငြိမ်းအဖွဲ့က ဗိုလ်မှူးကြီးခွန်သူရိန်က ပြောပါတယ်။

“ကိုးကန့်မှာဖြစ်တဲ့ ပြဿနာကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာပါတဲ့ အချက်တွေနဲ့အများကြီးဆိုင်ပါတယ်။ တိုင်းပြည်တခုမှာ တပ်မတော်တခုတည်း ရှိရမယ်ဆိုတဲ့ မူပေါ့။ အဲဒီဟာနဲ့ပဲ သူတို့ ဒီလိုလုပ်တာပဲလို့ ကျနော်တို့မြင်တယ်။ ကျနော်တို့က အထွက်နည်းနည်းစောသွားတယ်။ နောင်တချိန် ဒီလိုမျိုးဖြစ်လိမ့် မယ်ဆိုတာလည်း ကျနော်တို့တွက်ထားပါတယ်။ ကိုးကန့်အဖွဲ့က အင်အားကြီး တော့ တောင့်ခံနိုင်တယ်။ ဒီတော့ သူတို့ နဖူးတွေ့ ဒူးတွေ့ အခြေအနေတော့ ရောက် လာတာပေါ့။“

”ကျနော်တို့တုန်းကတော့ အဖွဲ့အစည်းတခုမှာရှိနေတဲ့ အက်ကြောင်းကို ကြည့်ပြီးတော့ လိုက်နင်းတာပဲ။ ကျနော်တို့ခေါင်းဆောင်ကို အတွေးအခေါ်အ ရကိုင်လိုက်တော့ ခေါင်းဆောင်ကလည်း သူတို့ဘက် လုံးဝယိမ်းသွားတယ်။ အ တွေးအခေါ်အရ လက်နက်ချတဲ့နည်းပေါ့။ နအဖအနေနဲ့အတွေးအခေါ်အရ လက် နက်ချတာကိုလည်း အန္တရာယ်မကင်းသေးဘူး။ လက်နက်ပါဖြုတ်သိမ်းရမယ် ဆိုတဲ့ပုံစံနဲ့ ဖြည်းဖြည်းချင်းဖြုတ်သိမ်းတဲ့ အစီအစဉ်ကို ရေးဆွဲလိုက်တာပဲ။”

Voice of Burma

1-507, Horifune Jutaku
Horifune 2-27-1
Kita Ku, Tokyo
Japan. 114 - 0004

Tel/Fax: 81 3-6323-5114
E-mail: sayarkway@yahoo.com
koko@gol.com

၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

To

AIR MAIL

PRINTED MATTER